

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

# Environmental Conservation and Forestry Journal

၂၀၁၅ ခုနှစ်၊ ဧပြီလ

## နဝမမြောက် ရတနာဆင်ဖြူတော်နေပြည်တော်သို့ ရောက်ရှိခြင်း



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၆-၄-၂၀၁၅)ရက်နေ့ နံနက်(၇း၃၀)နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေသို့ ရောက်ရှိလာသော ရတနာဆင်ဖြူတော်အား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းကြိုဆိုစဉ် ။

စာမျက်နှာ - ၄ သို့

တောမြိုင်ရဂုံ ၊ ဇီဝစုံ၏ ။ တောတောင်တင့်တယ်၊ စားကျက်ကြွယ်၏။

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်း

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပေါ် အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံ စားဝတ်နေရေးပြေရှင်းရာတွင် အထောက် အကူဖြစ်စေရန်အတွက် ဒေသခံပြည်သူသစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ခုနှစ်က ထုတ်ပြန်ကြေညာခဲ့ပြီး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပြည်သူလူထု၏စားဝတ်နေရေး၊လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောနယ်မြေအတွင်း နှစ်ကာလအတိုင်းအတာ တစ်ခုအထိ တရားမဝင်ကျူးကျော် အခြေချ နေထိုင်သည့် အိမ်ခြေ(၅၀)နှင့် အထက် ပြည်ထဲရေးအမည်ပေါက်ကျေးရွာပေါင်း(၁၁၈၄)ရွာအတွက် ရွာမြေ၊လယ်မြေနှင့် အများပိုင်/သာသနာပိုင်နယ်မြေများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးခဲ့ပြီး၊ ယာမြေဧက(၈)သိန်းကျော်ကို သီးနှံသစ်တောရောနှောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအဖြစ် ဆက်လက်လုပ်ကိုင်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဟူသည် ဒေသခံပြည်သူများကိုယ်တိုင် ကိုယ်ကျပါဝင်ပတ်သက်သည့် ထင်းနှင့်အခြားသစ်တောထွက်ပစ္စည်းများ မလုံလောက်သည့် ဒေသများတွင် သစ်တောအုပ်များ ထူထောင်ခြင်းနှင့် အစားအစာ၊ လူသုံးပစ္စည်းနှင့် ဝင်ငွေရရှိစေရန် လယ်ယာအဆင့်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထွက်ပစ္စည်းအသုံးချခြင်းကဲ့သို့ သစ်တောလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

၁၉၉၅ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းညွှန်ကြားချက် အပိုဒ်(၁၅)တွင် "ခရိုင်သစ်တောအရာရှိသည် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အတည်ပြုပြီးနောက် အသုံးပြုသူများအဖွဲ့သို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့် လက်မှတ်ထုတ်ပေးရမည်" ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်တွင် ဖေါ်ပြပါရှိသည့် "......အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထုတ်ပေးခြင်းဖြစ်ပါသည်" ဟူသော စကားရပ်များအရ အဆိုပါအုပ်ချုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိမှသာ တရားဝင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့သို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် တရားဝင်ခွင့်ရရှိသည့်အဆင့်အား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ပြီးဖြစ်သည်ဟု သတ်မှတ်သင့်သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတိုးတက်မှု သုံးသပ်ရာတွင် အသုံးပြုသူများ အဖွဲ့ဖွဲ့စည်းခြင်း၊ စီမံအုပ်ချုပ်မှုကော်မတီဖွဲ့စည်းခြင်း၊ မြို့နယ်မှ ခရိုင်သို့လျှောက်ထားခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ တည်ထောင်ခွင့် လက်မှတ် ထုတ်ပေးခြင်း၊ နယ်နိမိတ်အမှတ်အသားပြုလုပ်ခြင်း စသည့်အချက်(၇)ချက်ဖြင့် စိစစ်သုံးသပ် ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်း တိုးတက်မှုများကို လေ့လာသုံးသပ်ခဲ့ရာ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်မှ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ သစ်တောလုပ်ငန်းအဖွဲ့(CF Unit)ဖွဲ့စည်းပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယခင်ဆောင်ရွက်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ လက်ရှိ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းများအတွက် အားနည်းချက်နှင့်လိုအပ်ချက်များကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် သစ်တောနယ်မြေများ ကာကွယ်ထိန်းသိမ်းရာတွင် ဒေသခံပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် သစ်တောထိန်းသိမ်းကာကွယ်ခြင်းကို သစ်တောဦးစီးဌာနဝန်ထမ်းများသာမက ဒေသခံပြည်သူများပါ နားလည်သဘောပေါက်ရန် အရေးကြီးပြီး တွေ့ရှိရသော သင်ခန်းစာများကို အခြေခံ၍ နောင်ဘဏ္ဍာနှစ်များတွင်လည်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒို့တာဝန်အရေး (၃) ပါး

- ❑ ပြည်ထောင်စုမပြိုကွဲရေး — တို့အရေး
- ❑ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — တို့အရေး
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — တို့အရေး

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

**ရေ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။**

(၂) ထာဝစဉ်တည်တံ့စေခြင်း

**သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း

**ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးရမည်။**

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။**

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

**သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။**

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်စေခြင်း

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။**

# မာတိကာ


**မျက်နှာဖုံး**

- နဝမမြောက် ရတနာဆင်ဖြူတော် နေပြည်တော်သို့ ရောက်ရှိခြင်း ၁-၄

**ခေါင်းကြီး**

- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်း ၂

**သတင်းများကဏ္ဍ**

- သစ်တောသတင်း၊ သစ်ဖမ်းဆီးခြင်းသတင်း ၄-၁၁

**ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆောင်းပါး**

- ၂၀၁၁-၂၀၂၀ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဆယ်စုနှစ် ၂၀-၂၁

**သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး**

- ဥတုရာသီ တောကိုမှီ ၁၂-၁၄
- ဟိုအချိန်က ပုပ္ပါးတောင်ဥယျာဉ်ဆီက(၃)(သို့) သကြိန်ကာလ တောမီးထသောအခါ ၁၈-၁၉၊၂၁
- ကျွန်းတော်နဲ့မြန်မာပိတောက် ၃၆-၃၇

**ဝန်းကျင်သားငှက် ကဏ္ဍ**

- ငဝန်သစ်တောကြိုးဝိုင်းအတွင်း ဇီဝမျိုးစုံမျိုးကွဲများအား သုတေသနပြု ကွင်းဆင်းဆောင်ရွက်ခြင်း ၂၈-၂၉
- အလှမွေးငါး (နောက်ကျောဖုံးမှအဆက်) ၃၀-၃၁
- လန်ပိအင္ဂါဝါအမျိုးသားဥယျာဉ်၌ ငှက်မျိုးစိတ်နှင့် နို့တိုက်သတ္တဝါမျိုးစိတ်များဆန်းစစ်လေ့လာခြင်း၊ အင်းတော်ကြီး၊ ပိတောင်၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်များအတွင်း အသိပညာပေး ဟောပြောပွဲများကျင်းပခြင်း ၃၂

**ဓာတ်ပုံသတင်းကဏ္ဍ**

- သတင်းမှတ်တမ်းဓာတ်ပုံများ/ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ဆုရဓာတ်ပုံများ ၂၅-၂၇

**ကာတွန်း / ကဗျာကဏ္ဍ**

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာများ ၂၃-၂၄

**သိမှတ်ဖွယ်ရာများ ဆောင်းပါး**

- ဒုတိယအကြိမ် ဆင်ဖြူတော်၏ခရီး (၁) ၁၅-၁၇
- ရောဝတီတိုင်းအတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောများသို့ ကွင်းဆင်းလေ့လာသည့်ခရီးစဉ်မှတ်တမ်း(၅) ၃၃-၃၅
- အမြန်လမ်းပေါ်မှ တစ်ညတာ ၃၈-၄၂

**အင်တာနက်ကဏ္ဍ**

- အင်တာနက်မှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းများ ၄၃-၄၆

**အင်္ဂလိပ် ကဏ္ဍ**

- REDD-Plus INFORMATION-20 ၄၇-၅၀

**မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ**

- MTE တင်ဒါဈေးနှုန်း ၅၀

**နောက်ကျောဖုံး**

- အလှမွေးငါး ၅၂


## စာတည်းအဖွဲ့


**စာတည်းချုပ်နှင့် ထုတ်ဝေသူ**
ဦးကျော်လွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**
ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးထွန်းညွန့်လှိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးမောင်မောင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ညီညီဖြိုး | တောအုပ်ကြီး |
| မျိုးမင်းသိန်း | တောအုပ်ကြီး |
| မေခင်မြင့် | တောအုပ်ကြီး |

**ပုံနှိပ်သူ**
ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၃၃ ၊ (Fax) ၀၆၇-၄၀၅၃၃၄
fdextension39@ gmail.com

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ခုနှစ်၊ မတ်လ(၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

**ရည်ရွယ်ချက်များ**

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စပြုနေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

## သတင်းများကဏ္ဍ

မျက်နှာဖုံးမှအဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နဝမမြောက် ရတနာဆင်ဖြူတော်အား နေပြည်တော်ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်ဝတ္တုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်သို့ ကြိုဆိုခြင်းမင်္ဂလာအခမ်းအနားနှင့် မင်္ဂလာဆင်ယင်ခြင်းအခမ်းအနားများကို (၆-၄-၂၀၁၅)ရက် နံနက် (၇း၃၀)နာရီအချိန်တွင် ဥပ္ပါတသန္တိစေတီတော်ဝတ္တုကံမြေအတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ရတနာဆင်ဖြူတော်ကို ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းကြိုဆိုသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံများတက်ရောက်ကြိုဆိုကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်သည် ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်လိုဏ်တော်အတွင်း သီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ပုံတူပွား ဗုဒ္ဓမြတ်စွယ်တော်ကို လက်ယာရစ်လှည့်လည်ပူဇော်သည်။

ဆက်လက်၍ရတနာဆင်ဖြူတော်အား အနန္တရာယိကမင်္ဂလာ(အန္တရာယ်ကင်းမင်္ဂလာ)၊ ဂေဟပဝေသနမင်္ဂလာ(အဆောင်တော်သွင်းမင်္ဂလာ)၊ ဘတ္တဘုဉ္ဇနမင်္ဂလာ(အစာကျွေးခြင်းမင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ(နေလပြမင်္ဂလာ)၊ နာမကရဏမင်္ဂလာ(ဘွဲ့နာမအမည်တော်ပေးမင်္ဂလာ)၊ ပဏ္ဏာကာရပရိသိဋ္ဌဒါနမင်္ဂလာ (ရတနာဆင်ဖြူတော်အား လက်ဆောင်လက်ဖွဲ့ပေးခြင်းမင်္ဂလာ) စသည်တို့ကို ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္တုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ထားရှိသည့် ဆင်ဖြူတော်များကို အသင့်စီစဉ်ထားသည့် အစာအာဟာရများ ကျွေးမွေးခဲ့သည်။



ယခု ရတနာဆင်ဖြူတော် "သီရိမာလာ" သည် နဝမမြောက်တွေ့ရှိသော ဆင်ဖြူတော်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ သလပ်ခွါကြိုးဝိုင်း၊ အကွက်အမှတ် (၈)၊ သစ်ပုတ်ချောင်းဖျားတွင် (၂၇-၂-၂၀၁၅)ရက်နေ့ နံနက်(၁၁း၁၅)နာရီ၌ ပေါ်ထွန်းခဲ့ပြီး၊ ကြန်အင်လက္ခဏာမှာ အသားရောင်-ပန်းနုရောင်၊ အသက်ခုနှစ်နှစ်ခန့်ရှိကြောင်းနှင့် အရပ်အမြင့်ခြောက်ပေ သုံးလက်မ(ခန့်မှန်း)၊ ကိုယ်လုံး ပတ် ၈ပေ ၈လက်မ(ခန့်မှန်း)၊ ကျောကုန်းမှာ ငှက်ပျောကိုင်း၊ နားရွက်(နားလတ်)၊ မျက်လုံး (ပုလဲရောင်)၊ အမြီးတံခါးစောင်း(၂ပေ၇လက်မ)၊ ခြေသည်းရှေ့(၅×၅)နောက် (၄×၄)ရှိပြီး အမဖြစ်ကြောင်း သိရှိရပါသည်။

## အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကျင်းပခြင်း



အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် (၉-၄-၂၀၁၅)ရက်နံနက်(၁၀)နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြေအရင်းအမြစ် စီမံခန့်ခွဲရေးဆိုင်ရာ လက်ရှိဆောင်ရွက်နေသည့် စီမံခန့်ခွဲမှု၊ ကြီးကြပ်အုပ်ချုပ်မှုနှင့် စစ်ဆေးကြပ်မတ်မှုကို ပြုပြင်ပြောင်းလဲရန် လိုအပ်သင့်လျော်သော အစီအမံများကို ပဏာမ ရှေ့လုပ်ငန်းစဉ်သုံးရပ်နှင့် စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ပထမလုပ်ငန်းစဉ်ဖြစ်သည့်" ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ် တည်စေမည့် မြေအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်ခြင်း" ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များအရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအား ကွင်းဆင်းတွေ့ဆုံအကြံဉာဏ်များ ရယူခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် "အဖွဲ့အစည်းများကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ်စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်း"အဖြစ် ပြည်သူများ၏ အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတာဝန်ရှိသူများ ပညာရှင်များနှင့် ညှိနှိုင်းပြီး တရားမျှတမှု၊ အာဏာစက်ရှိမှု၊ လူတိုင်းနားလည်လိုက်နာနိုင်မှု အင်္ဂါရပ်များနှင့် ပြည့်စုံသည့် မြေဥပဒေ ပေါ်ထွက်လာရေး အချိန်ဇယားရေးဆွဲပြီး အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တတိယလုပ်ငန်းစဉ်ဖြစ်သည့် "ပြည်သူကိုဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသောစမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်း"ကို မြေစာရင်းနှင့်သတင်းအချက်အလက်များ တစ်နေရာတည်း စုစည်းထားရှိရန် ခေတ်မီနည်းပညာ အသုံးပြုပြီး အများဘုံသုံးနိုင်မည့်(OneMap)မြေပုံထုတ်ခြင်း၊ မြေစာရင်းပြုစုခြင်း၊ အများပါဝင်သည့် မြေအသုံးချမှုစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်သုံးသပ်မှုအစီအမံများကို ဆောင်ရွက်ခြင်း၊ မှန်ကန်ကောင်းမွန်သော မြေဈေးကွက်တစ်ရပ်ပေါ်ထွန်းရေးအတွက် မြေတန်ဖိုး၊ သတင်းအချက်အလက်များ စုဆောင်းခြင်း မြေခွန်စနစ် ကောင်းမွန်တိုးတက်ရေး အစီအမံများချမှတ်ခြင်း၊ မြေဈေးကစားမှုအန္တရာယ်မှ ကာကွယ်ခြင်းများဖြင့် ဖော်ဆောင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် က ကော်မတီ၏ မြေဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတို့ကရှင်းလင်းဆွေးနွေးကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဝန်ကြီးဌာန၏ လုပ်ဆောင်ရမည့် တာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

## အာရှ-ပစိဖိတ်သစ်တောကွန်ရက်၏ ပထမအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် (၂၇-၄-၂၀၁၅) ရက်နေ့၊ နံနက် (၉) နာရီတွင် Grand Amara Hotel ၌ ကျင်းပသော အာရှ-ပစိဖိတ်သစ်တောကွန်ရက်၏ ပထမအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှ-ပစိဖိတ်ဒေသ နိုင်ငံ(၁၆)နိုင်ငံမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အာရှ-ပစိဖိတ်သစ်တော ကွန်ရက် (APF Net)သည် အာရှ-ပစိဖိတ်ဒေသအတွင်း ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ဒေသတွင်း သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများ တိုးမြှင့်၍ ကာဗွန်ထုတ်လုပ်မှု လျော့ကျစေခြင်းနှင့် သစ်တောအရည်အသွေး တိုးမြှင့်လာစေရန် အတွက် လုပ်ဆောင်လာခဲ့သည်မှာ (၇)နှစ်ခန့်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် အနည်းဆုံး သစ်တောဟက်တာ သန်း(၂၀) ခန့်တိုးပွားလာရန် ရည်မှန်းချက်ထားရှိပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှ အာရှဒေသတွင်း ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာလုပ်ဆောင်နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့်လည်း APF Net စတင်ခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊

ရာသီဥတုပြောင်းလဲမှုသည် ၂၁ ရာစုတွင် မိမိတို့ရင်ဆိုင်နေရသည့် အကြီးမားဆုံး စိန်ခေါ်မှု တစ်ခုဖြစ်ကြောင်း၊ ထိုသို့သော ပြဿနာများကို ဖြေရှင်းရာတွင် အာရှ-ပစိဖိတ်ဒေသတွင်း မူဝါဒများကို ညှိနှိုင်းရန် လိုအပ်သလို သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များနှင့် အလေ့အကျင့်များကို ပြောင်းလဲရန်လိုအပ်မည်ဖြစ်ပါကြောင်း၊

APF Net ကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် နည်းလမ်းများကို ယခုဆွေးနွေးပွဲတွင် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ထို့အပြင် APF Net ကောင်စီ၏ လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များ၊ လုပ်ငန်းတိုးတက်မှုအဆင့်မြှင့်တင်ခြင်းနှင့် ၂၀၁၆-၂၀၂၀ မဟာဗျူဟာစီမံချက်မူကြမ်းအတွက် အကြံပြုချက်များ စသည်တို့ကို အလေးထားဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏အကြံဉာဏ်နှင့် အတွေ့အကြုံများကို ဝေမျှနိုင်မည်ဖြစ်ပါကြောင်း၊

ယခုအစည်းအဝေးမှတစ်ဆင့် အာရှ-ပစိဖိတ် ဒေသတွင်း သစ်တောများနှင့် သစ်တောကဏ္ဍတွင်း ကြီးမားသော အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နားလည်သဘောပေါက်လာစေပြီး APF Net အတွက် ရေရှည်အစီအစဉ်များနှင့် ကောင်းမွန်သော အုပ်ချုပ်မှုလုပ်ငန်းများကို ချမှတ်နိုင်စေမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် APF Net အတွင်းရေးမှူးရုံးမှ အမှုဆောင် ညွှန်ကြားရေးမှူးဖြစ်သူ Mr.Qu Guilin က ဝမ်းမြောက် အမှာစကားပြောကြားသည်။

အစည်းအဝေးနှင့် ဆက်စပ်လေ့လာရေး ခရီးစဉ်တို့ကို (၂၇) ရက်နေ့မှ (၂၉)ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

## Workshop on climate change, forestry and agriculture interface: Adaptation, mitigation and green growth through improved academic, research and technical competence in Myanmar

### အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် (၃၀-၄-၂၀၁၅) ရက်နေ့၊ နံနက်(၉) နာရီအချိန်တွင် နေပြည်တော် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ နော်ဝေနိုင်ငံစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ရေးရာ သုတေသနဌာန(Bioforsk) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ Ms. Ann Ollestad နော်ဝေနိုင်ငံဆိုင်ရာသံအမတ်ကြီးနှင့် အရာရှိကြီးများ၊ နော်ဝေနိုင်ငံ Bioforsk rS Dr. Udaya Sekhar Nagothu နှင့် Dr. Nils Vagstad ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ နော်ဝေနိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ရေးရာသုတေသနဌာန (The Norwegian Institute for Agriculture and Environmental Research- Bioforsk) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများ၏ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း၊ နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတထိန်းသိမ်းရေးကဏ္ဍများတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် အကြိုသဘောတူညီချက် (Letter of Intent)ကို ရေးထိုးနိုင်ခဲ့ပါကြောင်း၊

မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများထိန်းသိမ်းရေးကဏ္ဍတွင်ပါဝင်သည့် သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းခြင်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထုတ်လွှတ်မှုလျော့ချခြင်း (REDD+) လုပ်ငန်းစဉ်၊ ရေသယံဇာတများဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု၊ ဇီဝမျိုးစုံမျိုးကွဲများ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ဘေးအန္တရာယ်ဖြစ်စေတတ်သည့် စွန့်ပစ်ပစ္စည်းများအန္တရာယ်မှ ထိန်းချုပ်ကာကွယ်မှုစသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ မျိုးသုဉ်းရန်အန္တရာယ်ရှိ သစ်ခွမျိုးစိတ်များကို ရှာဖွေဖော်ထုတ်သုတေသနပြုပြီး စုစည်း၍ နော်ဝေနိုင်ငံ Svalbard ဒေသမှာရှိသည့် ကမ္ဘာလုံးဆိုင်ရာမျိုးစေ့ဘဏ်ကြီးမှာ နှစ်ပေါင်းများစွာကြာအောင် ပျက်စီးမှုမရှိအောင် ထိန်းသိမ်းသိုလှောင်သွားမှာဖြစ်ပါကြောင်း၊ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အဖိုးတန်ရှားပါးသစ်ခွမျိုးစိတ်များကို မျိုးသုဉ်းပျောက်ကွယ်ခြင်းအန္တရာယ်မှ ကာကွယ်နိုင်မှာဖြစ်ပါကြောင်း၊

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် ရလဒ်များကိုအခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းကို ကြိုဆိုပါကြောင်း၊ စီမံကိန်းစတင် ဆောင်ရွက်နိုင်ဖို့အတွက် အခြေခံအကျဆုံး လုပ်ငန်းရပ်ဖြစ်သည့် ပြီးပြည့်စုံသော စီမံကိန်းအကောင်အထည်ဖော်ရေး မူဘောင်(ProjectFramework) တစ်ခုကို ရေးဆွဲ ပြုစုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာနော်ဝေသံအမတ်ကြီး မစ္စအန်အော်လစ်စတက် မှ ဝမ်းမြောက်အမှာစကား ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို (၉း၄၀)နာရီတွင် ခေတ္တရပ်နားပြီး ညနေ (၄)နာရီထိ ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

# မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများတွင် Spatial Monitoring and Reporting Tool (SMART) အား အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA)တို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများတွင် Spatial Monitoring and Reporting Tool (SMART) အား အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို (၂၈-၄-၂၀၁၅) ရက်နေ့၊ နံနက်(၈:၃၀) နာရီတွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ဒုတိယအကြီးဆုံး နိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘူမိရုပထူးခြားမှုအရ သဘာဝအရင်းအမြစ်များပေါကြွယ်ဝပြီး မြောက်ဘက်ရှိ ရေခဲတောင်များမှသည် အလယ်ပိုင်း အပူပိုင်းဒေသနှင့် တောင်ဘက်တွင်ရှိသည့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်အထိ ဂေဟစနစ်မျိုးစုံတို့ကို ပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊

နိုင်ငံတကာ သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုတွင် အောင်မြင်စွာအသုံးပြုလျက်ရှိသည့် Spatial Monitoring and Reporting Tool(SMART)ကို မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးမှူးရုံးများ ဖွင့်လှစ်ထားရှိသည့် သဘာဝနယ်မြေ (၂၁)ခုတွင် တစ်ပြိုင်တည်း အသုံးပြုနိုင်ရန် SMART စံပုံစံ ရေးဆွဲခြင်း၊ လူအရင်းအမြစ်နှင့် ပစ္စည်းကိရိယာလိုအပ်ချက် ဆန်းစစ်ခြင်းတို့ကို ယခု(၂)ရက်တာ အလုပ်ရုံဆွေးနွေးပွဲမှာ ဆောင်ရွက်ကြမှာဖြစ်ပါကြောင်း၊

သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံ၏ ကူညီပံ့ပိုးမှုနှင့် SMART ကို သဘာဝနယ်မြေအချို့၌ အသုံးပြုနေခြင်းမှ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ၏အကူအညီနှင့် အုပ်ချုပ်ရေးမှူးရုံးရှိသည့် သဘာဝနယ်မြေ (၂၁)ခုမှာ တစ်ပြေးညီကျင့်သုံးသွားရန် တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ပြီး SMARTသည် သဘာဝနယ်မြေ စီမံအုပ်ချုပ်ဆောင်ရွက်ရသည့် အဓိကလုပ်ငန်း(၃)ရပ်အနက် ကင်းလှည့်ထိန်းသိမ်းခြင်း (Patrolling)နှင့် မျိုးစိတ်များ လေ့လာ စောင့်ကြည့်မှတ်တမ်းတင်ခြင်း (Monitoring) တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA)မှ Senior Adviser Ms. Vibeke Husby မှ ဝမ်းမြောက်အမှာစကားပြောကြားပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) ဒုတိယဌာနေကိုယ်စားလှယ် ဦးစောထွန်းမှ အလုပ်ရုံ ဆွေးနွေးပွဲအစီအစဉ် ရှင်းလင်းပြောကြားပါသည်။ ထို့နောက် အခမ်းအနားကို (၂)ရက်ကြာ ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

ပူနွေးကမ္ဘာ၊ တားဆီးရာ
မြေရှာတစ်ခု၊ တောပြုစု

သစ်ပင်နည်းလာ ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး ။

# မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ပထမအကြိမ်အလုပ်ရုံဆွေးနွေး




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကုလသမဂ္ဂ အခြေချနေထိုင်ရေးအစီအစဉ်တို့ ပူးပေါင်း၍ ဥရောပသမဂ္ဂ(European Union)၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(Myanmar Climate Change Alliance-MCCA)အရ မြန်မာနိုင်ငံအမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ဧပြီလ(၇)ရက်နေ့က ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥရောပသမဂ္ဂ၊ မြန်မာနိုင်ငံ ဆိုင်ရာ UN-Habitat ရုံး၊ ထိုင်းနိုင်ငံဘန်ကောက်မြို့ အခြေ စိုက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ထိုင်းနိုင်ငံ Ministry of Natural Resources and Environment နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ MCCA စီမံကိန်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ဖွင့် ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၇ ရက်နှင့် ၈ ရက်က ကျင်းပရာ ပထမနေ့တွင် မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲမည့် အကြောင်းအရာများ၊ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရည်မှန်းချက်များ၊ အစီမံရောင်စီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ်များ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်း အစီ အစဉ်များကိုက်ညီမှုရှိရေး၊ မဟာဗျူဟာ အချင်းချင်းအပြန်အလှန် ဆက်သွယ် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ကနဦးသတ်မှတ်ချက်များ၊ ဦးစားပေး နယ်ပယ်များနှင့် မဟာဗျူဟာ အကောင်အထည် ဖော်ရေးဆိုင်ရာစနစ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ ဧပြီလ (၈)ရက်နေ့တွင် ဆက်လက်ကျင်းပသည့် ဆွေးနွေးပွဲ၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ရေးအတွက် ပြည်တွင်း လိုအပ်ချက်များ ဆန်းစစ်ရေး ကာလ သတ်မှတ်ခြင်း၊ စမ်းသပ်နယ်ပယ် သတ်မှတ်ခြင်း၊ လုပ်ငန်းအစီအစဉ် သတ်မှတ်ခြင်းတို့ကို ဆက်လက် ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

## အိုဇုန်းလွှာနှင့်ခရမ်းလွန်ရောင်ခြည်အကြောင်း အသိပညာပေးဟောပြောပွဲကျင်းပခြင်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ အိုဇုန်းလွှာနှင့်ခရမ်းလွန်ရောင်ခြည်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း အခမ်းအနားကို ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်သဏ္ဍမေဒိနီတောတိုက်ကျောင်း (ဘုန်းတော်ကြီးသင်ပညာရေး)အတွင်း၌ (၂၉-၄-၂၀၁၅)ရက်နေ့ နံနက်(၉း၃၀)တွင် ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဟောပြောပွဲအခမ်းအနားသို့ ရွှေနံ့သာရပ်ကွက်၊ ဇလောင်းကျေးရွာနှင့် မောင်းရမ်းကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဒေသခံအမျိုးသမီးများ စုစုပေါင်းအင်အား (၉၇)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း သတင်း

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်နှင့် မဘိမ်းမြို့နယ်များအတွင်း တရားမဝင်သစ် (၁၀၂၃)တန်ကျော် ဖမ်းဆီးရမိ





သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် အခြေချစစ်ဗျူဟာ(မိုးမိတ်)မှ အရာရှိစစ်သည်များပါဝင်သောပူးပေါင်းအဖွဲ့သည် (၂-၄-၂၀၁၅) ရက်နေ့မှ (၃-၄-၂၀၁၅) ရက်နေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်းရှိ မြစ်ဆုံ(ခန့်မှန်းမြေပုံညွှန်း-KF-၅၀၀၇၅၉)နေရာမှ မိုးလိုကျေးရွာ(ခန့်မှန်းမြေပုံညွှန်း-KF-၈၂၇၈၆၇)အထိ ရွှေလီမြစ်ရိုး မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းတစ်လျှောက်တွင် တရားမဝင်သစ်ရှာဖွေဖမ်းဆီးရေးလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်း၊ ပိတောက်၊ တမလန်းနှင့်အင်ကြင်းသစ်လုံး/ခွဲသားစုစုပေါင်း (၃၂၉၇)လုံး/ချောင်း၊ (၈၂၆. ၁၈၆)တန် နှင့် ချိန်းဆော (၁၄)လက်တို့အားပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။

ဆက်လက်၍ (၄-၄-၂၀၁၅) ရက်နေ့တွင် မဘိမ်းမြို့နယ်၊ လဝါကျေးရွာအနီးတစ်ဝိုက် ဆူးပုတ်ကြီးပိုင်းအတွင်း တောင်စောင်းနယ်မြေတစ်လျှောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင် ကျွန်း၊ ပိတောက်နှင့် တမလန်းသစ်လုံး/ခွဲသားစုစုပေါင်း(၁၀၀၃)လုံး/ချောင်း၊ (၁၉၇ )တန်ခန့် အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီးစုစုပေါင်းတရားမဝင် ကျွန်း၊ ပိတောက်၊ တမလန်းနှင့် အင်ကြင်းသစ်လုံး/ခွဲသား(၁၀၂၃) တန်ကျော်နှင့်ချိန်းဆော(၁၄)လက်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီး ရမိခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ** ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများစစ်ကြောင်းအဖွဲ့သည် (၁၃-၄-၂၀၁၅)ရက်နေ့တွင် ပျဉ်းမနားမြို့နယ် အထက်ပေါင်းလောင်းဆည်သွား လမ်းဘေး နန်ချိုကြိုးပိုင်းအကွက်အမှတ်(၁၈)၊ မိုင်တိုင် (၁၀/၁)မိုင်နေရာအနီးမှ ကညင်ခွဲသား (၁၆၄)ချောင်း (၁၂. ၀၇၄၀)တန် တင်ဆောင်လာသော ယာဉ်အမှတ်- 5B- 2231 Nissan အပြာရောင် ယာဉ်တစ်စီးအား တရားခံ(၆) ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။





**မွန်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ရေးမြို့နယ်၊ ရေး-ကျုံးကွီးလမ်း၊ ကျုံလောင်းရွာဟောင်းအနီးမှ တရားမဝင်အခြား သစ်ခွဲသား(၁၃)ချောင်း (၁. ၅၁၂၀)တန်နှင့် အောင်မင်္ဂလာ (၂)လမ်း၊ အိမ်အမှတ်(၄)နေ ဦးရဲထွန်း၏ နေအိမ်ခြံဝင်း အတွင်းမှ တရားမဝင်အခြားခွဲသား (၁၉)ချောင်း (၂. ၀၀၆၀)တန်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။**

**စစ်ကိုင်းတိုင်းဒေသကြီး၊** စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ပဒူရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် (၂၉-၄-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်း-ရွှေဘိုသွားကား လမ်းဘေးနေရာမှ တရားမဝင်ကျွန်းခွဲသား(၃၅၉)ချောင်း (၂. ၂၃၅၆)တန် တင်ဆောင်လာသော ယာဉ်အမှတ် ၇က/၅၇၉၉ ဒိုင်နာအနီရောင် ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ အဖြစ်ဖမ်းဆီးရမိကြောင်း သိရှိရသည်။








**ပဲခူးတိုင်းဒေသကြီး၊** ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များသည် (၂၈-၄-၂၀၁၅)ရက်နေ့တွင် ပေါင်းတည်မြို့နယ် လယ်ဦးစုရွာအနီး၊ ပေါင်းတည်- ကြို့ပင်သာလမ်းနေရာမှ တရားမဝင် မီးသွေးအိတ်(၁၅၈)အိတ်(၂၀. ၂၂)တန် တင်ဆောင်ထားသော ယာဉ်အမှတ်-၉၄/ ၁၇၀၄၁ FAWကား (၁)စီးအား တရားခံ (၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**မကွေးတိုင်းဒေသကြီး၊** ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးဌာနမှူးဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် (၁၁-၄-၂၀၁၅)ရက်နေ့တွင် ပေါက်မြို့နယ် ဝန်တင်ကျေးရွာ မြောက်ဘက်နေရာမှ အင်ကြင်းခွဲသား (၆)ချောင်း(၁. ၀၁၃၄)တန်၊ ပျဉ်းကတိုးခွဲသား(၁၇)ချောင်း (၂. ၀၄၁၈)တန်၊ ပျဉ်းကတိုးသစ်(၁)လုံး(၀. ၁၀၂၀)တန်၊ အင်ကြင်းသစ်(၃) လုံး(၀. ၃၀၆၀)တန် ကျွန်းသစ်(၂)လုံး(၀. ၁၃၆၀)တန်၊ နှော့ခွဲသား(၂)ချောင်း(၀. ၁၀၇၄)တန်၊ စုစုပေါင်း (၃. ၇၀၆၆)တန်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။



၂၀၁၅ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲမှ
ပထမဆုရဆောင်းပါးအား ဂုဏ်ပြုဖော်ပြပါသည်။

21 March
International Day of Forests

21 March
International Day of Forests

# ဥတုရာသီ တောကိုမှီ

ယခင်လမှ အဆက် ➢

ကိုယော (ဘောဂဗေဒ)



လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်က အခါလွန်မိုး "ဂီရီ" မုန်တိုင်းဒဏ်ကို မြန်မာနိုင်ငံသည် ခံခဲ့ရသည်။ ရခိုင်ရိုးမကို ဖြတ်သန်းကျော်လွန်ကာ တိုက်ခတ်လာသော မိုးနှောင်းမုန်တိုင်း"ဂီရီ"ကြောင့် မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အပြင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မိုးနည်းရပ်ဝန်းဒေသများတွင် ရေကြီး၊ ရေလျှံဖြစ်ခဲ့ရသည်။

ပုံတောင်ပုံညာရပ်ဝန်းတွင်ရော ပုံတောင်ပုံညာရပ်ဝန်းကို မှီတည်ဆက်စပ်နွယ်ယှက်ရာ မြေပြန့်ဒေသ ပေါက်၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ မြိုင်မြို့နယ်များတွင် လမ်းတွေပျက်၊ တောင်တွေပြို၊ လူနေအိမ်ခြေနှင့် သီးနှံစိုက်ခင်းတွေ များစွာထိခိုက်ပျက်စီးခဲ့ရသည်။ နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သော ပေါက်မြို့နယ်က အုန်းတောတံတားကြီး၊ ရေပြာတံတားကြီးတို့လည်း ပျက်စီးခဲ့ရသည်ကို ပြည်သူတို့အသိပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ ၂၂ နှင့် ၂၃ တို့တွင်ဖြစ်ပွားခံစားခဲ့ရသည်။

ဟော--ဆက်လက်ကာ ကြည့်ပြန်ဦးတော့။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ ညနေ ၄ နာရီခွဲကစပြီး ရခိုင်ပြည်နယ်၊ မောင်တောမြို့ကတစ်ဆင့် တစ်နာရီ လေတိုက်နှုန်း မိုင် ၄၀ကျော်၊ ၅၀ခန့်နှင့် အပူပိုင်းမုန်တိုင်း O2B (အိုတူးဘီ) ဝင်ရောက်ခဲ့ပြန်သည်။ မိုးနှောင်းမုန်တိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အောက်တိုဘာလ ၁၉ နှင့် ၂၀ ရက်တို့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများရှိ မြို့တော်တော်များများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရသည်။

အခါလွန်မိုးနှောင်းမုန်တိုင်းက ရိုင်းစိုင်းခဲ့ပြန်ပြီ။ ရခိုင်ဒေသ မောင်တော၊ စစ်တွေတို့တွင် မုန်တိုင်းဒဏ်ခံကြရသည်။ အဆိုးဝါးဆုံးက ပုံတောင်ပုံညာနှင့် ဆက်စပ်နေသော မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ပေါက်၊ ဆိပ်ဖြူ၊ မြိုင်၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များတွင် ခံစားရမှုက ကြီးမားလွန်းလှသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ကလေး၊ ပုလဲ၊ မုံရွာ၊ ယင်းမာပင်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည် မြို့နယ်များလည်း ပါဝင်သည်။ မြန်မာ့အသံ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်တို့တွင်ကြားရမြင်ရတွေ့ရသည်။ နိုင်ငံရပ်ခြား ရေဒီယိုသတင်းတို့မှတစ်ဆင့်လည်း ကြားသိရသည်။ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ဂျာနယ်အသီးသီးတို့အားဖြင့်လည်း ဖတ်ရှုသိမြင်တွေ့နေရသည်။

ဘဝတစ်သက်တာတွင် မဖြစ်စဖူး ကြုံတွေ့ခဲ့ရကာ ဝမ်းနည်းမဆုံး ခံစားခဲ့ရသည်များမှာ ရင်နင့်မဆုံး ဖြစ်ရလွန်းလှသည်။ လူ့အသက်တွေ သေကြရ၊ လူနေအိမ်ခြေတွေ ရေစီးနှင့်မျောပါပျက်စီးဆုံးရှုံးကြရ၊ အဆောက်အအုံတွေ လမ်းတံတားတွေအပါအဝင် တစ်ပိုင်တစ်နိုင် ကန်တွေ၊ ဆည်တွေ၊ လယ်ယာမြေတွေ၊ သီးနှံစိုက်ခင်းတွေ၊ မွေးမြူရေး လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးခဲ့ရသည်။

နိုဝင်ဘာလ ပထမအပတ်အထိ စာရင်းဇယားများအရ ပခုက္ကူမြို့တွင် ရေမြုပ်အိမ်ခြေ ၁၂၇၀၊ ရေမျောအိမ်ခြေ ၃၈၄၊ မြိုင်မြို့နယ်တွင် ရေမြုပ်အိမ်ခြေ ၃၀၂၊ ဆိပ်ဖြူမြို့နယ်တွင် ရေမြုပ်အိမ်ခြေ ၃၆၅၉၊ ရေမျောအိမ်ခြေ ၁၂၇၅၊ ပေါက်မြို့နယ်တွင် ရေမြုပ်အိမ်ခြေ ၂၃၉၅၊ ရေမျောအိမ်ခြေ ၃၈၀ တို့ဖြစ်ကြောင်းနှင့်အစိုးရအဆောက်အအုံ၊

ဘာသာရေး အဆောက်အအုံများ ရေမျောပျက်စီးခြင်း အပြင် လူ့အသက်ရာကျော်သေဆုံးခဲ့ကြရသည်။ ကျွဲ၊ နွား တိရစ္ဆာန်ပေါင်းစုံ ထောင်ချီ၍ သေကျေပျက်စီးခဲ့ကြောင်း သိရှိရသည်။ O2B (အိုတူးဘီ)မုန်တိုင်းမိုးကြောင့် ရေကြီး ရေလျှံဖြစ်ရမှုမှာ အဆိုးရွားဆုံးဖြစ်သည်ဟု သိရလေသည်။

အထက်ပါဖြစ်ရပ်တို့ကိုထောက်ရှု၍ ကျွန်တော် စဉ်းစားရမိသည်။ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းမှုအပိုင်းတွင် စာအုပ်စာပေများမှ ဖတ်ရှုမှတ်သားထားမိရသော အသိများရရှိထားသည်။ မုန်တိုင်းဘေးအန္တရာယ်ကို ကာကွယ်ရန် အပိုင်းနှစ်ပိုင်းရှိသည်။ တောထူထောင်ပြီး စားဝတ်နေရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရန်နှင့် ကမ္ဘာကြီး ပူနွေးလာပြီး ရာသီဥတုဖောက်ပြန်မှု တားဆီးရန်တို့ပင် ဖြစ်သည်။ သဘာဝအလျောက်ဖြစ်ထွန်း ပေါက်ရောက်ခဲ့သော သစ်တောကြီးများကို အထိန်းအသိမ်းနည်းစွာ သစ်ခုတ်မှု၊ သစ်ထုတ်မှုများကြောင့် ပုံတောင်ပုံညာတောင်တန်းကြီးတို့မှာ (Soil Errosion) မြေဆီလွှာတိုက်စားခံရခြင်းဖြစ်ရသည်။ မြေဆီလွှာ ကင်းမဲ့သွားသော မြေသား(Base ground)ကို ပို၍လျင်မြန်သော ရေစီးနှုန်းဖြင့် တိုက်စားရင်း ရေကြီးမှုတွေ ဖြစ်ရသည်။

အနောက် ချင်းရိုးမတောင်တန်းမြင့်ကြီးနှင့် ပုံညာ တောင်တန်းမြင့်တို့အကြားစီးဆင်းသော မြစ်သာမြစ်ကြီး တစ်လျှောက် ကျေးရွာတွေအသီးသီးတို့မှာ ရေကြီးရေလျှံ ဖြစ်ရသည်။ ခရိုင်မြို့ကြီးဖြစ်သော ဂန့်ဂေါမြို့ကြီးရှိ မြစ်သာ မြစ်ကမ်းပါးအမြင့်သည် အနိမ့်ဆုံးနေရာ၌ အနည်းဆုံး ပေ ၁၀၀ ခန့်မြင့်သည် ယင်းမြစ်ကမ်းပါးကြီးပေါ်ကိုပင် ၅ ပေ ခန့်ကျော်လွှန်ခဲ့သည်အထိ ရေကြီးရေလျှံဖြစ်ခဲ့ရသည်မှာ အလွန်တရာအံ့သြဖွယ်ရာဖြစ်ပေသည်။ မြစ်သာမြစ်စီးဆင်းရာ ဝဲယာမြစ်ကမ်းတစ်လျှောက်တွင်သာမက ချင်းတွင်းမြစ်နှင့်ပေါင်းဆုံရာနယ်မြေ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ကလေးမြို့နယ်တွင်ပါ ရေကြီးရေလျှံ ဖြစ်စေခဲ့ရလေသည်။

တစ်ဖန် ပုံတောင်ပုံညာ တောင်တန်းမြင့်ကြီးတို့မှ ချောင်းတို့၊ ချောင်းငယ်များပေါင်းစုရာ ကျောချောင်း၊ ယောချောင်းတို့က အရှေ့ဘက်၊ အရှေ့တောင်ဘက်ဆီ စီးဆင်းကြရင်း ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တွေကို ဖြတ်သန်းကာ ဧရာဝတီမြစ်ကြီးသို့ စီးဝင်သည်။ ဖြတ်သန်းစီးဆင်းရာ လမ်းတစ်လျှောက် အဟုန်ပြင်းစွာ စီးဆင်းခဲ့သည်တွင် ပုံတောင်ပုံညာတောင်တန်းကြီးတို့မှ မြေဆီလွှာများကို တိုက်စားသယ်ဆောင်သွားကြသည်။

(O2B)အိုတူးဘီ မုန်တိုင်းဒဏ်ကို ခံစားရရာ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းသည်ကိုကြည့်လျှင် မုန်တိုင်းဖြတ်သန်းအရှိန် သက်ရောက်ရာ ဒေသအသီးသီးတို့ အားလုံး အနှံ့အပြားမိုးကြီးခဲ့သည်။ မိုးရေချိန်လက်မများ မကြုံစဖူးဖြစ်ခဲ့ရာက ချောင်းပေါင်းများစွာက စီးဆင်းလာနေသော ချောင်းရေတို့ကား ကြောက်မက်ဖွယ် လှိုင်းလုံးကြီးများ ဖြစ်စေခဲ့ရသည်။ အမြင့်ပေ ၃၀ ခန့်ပင်ရှိသည်ဟု ဆိပ်ဖြူမြို့နယ် ဒေသခံအချို့က ဆိုကြသည်အထိဖြစ်သည်။ သစ်လုံးကြီးများ၊ သစ်ပင်ကြီးများ အမြစ်တို့ကျွတ်ထွက်လာကာ ရေစီးတွင်မျောပါလာကြသောကြောင့် ရွာကိုဖျက်ဆီးသလို ဖြစ်သွားရတော့သည်။ ၂၀၀၈ ခုနှစ်၊ မေလတွင် တိုက်ခတ်ခဲ့သော "နာဂစ်"မုန်တိုင်းကြီးကို မြန်ပြည်တစ်ဝန်းသာမက ကမ္ဘာကပင် သိခဲ့ကြသကဲ့သို့ပင် ယခု (O2B)အိုတူးဘီ မုန်တိုင်းကို "ကုန်းတွင်းနာဂစ်"ဟုလည်း ယင်းဒေသခံများက တင်စားကာပြောဆိုကြသေးသည်။ ထိုဒေသတွင် သမိုင်းဝင် ဂန္ထဝင် အဖြစ်ဆိုးအဖြစ် စံချိန်တင်သွားခဲ့ရသည်။

စိုက်ခင်းလယ်ယာမြေတွေ သဲဖုံးခဲ့၊ နွံဖုံးခဲ့၊ ကျေးရွာတွေ သဲနွံတို့ သိမ်းပိုက်ခဲ့ကြသဖြင့် နေစရာနှင့် လုပ်ခင်းကိုင်တာတွေ ပျောက်ဆုံးပျက်စီးခဲ့ရသည်။ လူ့ဘဝတွင် အဓိက လိုအင်ဆန္ဒကြီး သုံးရပ်ရှိရာ အသက်မသေဘဲ ကျန်ရစ်ခဲ့ရသူသူတို့မှာလည်း ရှေ့ဆက်အသက်ရှင်ရပ်တည်သွားနိုင်ရေး အလို့ငှာ နေရေး၊ စားရေး၊ ဝတ်ရေး အထွေထွေကျပ်တည်းမှုတွေကို ပွေ့ပိုက်ခံစားရင်း အနာဂတ်ကို မျှော်ကြည့်ရသည်မှာ ရင်တွင်းလှိုက်မောနွမ်းနယ်သောက ဖြစ်ရလွန်းပေစွ။

ဘူးလေးရာဖရုံဆင့်၊ မြေနိမ့်ရာလှံစိုက်၊ ကံဆိုးမသွားလေရာ မိုးလိုက်ရွာ၊ ရေနစ်သူ ဝါးကူထိုး၊ မြွေပူရာကင်းမှောင့်၊ မြွေပါလည်းဆုံး၊ သားလည်းဆုံး၊ တစ်ပူပေါ် နှစ်ပူဆင့် ရင်နှင့်အောင်ခံစားရသည့်အဖြစ်က ဒီဘဝဒီမျှသာ ဖြစ်ပါစေတော့ဟုဆုတောင်းမိကြသူများချည်းပင်ဖြစ်ရသည်။

ရေကြောင့်နွံဖြစ်၊ နွံကြောင့်ရေနောက် သောက်သုံးရေတို့အတွက်လည်း ဒုက္ခတွေရောက်ကြရသည်။ တစ်မိသားစုလုံး၊ ဆွေမျိုးရင်းချာတို့၊ ရပ်သူရွာသူတို့ အတူတူလက်တွဲဆုပ်ကိုင်ထားကြပါလျက် ကြီးမားသော ရေစီးအား လှိုင်းလုံးကြီးများ၏ တရကြမ်းရိုက်ခတ်ခေါ်ငင် ဆွဲယူသွားမှုကြောင့် လက်တွဲတို့ပြုတ်ကာ အကွဲကွဲအပြားပြား ရေစီးမှာ လွင့်မျောပါသွားကြရသည်။

သဲနုံးတွေ၊ နွံတွေဖုံးလွှမ်း၍ အစအနပင် ရှာဖွေ၍ မရနိုင်အောင် ပျောက်ဆုံးသေဆုံးသွားခဲ့ကြရသည်။ ကံကောင်း၍ အသက်မသေဘဲ ကျန်ရစ်ခဲ့ရသူတို့မှာလည်း ပိုင်ဆိုင်မှုဟူ၍ အသက်တစ်ချောင်းကလွဲ၍ ဘာမျှမရှိသည်အထိ ကံကြမ္မာက ဆိုးဝါးလွန်းခဲ့ရသည်။ ကြောက်မက်ဖွယ်၊ နာကျည်းဖွယ်၊ ဝမ်းနည်းမဆုံးဖွယ်၊ ရှိရလွန်းပေစွ။ လက်လှမ်းမှီသမျှ ရှေးရှေးလူကြီးသူမ ပြောဖူးသမျှ ၂၀၁၁ ခုနှစ်တွင် (O2B)အိုတူးဘီ မုန်တိုင်းကြောင့် ဖြစ်ပျက်ခဲ့ရသော အဖြစ်ဆိုးမျိုး တစ်ခါဖူးမျှမကြားဖူးခဲ့၊ မကြုံဖူးခဲ့ဟုဆိုကြသည့် မိုးနည်းရပ်ဝန်းဒေသ၏ ရာဇဝင်သမိုင်းသည် ရှိုင်းစိုင်းလွန်းလှလေသည်။

မိုးလွန်ကာလ၊ မိုးနှောင်းကာလရောက်တိုင်း ဖော်

ပြပါ ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်တိုက်ခတ်လာဦးမည့်(O2B)အိုတူးဘီမုန်တိုင်းအဖြစ်မျိုးက သတိမထား၍ မရတော့။ နောင်ကာလများအတွက် အထူးဂရုပြုကာ နိုးနိုးကြားကြားနှင့် သတိထားကာ နေထိုင်ကြရတော့မည်ဟု တိုက်တွန်းလိုလှသည်။ နှိုးဆော်မိရသည်။ ပညာရှိသတိဖြစ်ခဲ့ဆိုသည့် စကားရပ်အား ကြားဖူးကြသည်နှင့်(Nature Love Hide) ဆိုသော စကားရပ်ကို သတိရမိသည် 'သဘာဝကြီးက လျှို့ဝှက်နက်နဲသည်'ဟုဆိုလိုသည်။ သဘာဝကြီးကို မှီ၍ သဘာဝကြီးကို လေ့လာကြရမည်။ စူးစမ်းကြရမည်။ သုတေသနတွေပြုရမည်။ လေ့လာနေကြ၊ စူးစမ်းနေကြ၊ သုတေသနတို့လည်း ပြုနေကြရာ ရာသီဥတုပြောင်းလဲမှု၏ ရိုက်ခတ်ခံစားနိုင်ခြေနှင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးကို ဖောင်းပေးလာခဲ့ကြရပြီ။

တွေ့ရှိချက်မှာ သဘာဝပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းထားဖို့ ကိုယ်ကျိုးအတ္တလောဘတွေ လွန်ကဲစွာဖြင့် သဘာဝ၏အရင်းအမြစ်များဖြစ်ကြသော သစ်တောကြီးတွေအတွင်းမှ သစ်ပင်တွေကို အလွန်အကျွံ မခုတ်လဲ၊ မထုတ်ယူကြဖို့လိုသည်။ သစ်ကြီးတစ်ပင်ကို ခုတ်တိုင်း သစ်တစ်ပင်ကို ရှင်သန်ကြီးထွားဖြစ်ထွန်းစေရအောင် စိုက်ပျိုးပေးကြဖို့လိုသည်။ အစီအစဉ်တကျ စီမံကိန်းစီမံချက်တွေ ချမှတ်ကာ သဘာဝကြီးမပျက်စီးစေရ ရှက်ဆောင်ကြီးပမ်းသွားနိုင်ဖို့နှင့် ကောင်းကျိုးတွေအပြင် ဆိုးကျိုးကျရောက်လာမည့် အန္တရာယ်ကိုလည်း တစ်ဖက်ကပြန်တွေးရန်လိုအပ်လှကြောင်း ဥတုရာသီ၊ တောကိုမှီ ကြောင်းကို စေတနာ၊ ကရုဏာ၊ မေတ္တာစကားတွေဖြင့် သတိပေးချင်သည်။

သစ်ပင်တစ်ပင် ဖြစ်ထွန်းအရွယ်ရောက်လာရေးသည် သက်ရှိလူသားတွေနှယ်ပင် ဖြစ်သည်ဆိုသည်ကို သိထားကြဖို့လည်းလိုသည်။ စတင်စိုက်ပျိုးရှင်သန်သည်မှ ၄၊နှစ်အထိကာလကို မျောအရွယ်ဟုဆို၏။ အနှစ် ၂၀ အထိကို တိုင်အရွယ်ဟုဆို၏။ အနှစ် ၂၀ ကျော်လွန်ပါက သစ်တစ်ပင်အရွယ်ရောက်သည်ဟုဆိုပြီး အနည်းဆုံး ၃၀ နှစ်ခန့်ရှိမှ ခုတ်လှဲ သင့်သည့်အရွယ်ဟုဆိုပါ၏။ ရောင်းတမ်းသစ်ဆိုသည်မှာ နှစ် ၁၂၀ မှ ၁၈၀ အတွင်းဟု သစ်တောပညာရှင်များက ဆိုလေသည်။

သို့ဆိုလျှင် ဖြစ်ထွန်းပြီး ကြီးကြီးမားမား သစ်ပင်တွေ စုဝေးတည်ရှိရာ တောအုပ်တောတောင်ကြီးတွေအတွင်းက သစ်ပင်တွေကို အရမ်းကာရော အရမ်းမဲ့ ပရမ်းပတာ ခုတ်လှဲခုတ်ယူ စည်းကမ်းမဲ့ပြုမူမှု မပြုလုပ်မိကြဖို့လိုသည်။ **"ရွှေပင်ငွေခက် တောမှထွက်၏"၊ "တောတောင်စိမ်းမှ စမ်း ရေရ၏"၊ "ဥတုရာသီ တောကိုမှီ၏" "တောတောင် ခြောက်ခန်း လယ်ယာနွမ်း၏"၊ "သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစီး"** ဟူသော ဆောင်ပုဒ်များကို နက်နက်နဲနဲ သိထားနားလည်ထားကြဖို့လိုသည်။

တောတောင်ပြုန်း၍ လူလုံးမလှ၊ ဆင်းရဲမွဲတေ ဒုက္ခတွေ ရောက်ကြရသော လူသားဘဝ၊ နိုင်ငံဘဝ မဖြစ်ကြရလေအောင် နှိုးဆော်ရသည်။ သဘာဝ သစ်တောကြီးများကို နှိပ်စက်လွန်းသလိုမျိုးမဖြစ်ရလေအောင် တစ်နည်းအားဖြင့် သဘာဝသစ်တောကြီးများအသွင်မှ တဖြည်းဖြည်း ကင်းမဲ့လာသဖြင့် **"တောမဲ့မြေသား ရေတိုက်စား၏"** ဆိုသကဲ့သို့ အပြင် ပုံတောင်ပုံညာတောင်တန်းကြီးတွေက နှိပ်စက်ခြင်းမျိုး မဖြစ်ရလေအောင် ပုံတောင်ပုံညာတောင်တန်းကြီးတွေကို၊ မြန်ပြည်အရပ်ရပ်က တောင်တန်းကြီးတွေကို ကျွန်ုပ်တို့ ဂရုတစိုက်နှင့် အလေးထားကာ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးကြမှလည်းဖြစ်မည်။ သဘာဝပတ်ဝန်းကျင် စိုက်ပျိုးရေးစနစ်တို့ကို နည်းပြပေးကြမှာလည်းဖြစ်သည်။

**"တောအကျိုး ယုန်သိ၊ ယုန်အကျိုးတောသိ "** ဆိုသည်နှင့် **"ခဲမှန်ဖူးသည့် စာသူငယ် ရွယ်ယုံနှင့်လန့်"** ဆိုသကဲ့သို့ မိုးနည်းရေရှား ရပ်ဝန်းဒေသအတွင်းရှိကြသော ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ဆိပ်ဖြူမှသည် နီးကပ်ဆက်စပ် တည်ရှိနေသည့် ပုလဲ၊ ယင်းမာပင်၊ မင်းတိုင်ပင် စသည်တို့အပြင် ပုံတောင်ပုံညာနယ်မြေ၊ ယောမြေရပ်ဝန်း၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်တို့အပါအဝင် ဒေသတွေက ပြည်သူတွေအတွက် ဂန္ထဝင်ပုံတောင်ပုံညာတောင်တန်းကြီးတွေကို မရက်စက်ကြဖို့လိုသည်၊ မြန်ပြည်တစ်ဝန်းက တောတောင်အသွယ်သွယ်ကို ဂရုတစိုက် ကာကွယ်ကြဖို့လိုသည်၊ လျစ်လျူမရှုထားကြဖို့လိုသည်ဟု ကျွန်တော်ဆိုချင်သည်။

**"ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"** ဆိုသည့်စကားကို ထိန်းသိမ်းနားလည်ကြဖို့အရေး နက်နက်နဲနဲ၊ လှိုက်လှိုက်လှဲလှဲ၊ ထဲထဲဝင်ဝင် သဘောပေါက်ကြရန်လိုအပ်လှသည်။ သို့မဟုတ်ပါလျှင် အခါလွန်မိုးနှောင်းမုန်တိုင်းနှင့်အတူ ပုံတောင်ပုံညာတောင်တန်းမြင့်ကြီးတို့၏အငြိုးမျိုး တို့အားကို ကြောက်ခမန်းလိလိ ရင်ဆိုင်ကြုံတွေ့နေကြရလိမ့်ဦးမည်သာဖြစ်ပေလိမ့်မည်ဟု အနာဂတ်အရေး မျှော်တွေးလျက် အလေးအနက်ထား ရေးသားလိုက်ရပေသည်။



# ဒုတိယအကြိမ်ဆင်ဖြူတော်၏ ခရီး(၁)

ညွှန့်ဝေလှိုင်




၂၀၀၁ ခုနှစ် ဒီဇင်ဘာလအခါသမယသည် ဆောင်းရာသီ၏ အလွန်အေးချမ်းသောအချိန်ဖြစ်ပါသည်။ တောတောင်အရိပ်တို့ဖြင့် ဝိုင်းရံနေသော ရခိုင်ပြည်နယ် မေယုတောင်တန်းပေါ်တွင် ပိုမိုချမ်းစိမ့်လှသည်မှာ ပြောစရာလိုမည်မထင်ပါ။ မိမိတို့အဖွဲ့သည် ဘူးသီးတောင်မြို့နယ် မေယုတောင်ခြေရှိ ဆင်စွယ်ရကျေးရွာကို စတင်အခြေပြုလျက် အသွင်အပြင်လက္ခဏာ ထူးခြားသောဆင်ဖြူတစ်စီးကို ရှာဖွေ နေကြပါသည်။ အဖွဲ့တွင်နယ်မြေခံအမှတ်(၁၀)၊ (၁၈) ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသကွပ်ကဲမှု စစ်ဌာနချုပ်မှ ဝန်ထမ်းများ၊ အခြေချစစ်ဗျူဟာမှ လုံခြုံရေးတပ်ဖွဲ့များ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ မေ့ဆေးပစ်ဆင်ဖမ်းအဖွဲ့များပါဝင်ကြပါသည်။ ဆင်ရှာဖွေရေးအဖွဲ့ဝင်များသည် မေယုတောင်တန်း၏ အရှေ့ဘက်ခြမ်းတွင် တစ်လှည့်၊ အနောက်ဘက်ခြမ်းတွင် တစ်လှည့်၊ ရေစီးရေလာ အတိုင်း တောဆင်များနှင့်အနီးဆုံး ဧရိယာများတွင် စခန်းချလှုပ်ရှားကြပါသည်။ ယာယီမိုးကာတဲများဖြင့် တစ်နေရာပြီး တစ်နေရာရွှေ့ပြောင်း ရှာဖွေကြပါသည်။ နံနက်မိုးလင်း(၆) နာရီတွင် အိပ်ရာထသည်နှင့် ထမင်းချက်သူ ကချက်သည်။ နံနက်(၇)နာရီတွင် တစ်ပြိုင်နက်တည်း လက်ရေတစ်ပြင်တည်းထမင်းစားကြသည်။ နံနက် (၇း၃၀)နာရီတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍တောနင်းပြီး ဆင်ဖြူတော်ရှာဖွေကြပါသည်။ စခန်းမှ ထွက်သည်နှင့် ချောင်းရေဖြတ်ရသဖြင့် ခြေထောက်စိုကာ ပိုမိုချမ်းအေးကြ၏။ နှစ်နာရီကြာမျှလမ်းလျှောက်ပြီး သည်နှင့် ညဦးပိုင်းတောဆင်များ နေထိုင်သွားလာမှု လက္ခဏာများကိုတွေ့ရသည်။ ချောင်းအတွင်း လတ်ဆတ်သော တောဆင်ချေးများ၊ ခြေရာများစသည်ဖြင့်မြင်ကြသည်နှင့် ၄င်းဆင်အုပ်သွားလာရာအရပ်သို့ ခြေရာကောက်လိုက်ရ၏။ ခြေရာကောက်လိုက်ချိန်တွင်တစ်ဦးနှင့်တစ်ဦး စကားမပြောပဲနား၊ မျက်လုံးစွင့်ထားရခြင်း၊ အချင်းချင်း အကွာအဝေး ခွာ၍ သွားလာရခြင်း၊ ပတ်ဝန်းကျင်တစ်လျှောက် တက်စရာ အပင်၊ ပြေးစရာလမ်းတို့ကို သတိထားသွားလာရခြင်းတို့ကို အခြေအနေအရ ကိုယ်စီဆောင်ရွက်ကြရ၏။ တောဆင်တို့မှ အန္တရာယ်ပေးနိုင်သည် မဟုတ်ပါလော။

၂၀၀၁ ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့ကို မှတ်မိပါသေးသည်။ စာရေးသူနှင့်အတူ စောစေးစေး ဆင်ဖမ်း (ဆင်ခေါင်း)၊ မောင်စံလှ(ဆင်ဦးစီး)၊ လုံခြုံရေးအဖြစ်အမှတ်(၂၆၃) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးဖြိုးဝင်းကျော်၊ တပ်သား မောင်သန့်စင်ထွဋ် တို့ပါဝင်ကြပါသည်။ ယခင်နေ့များတွင် ပြေးနိုင်သစ်ပင်တက်နိုင်သောရဲဘော်တစ်ဦးသာပါဝင်ပါသည်။ ဗိုလ်ကြီးဖြိုးဝင်းကျော်မှာ သူလည်းလိုက်ပါလိုသည်ဆိုသဖြင့် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ မြေပုံညွှန်း(84 D/5M, 414418) စခန်းချရာဧရိယာမှ (၇း၃၀)နာရီတွင် တောသို့ စတင်ထွက်ခွာကြပါသည်။ မောင်တောမြို့နယ်အတွင်း ခေါင်းပေါက်ချောင်းဖျား၏ လက်ယာဘက် အခြမ်းကိုတောနင်း၍ အသွင်အပြင်ထူးခြားသောဆင်ကိုရှာဖွေရန်ဖြစ်ပါသည်။ နံနက် (၉း၃၀)နာရီခန့်တွင် တောဆင်အုပ်ခြေရာအသစ်၊ ချေး၊ အသစ်များ တွေ့ရသဖြင့်ခြေရာကောက်လိုက်ပါကြသည်။ မကြာမီ ဆင်အုပ်ရှိသည့် လက္ခဏာများကိုတွေ့ရ၏။ မိမိတို့လည်း သတိထားချဉ်းကပ်ရာဝယ် အရပ်အမြင့် ၈ ပေခွဲခန့်ရှိသော ဟန်ကုတ်ဆင်ကြီးမှာ တစ်ကောင်တည်း မိမိတို့နှင့် တောဆင်အုပ်ရှိရာ ဧရိယာ၏ကြားတွင်ရှိနေပြီး လူအနံ့ရသဖြင့် နှာမောင်းရိုက်၊ မြေပြင်တွင်ခွာရှုပ် မာန်ထလျက်ရှိနေသည်။ မိမိတို့အဖို့ အန္တရာယ်ရှိမှန်းသိသော်လည်း ကျန်ရှိသောဆင်အုပ်တွင် အသွင်အပြင်လက္ခဏာ ထူးခြားသောဆင်ပါ၊ မပါခွဲခြားရန်ဆန္ဒရှိနေပါသည်။

အနီးရှိ ဆင်ဦးစီးမောင်စံလှကို တစ်ဖက်တောင်ကြောတစ်ခုမှကျော်၍ ဆင်အုပ်အနီးသို့ ချဉ်းကပ်ရန် စေလွှတ်လိုက်သည်။ စောစေးစေး ဆင်ခေါင်း(ဆင်ဖမ်း)ကို ရှေ့သို့တိုး၍ ရနိုင်သရွေ့ ချဉ်းကပ်ရန် စေလွှတ်လိုက်ပါသည်။ မကြာမီ စောစေးစေးသည် ဟန်ကုတ်ဆင်ကြီးနှင့် ဆင်အုပ်ကြား သစ်ပင်ထိပ်ပေါ်မှ “ဆရာ-ဒီကိုလာပါ”ဟု ခေါ်သံကြားရသဖြင့် ဗိုလ်ကြီး ဖြိုးဝင်းကျော်၊ ရဲဘော်ကလေးနှင့် မိမိတို့သတိထား၍ အလျင်အမြန် စောစေးစေးရှိရာသစ်ပင်သို့ ချဉ်းကပ်ကြပါသည်။ သစ်ပင်အနီးရောက်သည်နှင့် ဟန်ကုတ်မှာမိမိတို့ထံ ပြေးလာသည့်ခြေသံ၊ စောစေးစေးမှ “မြန်မြန်တက်တက်”ဟု ပြောသံတို့ကြားရပြီး ထိုသစ်ပင်တစ်ပင်ကို သုံးဦးလုပြီး တက်ကြသည်။ တစ်ဦးနှင့်တစ်ဦး ဂရုမစိုက်နိုင်ဘဲ အလုအယက်တက်ကြရာ ဗိုလ်ကြီး၏သေနတ်နှင့် သစ်ကိုင်းတစ်ခု ငြိကာ သစ်ပင်တက်မရနိုင်သေးဘဲ ကျန်ရှိနေသဖြင့်မိမိလည်း တတ်နိုင်သလောက်ကူညီဆွဲတင်ပါသည်။ လက်၊ ခြေထောက်တို့ ပွန်းပဲ့နာကျင်မှုကို ဂရုမထားနိုင်ဘဲ သစ်ပင်ပေါ်ရောက်ရေးလုံးပန်းရ၏။ ၄င်းအချိန်တွင် ဟန်ကုတ်ကြီးမှာ ရှေ့သို့ တိုးမလာဘဲရပ်နေ၏။ ဗိုလ်ကြီးလဲ စိုးရိမ်စိတ်ဖြင့် ဇောချွေးပျံနေပုံကိုကြည့်ရင်း မိမိတို့လည်း ငိုအားထက်ရယ်အားသန်

ခဲ့ရပါသည်။ မကြာခင်တွင် အခြားကြောတစ်ဖက်မှ ဆင်ဦးစီးမောင်စံလှ ခြောက်လှန့်မှုကြောင့် တောဆင်များ မိမိတို့ အနီးဦးတည်လာသဖြင့် ခွဲခြား ကြည့်ရှုရ၏။ ထိုဆင်အုပ်တွင် ဂပေခွဲခန့် ဟန်ကုတ်ဆင်(၂)ကောင်၊ ဟိုင်းဆင်အကြီး(၅)၊ ဆင်မကြီး(၂)၊ ၆ ပေခွဲခန့်စွယ်စုံဆင်(၁)၊ ၆ပေခွဲခန့် ဆင်အလတ်(၂)၊ အမိနောက်လိုက် ဆင်ကလေး (၁)၊ စုစုပေါင်း တောဆင်(၁၃) ကောင်ပါဝင်၏။ ဆင်အားလုံး အမဲရောင်များဖြစ်ပြီး ထူးခြားမှုမတွေ့ခဲ့ရပါ။ ဗိုလ်ကြီးလည်း နောက်နေ့များ တောနင်းရာသို့ လိုက်ပါခြင်း မရှိတော့ပါ။

တောနင်းရာတွင် တောဆင်များ တစ်ကောင်နှင့်တစ်ကောင် ကျီစယ်အော်ဟစ်အသံပေးခြင်း၊ သစ်ကိုင်း၊ ဝါးပင်များ ချိုးဖဲ့စားသောက်သံ အရိပ်အယောင်တွေ့ရသည်နှင့် ပိုမိုသတိထားချဉ်းကပ်ကြပါသည်။ တောဆင်များ လူအနံ့မရစေရေးအတွက် လူစုခွဲကာတစ်ဦး၊ နှစ်ဦးသာ ရှေ့ပြေးဝင်ရောက်ချဉ်းကပ်ရ၏။ တောဆင်များနှင့်ပေငါးဆယ်၊ တစ်ရာ အကွာအဝေး ထိရောက်အောင်ကြိုးစားချဉ်းကပ်ကြ၏။ အသင့်ပါရှိသော အဝေးကြည့်မှန်ပြောင်းဖြင့် ဆင်အုပ်တွင် ပါဝင်သော ဆင်ကောင်ရေ၊ အထီး၊ အမ၊ ကလေးငယ်အရေအတွက်၊ ဆင်များ၏ မျက်လုံးဖြူ မဖြူ၊ အသားအရေ၊ နားရွက်၊ ခွာအရောင်အဆင်းတို့ကိုခွဲခြားရ၏။ တောဆင်တို့သည် ခန္ဓာကိုယ်ပေါ်သို့ ဖုံပက်တင်ထားတတ်သော သဘာဝ၊ အန္တရာယ်ကို သတိထားရသော အခြေအနေတို့ကြောင့် လူတစ်ဦးတစ်ယောက်၏ မျက်လုံးတစ်စုံတည်းဖြင့် ထူးခြားမှုကို အသေအချာခွဲခြား၍ မရနိုင်ပေ။ အဖွဲ့ဝင်များအားလုံး ကိုယ်စီမြင်တွေ့နိုင်အောင် ကြိုးစား ချဉ်းကပ်ကြည့်ရှုရပါသည်။ တစ်ခါတစ်ရံလူစုခွဲ၍ တောဆင်များဖြတ်ကျော်မည့် လမ်းပေါ်မှ သစ်ပင်ပေါ်တက်စောင့် ကြည့်ရခြင်း၊ ဆင်အုပ်နှင့်အနီးဆုံးသစ်ပင်သို့ ပြေးတက်ခွဲခြားခြင်းတို့ ဆောင်ရွက်ရသည်။ အဖွဲ့တွင်ရာထူးအရ မိမိသည် ခေါင်းဆောင်ဖြစ်သော်လည်း ဆင်ခြေရာကောက်ကျွမ်းသူ၊ အနီးသို့ ပါးနပ်စွာချဉ်းကပ်နိုင်သူ၊ ဆင်ဖမ်း၊ ဆင်ပစ်ဝန်ထမ်းများကို ဆရာတင်၊ ရှေ့တန်းတင်၍ ဆောင်ရွက်ရပါသည်။ ၎င်းတို့အကူအညီဖြင့် တောဆင်များအနီးသို့ ရောက်အောင် ချဉ်းကပ်ခွဲခြားရပါသည်။ တောဆင်တို့သည် အနံ့ခံပါးနပ်၍ အန္တရာယ်များသည် မဟုတ်ပါလော။

(၂၄-၁-၂၀၀၂)ရက် ညချမ်း(၂၁)နာရီခန့်တွင် ဦးသောင်းလှိုင်( ဒုတိယတိရစ္ဆာန်ဆေးကုမှူး)စောစေးစေး (ဆင်ခေါင်း)ဆင်ဖမ်း၊ မောင်မောင်ချေ(ချောင်းခေါင်း) ဆင်ဖမ်းတို့နှင့်အတူ စခန်းဘေး ကွင်းလယ်၌မီးလှုံနေခဲ့၏။ တစ်နေ့တာ တောနင်းလျက်ဆင်ဖြူတော်ရှာဖွေခဲ့သော အတွေ့အကြုံတို့ကိုပြောသူကပြော၊ နားထောင်သူက ထောင်လို့ဖြစ်၏။ ထိုစဉ်ဝယ် မောင်မောင်ချေက"ဆရာကျွန်တော်တို့ ဦးတိန္နနတ်မတင်ရသေးဘူးနော်"ဆိုပြီး မိမိကိုသတိပေးစကားဆို၏။ ယခင်တစ်ရက်နှစ်ရက်တုန်းက အမှတ်(၁၈) ထောက်လှမ်းရေးတပ်မှူးမှ ဦးသောင်းလှိုင်ကိုခေါ်၍ ဦးတိန္နနတ်တင်မြောက်ခဲ့သည်ကိုသိပါသည်။ ထို့ကြောင့် တို့စခန်းများထပ်တင်ဖို့လိုသေးသလား"ဟု ပြန်မေးမိပါသည်။ ထိုင်နေသူအားလုံးမှ "တင်ရင် ကောင်းတာပေါ့ဆရာ"ဟု တုံ့ပြန်ကြ၏။ "ဒါဆိုရင်" မနက်ဖြန်တွင် ဦးသောင်းလှိုင်မှ ဦးတိန္နမြောက်ရန်လိုအပ်သော ကောက်ညှင်း၊ ကွမ်း၊ အမွှေးတိုင်၊ နတ်စင်ဝါး စသည်တို့ရအောင်ပြင်ဆင်ပါ" တို့အဖွဲ့က ဆက်လက်တောနင်းကြမယ်၊နောက်တစ်နေ့ရောက်မှပူဇော်ကြမယ်"ဟုပြောကာ အစီအစဉ် ချမှတ်ခဲ့၏။

(၂၅-၁-၂၀၀၂)ရက်နေ့ နံနက်ပိုင်းရောက်သော် မနေ့က ပင်ပန်းမှုတွေနှင့် ဆောင်းရာသီ၏ ချမ်းအေးမှုတွေကြောင့် အိပ်ရာမှနိုးသော်လည်း မထလိုသေးပါ။ တာဝန်ကရှိသေးသမို့ တပည့်ဖြစ်သူ ဆင်ဦးစီးတွေကိုနိုးပြီး ထမင်းချက်ခိုင်းရပါသည်။ တဲစခန်းကငယ်ငယ်၊ လူအင်အားများသည်ဖြစ်၍ တစ်ယောက်နိုးသည်နှင့် အားလုံးနိုးကြသည်။ (၇)နာရီထိုးသည်နှင့် နံနက်စာ ထမင်းစားကြ၏။ အဖွဲ့နှစ်ဖွဲ့ခွဲ၍ မနေ့ညနေတွင် မထင်မရှားတွေ့ခဲ့ရသော တောဆင်များနောက်သို့ ခြေရာခံလိုက်ရန် စီစဉ်သည်။ အဖွဲ့တစ်ဖွဲ့တွင် မောင်မောင်ချေ (ချောင်းခေါင်း)၊ ဦးကျော်(ဆင်ဦးစီး)၊ မောင်ဘကျော်(ဆင်ဦးစီး)၊ တပ်ကြပ်သန့်ဇင်(ခ-လ-ရ(၂၆၃))တို့ လိုက်ပါ၏။ မောင်မောင်ချေတို့အဖွဲ့သည် ကင်းချောင်း လက်ယာလက်တက်အတိုင်း မြောက်ဘက်သို့ တောနင်းကြ၍ မိမိတို့အဖွဲ့မှာ ကင်းချောင်း လက်ဝဲလက်တက်အတိုင်း တောင်ဘက်သို့ တောနင်းခဲ့၏။ တောဆင်(၇)ကောင်ခန့် ဆင်အုပ်ညဦးပိုင်းသွားရာလမ်းအတိုင်း ခြေရာခံလိုက်ခြင်း ဖြစ်သည်။ မိမိအဖွဲ့မှ စောစေးစေး၊ မောင်ဘကျော်တို့မှာ ဆင်ခြေရာကောက်ရာတွင် အလွန်ကျွမ်းကျင်ကြ၏။ ဆင်အုပ်နောက်သို့(၄) နာရီခန့်အထိခြေရာအတိုင်း လိုက်ခဲ့ပြီးသော်လည်း ဆင်အုပ်အား အရိပ်အယောင်ပင် မတွေ့ရသေးပေ။ ခြေလျင်(၁၀)မိုင်ခန့် လျှောက်ခဲ့ပြီးဖြစ်၍ မိမိစိတ်တွင် အုံ့သြနေပါသည်။ "တောဆင်အုပ် အစာမစားပဲညကသွားတယ်"ဟု စောစေးစေးကို မေးလိုက်သည်။ တောဆင်များသည် ခန္ဓာကိုယ်ကြီးသလောက် အလွန်စိုးရိမ်တတ်ပြီး အန္တရာယ်ကြောင့် တစ်ခါတစ်ရံတွင် စားကျက်လုံးဝရွှေ့သွားတတ်ကြောင်း မိမိကိုရှင်းပြပါသည်။ သူက တောဆင်ဖမ်းခဲ့သည့် အတွေ့အကြုံ နှစ်ပေါင်း(၂၀)ခန့်ရှိပြီမဟုတ်ပါလား။

နေမွန်းတည့်ချိန်ဖြစ်လာသည်မို့ နေပူကြောင့် ခြေရာကောက်ခြင်း ခက်ခဲမှုတွေ့လာသည်။ မိမိတို့လည်း ကြိုးစား၍ မျက်ခြည်မပြတ်စေရန် တောဆင်ခြေရာအတိုင်း တစ်ထပ်တည်းလိုက်နေ၏။ တောဆင်အုပ်သည် တစ်ခါတစ်ရံ သက်ကယ်ကျင်း အတိုင်းဖြတ်ကျော်၏။ တစ်ခါတစ်ရံ တောင်ထိပ်ပေါ်တက်လေ၏။ တစ်ခါပြန်ဆင်း၏။ နောက်မှလိုက်ရင်း ကင်းချောင်းရေစီးရေဝေကိုကျော်၍ ကိုင်းကြီးချောင်း ရေဝေသို့ရောက်လာ၏။ မကြာမီတွင် နာရီပိုင်းအတွင်းသာ ကွာခြားမည် တောဆင်ချေးများကို တွေ့ရသဖြင့် ဆင်အုပ်မဝေးလောက်မှန်း ခန့်မှန်းမိကြပါသည်။ ပတ်ဝန်းကျင်ကို အကဲခတ်နေစဉ်ပင် တောဆင်အော်သံကို ကြားလိုက်ရ၏။ မိမိတို့လိုက်

ပါနေသောတောင်ကြောဆက်အတိုင်း ရှေ့ချိုင့်ထဲမှဖြစ်၏။ လက်မှနာရီ ငုံ့ကြည့်တော့ နေ့လယ်(၂)နာရီရောက်နေပြီ။ တောဆင်အုပ်ဝါးချိုးစားနေသံများကြားနေရ၏။ "တို့လည်း ထမင်းစားကြမယ်၊ ပြီးမှတိုးကြည့်မယ်"ဟုအဖွဲ့အား တိုးတိုး လေးပြောခဲ့၏။ သို့ဖြင့် စောစေးစေးမှ စုပေါင်းထည့်လာသော ထမင်းထုပ်ကို စားရန်ပြင်လေ၏။ မိမိက ခေါင်းဆောင်ဖြစ်၍ ဆင်ဖြူရှာဖွေစဉ်ကာလအတွင်း အသက်သတ်လွတ်စားသဖြင့် စခန်းမှ တပည့်လုပ်သူက ထည့်ပေးလိုက်သော ထမင်းထုပ် ကြောင့်ပြုံးမိပါသေးသည်။ သက်သတ်လွတ်စာအတွက် ထမင်းဖြူ ဆားနှင့်ငရုတ်သီးခြောက်ထောင်းကို ရောထည့်ပေး လိုက်ခြင်းကြောင့်ဖြစ်၏။ မောမောနှင့်စားရတော့လည်း မြိန် ရာ ဟင်းကောင်းပင်မဟုတ်ပါလော။

အဆာပြေစားပြီးသော် မောင်ဘကျော် (ဆင်ဦးစီး) ကိုအခြား တစ်ဖက်တောင်ကြောပေါ်သို့ စေလွှတ်လိုက်၏။ တပ်ကြပ်သန့်ဇင်အား ယခုနေရာမှစောင့်ခိုင်းပြီး စောစေးစေး နှင့် မိမိတို့နှစ်ယောက်ချိုင့်ထဲ ဆင်းကာဆင်အုပ်ကို ချဉ်းကပ် ရန်စီစဉ်သည်။ မိမိနှင့်စောစေးစေးလည်း တဖြည်းဖြည်း တောဆင်းသွားပြီးအနီးမှမြင်ရသော ဆင်အုပ်ကိုခွဲခြားနေ၏။ စောစေးစေးသည် အတင့်ရဲစွာ ရှေ့တိုးသွားပြီး တောဆင်နှစ် ကောင်အနီး ပေ(၇၀) ခန့်အကွာမှ သစ်ပင်တစ်ပင်သို့ အမြန် ချဉ်းကပ်လေသည်။ မိမိလည်း ၎င်း၏ နောက်ဘက်ပေ နှစ် ဆယ်ခန့်အကွာ သစ်ပင်သို့မြန်မြန်တက်ရလေ၏။ အနံ့ခံမိ၍ ရန်မူကလွတ်အောင် ရှောင်ရန်မလွယ်သော အကွာအဝေးမို့ စိုးရိမ်စွာလှုပ်ရှားရပါ၏။ တောဆင်အုပ်မှာ မိမိတို့ထင်သည် ထက်အကောင်ရေများပါသည်။ လူနံ့ရသဖြင့်တဖြည်းဖြည်း ချောင်းဖျားသို့တက်သွားနေ၏။ တပ်ကြပ်သန့်ဇင်နှင့် မောင်ဘကျော် (ဆင်ဦးစီး)တို့လည်း ဘယ်နေရာတွင် ရောက် နေသည်ကိုမသိရတော့ပေ။ အသံကြားလျှင် တောဆင်များ ထိတ်လန့်ပြေးမည်စိုးသဖြင့် တစ်ဦးနှင့်တစ်ဦး အသံလည်း မပြုရဲပေ။ တောဆင်များတစ်ဖက်သို့ ဦးတည်နေသဖြင့် စော စေးစေးကို "မင်းဒီအနားမှာသာနေခဲ့ ငါတောင်ကြောပေါ် ပြန်တက်ပြီး အသံပေးမည်"ဟု ကြားလောက်ရုံပြောကာ လူ ချင်းထပ်ခွဲလိုက်ပြန်၏။ မိမိလည်း တပ်ကြပ်သန့်ဇင်ရှိရာ တောင်ကြောသို့ပြန်တက်ခဲ့ရာ မတွေ့သဖြင့် တစ်ဦးတည်းပင် ဆင်အုပ်ဦးတည်ရာ ထိပ်သို့ရောက်အောင် ကြောအတိုင်း ပြေး ရ၏။ တောဆင်အုပ်ဦးတည်ရာ ထိပ်မှပြန်၍အသံပေးလျှင် ၎င်းတို့နောက်ကြောင်းပြန်လှည့်ကြလျှင် အသင့်စောင့်နေ သည့် စောစေးစေးက ထင်ရှားစွာမြင်နိုင်မည် မဟုတ်ပါလား။

ညနေပိုင်း(၄)နာရီခန့်ရောက်နေပြီ။ တစ်ဦးတည်း တောင်ကြောအတိုင်း ပြေးရသည်မှာထိတ်လန့်မှု အနည်းငယ် ခံစားမိပါသည်။ နောက်မှခြေသံလိုလို ကြားသဖြင့် အကဲဖြတ် ရပြန်၏။ ဆင်အုပ်အား ခွဲခြားနိုင်ရန် အရေးကြီးသည် မို့ လှုပ်ရှားနေမိပါသည်။ နာရီဝက်ကျော် ပြေးပြီးသော် ဆင်အုပ် ၏ ဦးတည်ရာထိပ်သို့မိမိရောက်ခဲ့၏။ မိမိသည် တောင် ကြောအထက်မှဖြစ်၍ တောဆင်များ ရိပ်မိပုံမပေါ်ပေ။ တော ဆင်များ၏ အခြေအနေကိုကြည့်ရင်း"ဘကျော်ရေ --ဘ ကျော်" ဟု လှမ်းအော်ကာ တစ်ဖက်တောင်ကြောမှ ဆင်ဦးစီး ကိုရှာဖွေလိုက်၏။ မောင်ဘကျော်(ဆင်ဦးစီး)ထံမှ အသံပြန် ကြားရသော်အနားမှသစ်ကိုင်း၊ ခဲလုံးတို့ဖြင့် ခြောက်လန့်မှု ကြောင့်တောဆင်အုပ်လည်း ပြန်လှည့်ပြေးကုန်၏။ အနံ့ရ သဖြင့်လည်းကောင်း၊ ခြောက်လှန့်သဖြင့်လည်းကောင်း၊ နောက်ကြောင်းပြန်ပြေးကြခြင်းပင်။ မိမိနှင့်မျက်နှာချင်း ဆိုင် တောင်ကြောမှ မောင်ဘကျော်၏ ခြောက်လှန့်အော်သံကို ကြားရပြန်၏။ တောဆင်အုပ်သည် ဟိုဖက်ဒီဖက် တောင် ကြောမှအသံ၊ အနံ့ရသဖြင့်နောက်ကြောင်းပြန်လှည့် ပြေး တော့၏။ တောဆင်များအုပ်စုလိုက် ချောင်းဖက်သို့ဦးတည် ပြေးနေသဖြင့် စောစေးစေးကောင်းစွာမြင်တွေ့ခွဲခြားနိုင်မည် ဟုယူဆ၏။ မိမိတို့ကား ဆင်အုပ်နှင့်တောင်အထက်အောက် ဖြစ်နေ၍ ထင်ရှားစွာခွဲခြားမရပေ။ တောဆင်များလည်း မိမိနှင့်မောင်ဘကျော်တို့ ခြောက်လှန့်မှုကြောင့် ပြေးလွှားကြ ပြီး အနည်းငယ်ပြန်ငြိမ်သက်နေချိန်ဝယ် ဆင်မကြီးတစ် ကောင်မှာ အမိနောက်လိုက်ငယ်တစ်ကောင်နှင့်အတူ အစာ စားရင်းအေးဆေးစွာကျန်ရစ်နေ၏။ ထိုဆင်မအား မောင်ဘကျော်မှ နှစ်ကြိမ်သုံးကြိမ်ထပ်မံ၍ ခြောက်လှန့်သော် ချောင်းသို့ အနည်းငယ်ဆင်းပြေးပြန်၏။ ထိုသို့ ပြေးစဉ်ဝယ် ဘကျော်မှ "ဆရာ ဒီဆင်မကြီးအဖြူဟေ့" "နားရွက်အဖြူ ကြီး"ဟု အော်ဟစ်ပြော၏။ မိမိလည်း နားရွက်၊ ရှေ့လက်ပြင် နှင့်လက်ပြင်ဘေးသားများ အခြားဆင်များနှင့် မတူဘဲ ထူး ခြားသော အသားအရေရှိသည့်ဆင်မကြီးအား မြင်ခဲ့၏။ မိမိတို့က တဖြည်းဖြည်းရှေ့သို့ တိုး၍ခြောက်လှန့်ကြရာ တောဆင်များတစ်ဖက်သို့ပြေးကြပြီး အဖွဲ့သားများလည်း ပြန် ဆုံမိကြ၏။ စောစေးစေးမှလည်း "ဟုတ်တယ်ဆရာ ဆင်ဖြူ မကြီးဖြစ်တယ်" "ကျွန်တော်သေသေချာချာ မြင်ရ တယ်"ဟု အတည်ပြုပြောဆိုပြန်၏။ အချိန်လည်း (၅း၃၀) နာရီခန့်ဖြစ်ပြီး နေဝင်တော့မည်ဖြစ်သ ဖြင့်တည်နေရာကို မှတ်သားကြ၏။ ၎င်းနောက် ဆင်ဖြူတော်ရှာဖွေရေး အဖွဲ့ ခေါင်းဆောင်ဦးအေးကြိုင်(လက်ထောက်၊ အထွေထွေ မန်နေဂျာ) စခန်းရှိရာ သရေကုန်းဘောင်ရွာသို့ ဖြတ်လမ်း အတိုင်း သွက်သွက်လှမ်းကြကာအသွင်အပြင်၊ အသား အရေထူးခြားသော ဆင်ဖြူတော်တစ်စီးအား ကိုင်းကြီးချောင်း လက်ယာလက်တက်စမ်းပင်ချောင်းဖျား (မြေပုံညွှန်း 84 D/ 5-M-395310 )ဧရိယာတွင်တွေ့ရကြောင်း၊ မနက်ဖြန်ထပ်မံ စစ်ဆေးမည်ဖြစ်ကြောင်း သတင်းပို့ပြီး ရှေ့တန်းစခန်းသို့ သုတ်ခြေတင်ရတော့၏။ မိမိတို့စခန်းသို့ရောက်သော် ည (၉)နာရီခန့်ထိုးနေသဖြင့်ရေမချိုးနိုင်ကြတော့ပေ။ စခန်းတွင် ကျန်ရစ်သောအဖွဲ့သားများလည်း သတင်းသိရသဖြင့် ပျော် ၍မဆုံးဖြစ်နေကြပါ၏။ မီးဖိုဘေးထိုင်ကာ ထမင်းစားရင်း မိမိတို့မြင်တွေ့ခဲ့ရသောအဖြစ်အပျက်အတွေ့အကြုံတို့ကို တစ်ယောက်တစ်လှည့်ပြောကြရင်း မောမောနှင့် အိပ်ရာ ဝင်ခဲ့ကြတော့၏။

++++++++++++



# ဟိုတစ်ချိန် ပုပ္ပါးတောင်ဥယျာဉ်ဆီက (သို့) သင်္ကြန်ကာလတောမီးထသောအခါ (၃)

ကိုပုပ္ပါး

ဤစာစုကိုရေးဖြစ်ရသည့်အဓိကအကြောင်း အရင်းက Print Media ဖြစ်တဲ့ ဂျာနယ်တစ်ခုတွင် ပုပ္ပါးတောင်တွင် တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ လောင်ကျွမ်းသွားတဲ့နေရာတွေကိုဘယ်လို အစီအမံပြုသင့်ကြောင်း ပြင်ပအဖွဲ့အစည်းတစ်ခုမှ ပြောဆိုမှုကိုဖတ်လိုက်ရ၍ ပုပ္ပါးတောင်ရှိတောများ မီးလောင်ကျွမ်းသည့်အခါ ဌာနတာဝန်ရှိဝန်ထမ်းများ ဆောင်ရွက်ခဲ့ရပုံကိုဖော်ပြလိုခြင်းဖြစ်ပါသည်။ မီးလောင်သည်ဟုဆိုရာတွင် လူအချို့မှာ လောင်သောနေရာရှိအရာအားလုံး အကုန်ပြောင်သလင်းခါလိမ့်မည် ထင်ကြပါသည်။ အချို့သောနေရာတွင် မှန်ကောင်းမှန်နိုင်ပါမည်။ သို့သော်ပုပ္ပါးတောင်ဥယျာဉ်တွင် တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံအရ ပုပ္ပါးတောင်တွင် လောင်သည့်တောမီးသည် အပင်များမှ ကြွေကျ ကျိုးကျသည့် ရွက်ခြောက်ကိုင်းခြောက်များနှင့် မြက်ခြောက်များသာအများဆုံး လောင်ကျွမ်းပြီးပင်စည်၊ ကိုင်းခက်၊ ရွက်အုပ်တို့လောင်ကျွမ်းသလို တဟုန်းဟုန်း တောက်လောင်ခြင်းမျိုးမဟုတ်ပါ။သို့အတွက်ကြောင့် လောင်သွားသည့် မီးလောင်ပြင်ဧရိယာကိုတွက်ချက်၍ သစ်တောဧရိယာပေါင်းမည်၍မည်မျှဆုံးရှုံးသည်ဟု တစ်ထစ်ချပြောဆိုမရကြောင်းကို ညွှန်းဆိုလိုခြင်းဖြစ်ပါသည်။

ခုနှစ်ကိုတော့ အတိအကျ မမှတ်မိတော့ပေ။ သို့သော်လည်း မဟာသင်္ကြန်ကာလ၏ အကြိုနေ့တစ်နေ့ ဆိုတာကိုတော့ ကောင်းကောင်းကြီးမှတ်မိနေပါသည်။ ထိုနေ့ကကျွန်တော်နှင့် လူငယ်များအပါအဝင် အပေါင်းအပါ တချို့ ရုံးဝင်းရှေ့တွင် ရေတိုင်ကီသုံးလေးလုံးချ၊ ဝါးလုံးတိုင်များထောင်၊ အုန်းလက်များဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်သောရေကစားမဏ္ဍပ်တစ်ခုကို တည်ဆောက်နေကြလေသည်။ တစ်နှစ်မှတစ်ခါပျော်မြူးရသောချိန်ခါမို့ မဏ္ဍပ်ဖြစ်မြောက်ရေးအတွက် အားလုံးကိုယ်စီတက်ကြွနေကြသည်။ မြူးကြွသောသံစဉ်များဖော်ကြူးရန်အတွက် VCD၊ အသံချဲ့စက်နှင့်ဆောင်းဘောက်များကိုလည်း မဏ္ဍပ်ဘေးတစ်ဖက် တစ်ချက်တွင် ထားရှိပြီးနောက် နံနက် ၁၁ နာရီ အချိန်ခန့်တွင် ကျွန်တော်တို့ရဲ့မဏ္ဍပ်အစီအစဉ်ပြီးသွားခဲ့လေသည်။ အားလုံးထမင်းစားပြန်နားကြရန်နှင့် ညနေနှစ်နာရီခွဲခန့်တွင် ပြန်ဆုံကာရေကစားကြရန် ပြောဆိုပြီးလူစုခွဲလိုက်ကြသည်။

နှစ်နာရီခွဲပြီဖြစ်သော်လည်းလူကသိပ်မစုံသေး။ လူစုံစေဖို့အတွက် အသံချဲ့စက်ဆီသွားပြီး အုန်းအုန်းဒိုင်းဒိုင်း မြူးမြူးကြွကြွ သင်္ကြန်သီချင်းတစ်ပုဒ်ကိုဖွင့်လိုက်သည်နှင့် မကြာပါ မဏ္ဍပ်ရှေ့သို့ လူအများစုစုရုံးရုံးရောက်ရှိလာပြီး သင်္ကြန်ရဲ့ပုံရိပ်တစ်ခုစတင် သက်ဝင်လှုပ်ရှားခဲ့သည်။ လူငယ်အချို့ကတေးသွားအလိုက် ဟန်ချက်ညီညီက ခုန်ပေါက်နေသော်လည်း အချို့လူမကြီးတကြီးများမှာ လူငယ်များလို မကတတ်တော့ လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက် ဘေးဆန့်ထုတ်လိုက်၊ ခြေနှစ်ချောင်းကို ယိမ်းကကွက်ကဲ့သို့ ရှေ့တစ်လှမ်းတိုး နောက်တစ်လှမ်းဆုတ်ဖြင့် တေးသီချင်း နောက်လိုက်ပါ ကခုန်နေကြသည်။

သည့်နောက်တွင်ဝန်ထမ်းအမျိုးသမီးတစ်ချို့နှင့် ဝန်ထမ်းများ၏ သမီးပျိုကလေးများ ပါဝင်အားဖြည့်လာ၍ ကျွန်တော်တို့မဏ္ဍပ်တွင် အဖြူအနီအပြာအဝါအရောင်စုံသွားလေသည်။ -ဘူလေးလဲ.. အဲဒါဘူလေး လဲ.... ကားတစ်စီးပေါ်မှ လူငယ်တစ်သိုက် မဏ္ဍပ်ရှေ့မှ မိန်းကလေးတစ်ဦးအားလက်ညှိုးထိုး၍ ဆိုသွားသည့် တေးသွားတစ်ချို့မောင်းနှင်သွားသည့် ကားနှင့်အတူ ဝေးလွင့်သွားချိန်တွင် -မီးလောင်လို့တဲ့ဟေ့ ဝေစမ်းအထက်နားတဲ့- ရုံးထဲကဂျူတီကျဝန်ထမ်းတစ်ဦး အော်ပြောသံက မဏ္ဍပ်ရှေ့သို့ လွှမ်းခြုံသွားသည်။(ဝေစမ်းဆိုသည်မှာရေထွက်စမ်းတစ်ခု၏ အမည်ဖြစ်သည်)

မကြာပါ အုပ်ချုပ်ရေးမှူးထွက်လာပြီး မဏ္ဍပ်ရှိဝန်ထမ်းများအား မီးငြိမ်းသတ်ရန်အတွက် ယူနီဖောင်းလဲရန်နှင့် ခါးချိတ်ဓား၊ ရေဗူး၊ လက်နှိပ်ဓာတ်မီးတို့မမေ့ရန် ဆော်ဩနေလေသည်။ မဏ္ဍပ်ရှိ ကျွန်တော်နှင့်ဝန်ထမ်းများလည်းအခန်းသို့ ကိုယ်စီပြန်ကာရေစိုအဝတ်များ ချက်ချင်းလဲပြီး ယူနီဖောင်းဝတ်၊ရေဗူး၊ ခါးချိတ်ဓားကိုယ်စီဖြင့် ရုံးရှေ့စုစည်းရာနေရာသို့ ရွာထဲတွင် နေထိုင်သည့် ဝန်ထမ်းအချို့သွားခေါ်နေစဉ် အသင့်စောင့်ဆိုင်းနေလေသည်။ ထိုအချိန်

တွင် တောအုပ်ကြီးမှ မီးလောင်ရာနေရာကို ခန့်မှန်း သိရှိနိုင်ရန် တောင်မကြီးထိပ်ရှိ ရုပ်သံဝန်ထမ်းများနှင့် မိုက်ခရိုဝေ့ဝန်ထမ်းများသို့ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး မီးလောင်သည့်နေရာကို ဘယ်လမ်းကသွားမည် ဘယ်နေရာရောက်ရင် ဘယ်စခန်းကဝန်ထမ်းတွေကို ခေါ်မည် တိုင်ပင်ပြီးနောက် မီးလောင်သည့်နေရာသို့ ချီတက်ရပါတော့သည်။

ပုပ္ပါးတောင်ဒေသတွင် သစ်ကြီးဝါးကြီးပေါ်များစွာ မပေါက်သော်လည်း ရွက်ပြတ်ရောနှောတောနှင့် မြေပြန့်ပိုင်းတွင် အင်တိုင်းတော၊ဆူးချုံတော၊အချို့နေရာတွင် ဝါးရုံတော အနည်းငယ် ပေါက်ရောက်ပြီးတောင်ထိပ်တွင် ထင်းရှူးတော အနည်းငယ်နှင့် မြက်ခင်းအများဆုံး ပေါက်ရောက်သည်ကိုတွေ့နိုင်ပါသည်။ လျှိုမြောင်ချိုင့်ဝှမ်း ပေါများလှသည့်အတွက် မီးလောင်ကွင်းကို ငြိမ်းသတ်ရာမှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ တောမီးလောင်ကျွမ်းရာတွင် သဘာဝအလျောက် လောင်သောမီးက မရှိသလောက်ရှားပြီး ဥယျာဉ်တွင်းဖြတ်သန်းသွားလာကြသော အနီးနားရှိ ကျေးရွာမှ လူတချို့၏အပြုအမူကြောင့် ဖြစ်ပေါ်သည်ကများပါသည်။

ကျွန်တော်တို့တွေမီးလောင်သည့်နေရာကို ရောက်ချိန်မှာတော့ မီးလောင်ကွင်းမှာ အတော်ကျယ်ပြန့်နေလေသည်။ ဧပြီလ၏ ပူပြင်းလှသောအပေါ်မှ နေ၏အရှိန်ကြောင့် ကြွေကျနေသော ရွက်ခြောက်များတဖျစ်ဖျစ်နဲ့ မီးတောက်လောင်နေသည်ကို ကြာကြာကြည့်မနေအား။ အနီးရှိ အပင်ကိုင်းအချို့ကို ပါလာသည့်ဓားဖြင့် တစ်လံသာသာ ဖြတ်ကြပြီးမီးတောက်များကိုအနီးနားမှ ဝိုင်းရိုက်ကြရသည်။ မီးများလွန်းလျှင်တော့ အနားကိုမကပ်ဝံ့။ ခပ်လှမ်းလှမ်းမှ မီးတားလမ်းအဖြစ် ရွက်ခြောက်အမှိုက်များကို တံမြက်လှည်းသလို နှစ်ပေခန့် ရှင်းလင်းကြရသည်။ ထိုသို့ရှင်းလင်းထားသောနေရာသို့ လောင်နေသောမီးရောက်လာလျှင် လောင်စာမရှိတော့၍ မီးညွန့်ကျိုးပြီး မီးလောင်ကွင်းကိုတစ်ပိုင်း တစ်နေရာ ဖြတ်တောက်ပြီးဖြစ်လေသည်။

လျှိုအတွင်းလောင်နေသောမီးကိုဖြင့် လျှိုတစ်ဖက်ထိပ်သို့ အလျင်အမြန်သွားရောက်ကာ လျှိုထိပ်မှနေ၍ မီးပြန်ရှို့ရပါသည်။ မီးလှန်သည်ဟုဆိုပါသည်။ သို့မှသာအောက်မှတက်လာသောမီးနှင့် အထက်မှ လောင်ဆင်းလာသောမီးတို့ဆုံကြချိန်တွင် မီးလောင်ကွင်းတစ်ပိုင်းအတွက် စိတ်အေးရပြန်ပါသည်။ မီးလောင်ကွင်းထဲမှ တချို့ သစ်ဆွေးတုံးများသည် မီးတောက်မရှိသော်လည်း မီးခိုးတစ်အူအူဖြင့် တွေ့သည့်အခါမျိုးတွင် မိမိတို့တွင်ပါလာသောရေဗူးမှ ရေကိုပါးစောင်တွင် အပြည့်ငုံပြီးရေပွားများထွက်အောင် မှုတ်ခဲ့ရပါသည်။ ရွက်ခြောက်ကိုလောင်သော မီးအားမီးတောက်ငြိမ်းအောင် သတ်နိုင်ပါက ထိုရွက်ခြောက်သည် မကြာမီပြာဖြစ်သွားပါသည်။ သစ်တုံးမှာ ကားရေဖြင့်မမှုတ်ဘဲ ဒီအတိုင်းထားခဲ့ပါက မီးခိုးအူနေသောသစ်သားတုံးကို လေပင့်လာသောအခါ မီးကြီးခဲကဲ့သို့ ဖြစ်သွားပြီး မီးတောက်အဖြစ် ပြန်တောက်လာနိုင်ပါသည်။

အပေါ်ကပူအောက်ကပူဘေးအနားက ပူနေသောနေရာသို့ ချွေးသံရွှဲရွှဲဖြင့် တောမီးလောင်ကျွမ်းမှုကို ဖြေရှင်းနေရသည့်အခါမျိုးတွင် ရေသည် အဖိုးထိုက်တန်ဆုံး အရာပင်ဖြစ်သည်။ ချွေးထွက်များ၍ အဆာလောင်ဆုံးသည်လည်းရေပင်ဖြစ်ပါသည်။ မိမိတို့အာသာဖြေ သောက်သုံးရန်ထက် မီးငြိမ်းသွားရန်ကိုသာ အလေးထားဆောင်ရွက်ခဲ့ရ၍ ရေပြတ်သွားသည်မျိုးလည်းကြုံခဲ့ဖူးပါသည်။ သို့ပေသည့် ပုပ္ပါးတောင်၏ ပေါများလှသော စိမ့်စမ်းရေထွက်များကြောင့် ရေထွက်စမ်းများရှိရာသို့ ဝန်ထမ်းတစ်ဦးကို ရေဗူးများသယ်ဆောင်ကာရေသွားရောက် ဖြည့်ယူခဲ့ရသည်များလည်းရှိပါသည်။

မီးငြိမ်းသတ်ရာတွင် ကြုံတွေ့ရသည်များကတော့ ပါလာသည့်ရေပြတ်၍ ရေသယ်သွားယူသူကို စောင့်မျှော်ရသည်ကမကြာမကြာ။ မြေပြင်မှလောင်ကျွမ်းသောမီးခိုးများကြောင့် အပင်ပေါ်ရှိ ခါချဉ်ကောင်များ မိမိတို့ခန္ဓာကိုယ်ပေါ် ပြုတ်ကျကာကိုက်ခဲခံရသည်ကအကြိမ်ကြိမ်။ လေဝှေ့၍ မီးခိုးများအလုံးလိုက် မျက်နှာကိုအမွှမ်းခံရသည်ကလည်းအခါခါ။ သစ်ကိုင်းဖြင့် မီးတောက်ကိုရိုက်နေစဉ်လေဝှေ့၍ မီးဟပ်ခံရသည်မှာအဖန်ဖန်။ ရာသီချိန်က တောထဲ ရှိ အလေ့ကျပေါက်နေသော ခွေးလျှာသီးများခြောက်သွေ့ပြီးချုံထဲရှိ ၎င်းအသီးနှင့်တိုးထိမိ၍ နေမထိထိုင်မသာ ယားယံခဲ့သည်ကအလီလီ။ ဆူးချုံတောများတွေ့သည့်အခါ ရှောင်ကွင်းမနေဘဲဆူးခြစ်ခံ၍ မီးတောက်ကိုဝင်ရိုက်ခဲ့ရသည် ကလည်း အဖုံဖုံ။

ညနေနေလုံးသည် တဖြည်းဖြည်းပျောက်ကွယ်လုစပြုနေသည်။ ကျွန်တော်တို့အဖွဲ့ မီးငြိမ်းသတ်မှုမှာကား မပြီးသေးပေ။ နေရောင်ရှိစဉ် မီးသတ်နေတုန်းက လောင်နေသော မီးအလင်းရောင်သည် သိပ်မထူးလှသော်လည်း နေရောင် မရှိ၍ ညရောက်လျှင်ဖြင့် မီးအလင်းရောင်သည် ထူးခြားမှုရှိပါသည်။ မီးရောင်တွေ့ခြင်းဖြင့် မီးလောင်ကွင်း ကျန်နေသေးသည်ကို အလွယ်တကူသိရှိနိုင်ပေသည်။ တောမီးဆိုသည်မှာ လောင်နေသည့် မီးစာကလေးလွင့်၍ အခြားနေရာသို့ရောက်ရှိလျှင် မီးလောင်ကွက်တစ်ကွက် ဖြစ်ပေါ်ပြီးအချိန်မီမငြိမ်းသတ်နိုင်ပါကမီးစာကျရာမှဗဟိုပြု၍ စက်ဝိုင်းသဏ္ဌာန်ခွဲ့ကားလောင်ကျွမ်းကာ မီးလောင်ကွက်တစ်ခုပြီးတစ်ခုများလာနိုင်ပြီး မီးလောင်ပြင်လည်း ကျယ်ပြန့်သွားတတ်ပါသည်။

စာမျက်နှာ ( ၂၁ )သို့ ➢

## ၂၀၁၁-၂၀၂၀ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာဆယ်စုနှစ်

**၂၀၁၅ ခုနှစ်၊ ဧပြီလ(၂၂)ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေနေ့အခမ်းအနားတွင် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း၏ အမှုဆောင်အတွင်းရေးမှူး BRAULIO FERREIRA DE SOUZA DIAS ၏ အမှာစကား**

**ဘာသာပြန်ဆိုသူ ➢ မေဇင်မြင့် (တိုးချဲ့)**




ဒေသခံလူများနှင့် အစုအဖွဲ့များသည် ဤကမ္ဘာမြေအား Pachamamaသို့မဟုတ် မိခင်ကမ္ဘာမြေဟု ရည်ညွှန်းလေ့ရှိကြပါသည်။ ကမ္ဘာမြေနှင့်လူသားတို့၏ ကံကြမ္မာသည် ဆက်နွယ်နေသော သမိုင်းကိုလိုက်၍ ပုံပေါ်ပြောင်းလဲခဲ့ကြပါ သည်။ ဧပြီလ(၂၂)ရက်နေ့အား အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေနေ့အဖြစ် သတ်မှတ်ကြေညာခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများသည် ကျွန်ုပ်တို့စားသုံးသော အစားအစာများထုတ်လုပ်ခြင်း ကိုထောက်ပံ့နေသော၊ ဆေးဝါးအရင်းအမြစ်ဖြစ်သော၊ ရေကောင်းရေသန့်ပေးသော၊ ကျွန်ုပ်တို့အား အစွန်းရောက်မိုးလေဝသဖြစ်ရပ်များမှ ကာကွယ်ပေးပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထောက်ပံ့နေသည့် ကျန်းမာပြီး အလွယ်တကူပြန်လည်တိုးတက်လွယ်သော ဂေဟစနစ်များ၏ အခြေခံ ဖြစ်ကြောင်း အသိအမှတ်ပြုမှုတစ်ခုပင်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာမိခင် ကမ္ဘာ့မြေနေ့ သတ်မှတ်ကြေညာခြင်းသည် ယခုလက်ရှိ မျိုးဆက်နှင့် နောက်လာနောင်သားမျိုးဆက်များ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် လိုအပ်ချက်များကြားတွင် မျှခြေတစ်ခုရရှိရေးအတွက် သဘာဝနှင့်ရော ကမ္ဘာမြေနှင့်ပါ ဟန်ချက်ညီအောင်နေထိုင်ရန်အတွက် ကျွန်ုပ်တို့အားလုံး၏ တာဝန်ရှိမှုကိုလည်း အသိအမှတ်ပြုနေပါသည်။

ဤသို့သတ်မှတ်ခြင်းသည် ကမ္ဘာမြေ၏ကျန်းမာရေးနှင့် ကမ္ဘာမြေကထောက်ပံ့နေသော သက်ရှိများနှင့်ဆိုင်သည့် စိန်ခေါ်မှုများကိုကမ္ဘာတစ်ဝန်းရှိလူထုက ပိုမိုသိရှိလာစေမည့်အခွင့်အရေးတစ်ခုလည်းဖြစ်ပါသည်။

ယခုအချိန်သည် indigenous အစုအဖွဲ့များ၊ ဒေသခံအစုအဖွဲ့များ၏အခန်းကဏ္ဍ၊ ကမ္ဘာမြေ၏သံသရာများနှင့် ကမ္ဘာပေါ်တွင်နေထိုင်သောသက်ရှိများအပေါ် ၎င်းတို့၏မိရိုးဖလာအသိပညာ၏ အရေးပါမှုအခန်းကဏ္ဍတို့အပေါ် အာရုံစိုက်ရမည့် အချိန်တစ်ခုလည်းဖြစ်ပါသည်။

Indigenous people များနှင့် ဒေသခံပြည်သူအစုအဖွဲ့များသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း၏ ရည်မှန်းချက် (၃)ခုဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့အောင်အသုံးပြုရေးနှင့် မျိုးရိုးဗီဇအရင်းအမြစ်များမှ ရရှိလာသော အကျိုးကျေးဇူးများအား သာတူညီမျှခွဲဝေရေးတို့တွင် အရေးကြီးသော ပါဝင်ဆောင်ရွက်သူများဖြစ်ကြပါသည်။ ဤအချက်ကိုပြသရန်အတွက် ၁၉၉၈ ခုနှစ်တွင် CBD ၏ အဖွဲ့ဝင်နိုင်ငံများညီလာခံတွင် ဒေသခံပြည်သူအစုအဖွဲ့များနှင့် CBD အဖွဲ့ဝင်နိုင်ငံများ၊ အခြားဆက်စပ်ပတ်သက်သူများကြားတွင် ဆွေးနွေးမှုကိုမြှင့်တင်ရန် forum တစ်ခုအဖြစ် အပိုဒ် ၈(ည)နှင့်ဆက်စပ်အပိုဒ်များအရ လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ဤ forum အောက်ရှိလုပ်ဆောင်ချက်များကို ကျေးဇူးတင်ပါသည်။ ဒေသခံများကလည်း ကွန်ဗင်းရှင်းအကောင်အထည်ဖော်ရာတွင် သိသာစွာပါဝင်လျက်ရှိပါသည်။

CBD ၏အောင်မြင်မှုများစွာရှိပါသည်။ အောင်မြင်မှုစာရင်းတွင် အပိုဒ် (၈)အကောင်အထည်ဖော်ရန်လုပ်ငန်းအစီအစဉ်တစ်ခု၊ သာသနာမြေများနှင့် ဒေသခံပြည်သူအစုအဖွဲ့များက ဘိုးဘွားစဉ်ဆက်နေထိုင်အသုံးပြုလာခဲ့သော မြေယာများ၊ ရေပိုင်နက်များအပေါ်တွင်ဖြစ်လာနိုင်သော သို့မဟုတ် ထိခိုက်ရန်အလားအလာရှိသော ဖွံ့ဖြိုးမှုများနှင့်ပတ်သက်၍ ယဉ် ကျေးမှု၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ပျက်စီးမှု ဆန်းစစ်ချက်များဆောင်ရွက်ရေးအတွက် Kon Voluntary လမ်းညွှန်ချက်များ (the Akwe)၊ The Tkarihwaieri Code of Ethical Conduct to Ensure Respect for the Cultural and Intellectual Heritage of Indigenow and Local Communities Relevant to the Conservation and Sustainable Use of Biological Diversity၊ Nagoya Protocol on Access to Genetic Resources and the Fair and Equitable Sharing of Benefits Arising from their Utilization နှင့် ၂၀၁၁-၂၀၂၀ ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာစီမံချက်၊ ရည်မှန်း ချက်နံပါတ် (၁၈)တို့ပါဝင်ပါသည်။

အထူးသဖြင့် Nagoya Protocol သည် မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ဆက်စပ်သောမိရိုးဖလာအသိကိုရရှိရေးနှင့် ၎င်းအသိကို အသုံးပြုခြင်းဖြင့် ရရှိသော အကျိုးအမြတ် ခွဲဝေရေးအတွက် မူဘောင်တစ်ခုထောက်ပံ့နေသည်ကို သတိ

ပြုရန် အရေးကြီးပါသည်။ Nagoya Protocol သည် မိရိုးဖလာဗဟုသုတကို address လုပ်နေသည့်အပိုဒ်များကို in corportate လုပ်ပါသည်။ ယင်း Protocol ၏ general provisionsများသည် မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ဆိုင်သည့် မိရိုးဖလာ ဗဟုသုတကိုအကာအကွယ်ပေးရာတွင် အထောက်အကူဖြစ်စေသည့် tools & mechanism များ ဖြစ်ပါသည်။ Nagoya Protocol သည် မိရိုးဖလာ ဗဟုသုတ ရရှိရေးနှင့် အသုံးပြုရေးသည် ထိုဗဟုသုတပိုင်ရှင် ဖြစ် သည့် သက်ဆိုင်ရာဒေသခံ အစုအဖွဲ့များ၏ကြိုတင်သိရှိမှု သို့မဟုတ် ခွင့်ပြုချက်နှင့် ၄င်းတို့၏ ပါဝင်မှုအောက်တွင် ရှိနေစေရန်၊ ထိုဗဟုသုတကို အခြေခံ၍ နောက်ထပ်ရရှိလာမည့် အကျိုးကျေးဇူးများအား သာတူညီမျှခွဲဝေရေးတွင် ၄င်းအစုအဖွဲ့များ ပါဝင်စေရန်၊ ထိုမိရိုးဖလာဗဟုသုတ အသုံးပြုခြင်းသည် နှစ်ဦးနှစ်ဖက် သဘောတူထားသည့်အချက်များပေါ်တွင် အခြေခံထားရန် အထောက်အကူပြုနေပါသည်။

မိခင်ကမ္ဘာမြေအတွက် ကျွန်ုပ်တို့အတူတကွ ဆက်လက် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲ၏တန်ဖိုးနှင့် ပတ်သက်၍ ပြည်သူလူထု၏ အသိအမြင်များ မြှင့်တင်ရေးအတွက် ကျွန်ုပ်တို့ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ရန် လိုအပ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းမှတစ်ဆင့် ကျွန်ုပ်တို့အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နားလည်သဘောပေါက်လာခြင်း၊ စားနပ်ရိက္ခာဖူလုံမှုရရှိလာစေခြင်း၊ လူသားတို့ကျန်းမာရေးကို တိုးတက်ကောင်းမွန်လာစေခြင်း၊ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေ ဖြစ်အောင် ကူညီပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုလျှော့ချရေး တွင် ပါဝင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်ပါသည်။

ကျွန်ုပ်တို့တစ်ဦးချင်းစီအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်ရေးအတွက် ခိုင်မာသောခြေလှမ်းဖြင့်စတင်ဖို့လိုအပ်ပါသည်။ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတစ်ဦးချင်းစီကစတင်ပါဝင် ဆောင်ရွက်ရန် အချိန်သည်ယခုအချိန်ပင်ဖြစ်ပါသည်။ ထိုဆောင်ရွက်ချက်များအားဖြင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာခြင်း၊ ကျန်းမာသောလူဦးရေပိုများလာခြင်း၊ ကျွန်ုပ်တို့အားလုံးအတွက် ရေကောင်းရေသန့်နှင့် စွမ်းအင်ရေရှည်ရရှိနိုင်ခြင်း၊ ယင်းမှတစ်ဆင့် ကျွန်ုပ်တို့ကမ္ဘာနှင့် လက်ရှိနှင့် နောင်အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် တစ်ခုကို ဖြစ်လာစေခြင်း စသည့် ရလဒ်ကောင်းများ ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မိခင်ကမ္ဘာမြေနေ့တွင် ကမ္ဘာမြေပေါ်မှ သက်ရှိများအတွက် ကျွန်ုပ်တို့လိုချင်သည့် သက်ရှိနှင့် သဘာဝဟန်ချက်ညီသော အနာဂတ်တစ်ခုရရှိရန် အတွက် ယခုပင်စတင်ဆောင်ရွက်ကြပါစို့။ ။ ။

စာမျက်နှာ ( ၁၉ )မှ အဆက် ➢

ည ခုနှစ်နာရီခွဲလေပြီ။ မီးလောင်မှုကအတောမသတ်နိုင်သေး။ အာလုံးကိုယ်စီဗိုက်တွေလည်းဆာနေကြပြီ။ ဆာလောင်မှုနှင့်အတူ အားအင်တွေလည်း တဖြည်းဖြည်းလျော့လာကာခြေကုန်လက်ပမ်းကျစပြုလာပြီ။ အခြေအနေကို ရိပ်စားမိသော တောအုပ်ကြီးက ဝန်ထမ်းနှစ်ဦးကို အနီးနားရှိစခန်းကိုသွားစေပြီးစခန်းမှာရှိသည့် ဆန်၊ဆီ၊ဆားဟင်းချက်စရာတို့ဖြင့် ဝန်ထမ်းများအတွက် ရိက္ခာစီစဉ်ရန် စေလွှတ်တော့သည်။ မီးကိုဒီအတိုင်းထားပြီး အားလုံး ပြန်သွားလို့လည်းမဖြစ်။ မီးကွင်းနည်းနည်းကျန်ကာမှ ဒီအတိုင်းထားပြီးပြန်သွားလျှင် နောက်နေ့ ဒီထက်မကပိုကျယ်ပြန့်ပြီး ပိုပင်ပန်းကြမည်။ သကြံန်အခါရက်မျိုးတွင် ယခုကဲ့သို့တောထဲနောက်ထပ်လာပြီးမီးမသတ်ချင်ကြ။ မသက်သာ၍ တာဝန်ကိုသွေဖည်မရ၍ လာကြရသည်။ဒါကြောင့် ဒီမီးကို ဒီညအပြီးသတ်နိုင်ဖို့ အားမွေးကြရမည်။

ခဏတဖြုတ်နားကြပြီးကျန်နေသေးသည့် မီးကွင်းကိုငြိမ်းသတ်ကြပြန်သည်။ ဒီလိုနဲ့ မီးငြိမ်းလိုက် နားလိုက်ဖြင့် မှောင်မှောင်မဲမဲတောအတွင်းဝယ် သစ်တောလုပ်ငန်း ၁၃ မျိုးအနက် မီးကာကွယ်ခြင်းလုပ်ငန်းကို ဝိုင်းဝန်းလုပ်ဆောင်ရင်း ညကိုးနာရီထိုးလုချိန်မှာတော့ မီးလောင်မှုချုပ်ငြိမ်းသွားပြီးပတ်ဝန်းကျင်သည်လည်း အမှောင်အတိဖြစ်သွားတော့သည်။ သိပ်မကြာပါ ရိက္ခာယူသွားသောဝန်ထမ်းနှစ်ဦးနှင့် စခန်းမှ ဝန်ထမ်းတစ်ဦးရောက်ရှိလာပြီး အင်ဖက်များဖြင့် ထုပ်လာသောထမင်းနှင့် ခရမ်းသီးချက်၊ ငရုတ်သီးဆားထောင်းတို့ကို အားရပါးရလွေးကြသည်။ ဆာနေသောအချိန် ဟင်းကောင်းမလိုဆိုသည်မှာကိုယ်တွေ့ဖြစ်ခဲ့ပါသည်။ စားသောက်ပြီးနောက် ဝန်ထမ်းအားလုံးလူစုပြီး နေရပ်ဆီသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ မှောင်သည်ဟုဆိုသော်လည်း ရှာခံဝန်ထမ်းများသည် သည်ခရီး၊ သည်လမ်း၊သည်တော၊ သည်တောင်ကို အလင်းရောင်မလို ခလုတ်မထိ ဆူးမညှိ သွားနိုင်ပေမယ့် ကျွန်တော်ကတော့ဖြင့် ပါလာသည့် လက်နှိပ်ဓာတ်မီးကိုအားကိုးသုံးပြုရပါသည်။

ပူပြင်းခြောက်သွေ့ချိန်၌ မီးလောင်ခြင်းသည် မြို့ရွာများတွင်မက တောတောင်တို့တွင်လည်း လောင်လေ့ရှိပါသည်။ ဒီနေရာမှာမီးငြိမ်းသတ်ပုံသတ်နည်းမှာမတူလှပေ။ မြို့ရွာများတွင် လောင်သောမီးအား မီးသတ်သမားများငြိမ်းသတ်ပုံကို လူတော်တော်များများ ဓာတ်ပုံ၊ ရုပ်မြင်သံကြားများမှ တွေ့မြင်နိုင်ကြပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အထင်ကရရှိပြီး ထူးခြားအံ့ဖွယ်လှသော ပုပ္ပါးတောင်တစ်ဝိုက်ရှိတောများမီးလောင်လျှင်ဖြင့် ဥယျာဉ်ဝန်ထမ်းများ မည်သို့မည်ပုံမီးငြိမ်းသတ်ရသည်ကို စာဖတ်သူအများ သိစေလိုခြင်းငှါ ရေးဖွဲ့လိုက်ရပါသည်။




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဩဂုတ်လက ထုတ်ပြန်ခဲ့သော ရှေ့ပြေးလူဦးရေစာရင်းအရ - မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၅၁,၄၁၉,၄၂၀ ဖြစ်ကြောင်း ကျား/မပါဝင်မှုအနေဖြင့် အမျိုးသားဦးရေ ၂၄,၈၂၁,၁၇၆ ဦးနှင့် အမျိုးသမီးဦးရေ ၂၆,၅၉၈,၂၄၄ ဦးရှိကြောင်း သိရှိရပါသည်။ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ (၂၉)ရက်နေ့မှ ဧပြီလ (၁၀)ရက်နေ့အထိ ကောက်ယူခဲ့ပြီး သန်းခေါင်စာရင်း ရည်ညွှန်းချိန်သည် ၂၀၁၄ ခုနှစ် မတ်လ (၂၉)ရက်နေ့ ညဉ့်သန်းခေါင်အချိန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေအရ - အမျိုးသား၊ အမျိုးသမီးပါဝင်မှုနှုန်း (Gender Disparity) နှုန်းမှာ ၄၈. ၂၇ ရာခိုင်နှုန်းနှင့် ၅၁. ၇၃ ရာခိုင်နှုန်းဖြစ်ရာ အမျိုးသား ၁၀၀ ရှိလျှင် အမျိုးသမီး ၁၀၇ ဦး (ခန့်)ရှိခြင်း ဖြစ်ပါသည်။ ဤ ကျားမအချိုးအစားကို တွေ့ရှိပြီး စာရေးသူငယ်ငယ်က ဘိုးဘွားများ ပြောပြခဲ့သော- "ဥသျှစ်တစ်တင်း နှမ်းတစ်တင်း" ဟူသည့်ဆိုရိုးစကားကို အမှတ်ရမိပါသည်။ နောင်တစ်ချိန်တွင် ယောကျ်ားဦးရေထက် မိန်းမဦးရေက ပိုများလာမည်ဖြစ်ပြီး ယောကျ်ားဦးရေသည် တင်းတောင်းထဲတွင်ရှိသည့် ဥသျှစ်သီးအရေအတွက်ခန့်ရှိပြီး မိန်းမဦးရေမှာမူ တင်းတောင်းထဲတွင်ရှိသည့် နှမ်းစေ့အရေအတွက်ထိအောင် များပြားလာမည်ဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။ ထို့ပြင် "လူပျို့အမေ ဆန်တစ်စိတ်နဲ့ ရွှေမန်းဆိုတောင်တော်ရိပ်မှာ ပုန်းအိပ်ရအောင်" ဆိုသည့် စကားလည်း စာရေးသူတို့ငယ်ငယ်က ခေတ်စားခဲ့ဖူးပါသည်။

စာရေးသူ၏ မျိုးဆက်များတွင်ရှိသော ကျားမအချိုးအစားကို ပြန်လည်ဆန်းစစ်ကြည့်ရာ - စာရေးသူ၏ အဘိုးအဘွား (မိခင်၏ ဘခင်နှင့် မိခင်) တွင် မြေး ၂၅ ဦးရှိရာ - မြေးယောကျ်ားလေး ၁၅ ဦး (စာရေးသူအပါအဝင်) ရှိပြီး မြေးမိန်းကလေး ၁၀ ဦးရှိပါသည်။ ကျားမပါဝင်မှု အချိုးအနေဖြင့် - ၆၀% နှင့် ၄၀% ဖြစ်ပါသည်။ စာရေးသူ၏ ဖခင်နှင့်မိခင်တွင် မြေး ၇ ဦးရှိရာ မြေးယောကျ်ားလေး ၂ ဦးသာပါဝင်သဖြင့် ကျားမအချိုး ၂၈. ၆% နှင့် ၇၁. ၄% ဖြစ်ပါသည်။ စာရေးသူတို့ ဇနီးမောင်နှံတွင် မြေး ၄ ဦး ရှိသည့်အနက် မြေးယောကျ်ားလေး တစ်ဦးတည်းသာ ပါဝင်သောကြောင့် ကျားမအချိုးသည် ၂၅% နှင့် ၇၅% ဖြစ်ရာ ယောကျ်ားလေးပါဝင်မှု သိသာစွာကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဤအချိုးသည် စာရေးသူ၏ မျိုးဆက်တစ်ခုတည်းအတွက်သာ ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံးမှ ယခုလက်ရှိ ကျားမ အချိုးအစားအရ - နောင်တစ်ချိန်ချိန်တွင် "ဥသျှစ်တစ်တင်း နှမ်းတစ်တင်းခေတ်"သို့ ရောက်ရှိနိုင်မည်လား - ရောက်ရှိနိုင်သည်ဆိုလျှင် နောင်နှစ်ပေါင်း မည်မျှကြာလျှင်ရောက်မည်လဲ ဆိုသည့် မေးခွန်းများမှာ စိတ်ဝင်စားဖွယ် မေးခွန်းများပင် ဖြစ်ပါသည်။ နောက်တစ်ကြိမ် ကောက်ယူမည့် သန်းခေါင်စာရင်းအရ ထွက်ပေါ်လာမည့် ကျားမဦးရေအရ ဖော်ပြပါ မေးခွန်းများကို အကြမ်းဖျင်းခန့်မှန်းနိုင်ကောင်း ခန့်မှန်းနိုင်ပါမည်။

ဤဆောင်းပါးကို ရေးသားနေစဉ် - ၂၀၁၃ ဒီဇင်ဘာထုတ် Time မဂ္ဂဇင်းတွင်ဖတ်ရှုခဲ့သော "Why China Needs More Children" ဆောင်းပါးမှမှတ်သားထားသော ကိန်းဂဏန်းအချက်အလက်များကို ပြန်လည်သတိရမိပါသည်။ တရုတ်နိုင်ငံတွင် သားယောကျ်ားလေး ၁၁၈ဦးမွေးဖွားလျှင် သမီးမိန်းကလေး ၁၀၀ သာ မွေးဖွားနေကြောင်း အကျိုးဆက်အဖြစ် ၂၀၂၀ ပြည့်နှစ်သို့ရောက်ရှိချိန်တွင် လက်ထပ်ဖို့ အရွယ်ရောက်နေသည့် တရုတ် အမျိုးသား သန်း ၃၀ အတွက် လက်ထပ်ရန် သတို့သမီး ရှာ၍မရနိုင်ဘဲ ဖြစ်မည့်အကြောင်း၊ အသက် ၁၅နှစ်အောက် လူငယ်လူရွယ်စုစုပေါင်းဦးရေတွင် ယောကျ်ားလေးဦးရေက မိန်းကလေးဦးရေထက် ၁၁၈ သန်းများနေကြောင်း၊ မိန်းမ ရှာ၍ မရနိုင်သဖြင့် မိမိ၏ family tree ကိုဆက်လက်၍ မပြန့်ပွားနိုင်သည့် ယောကျ်ားများအား bare branches ဟု ခေါ်ဝေါ်ကြကြောင်း မှတ်သားမိပါသည်။ ယခုကဲ့သို့ဖြစ်ရခြင်း၏ အကြောင်းရင်းသည် ၁၉၇၉ ခုနှစ်က စတင်ခဲ့သော တရုတ်အစိုးရ၏ "One-Child Policy" ကြောင့်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဆင်းရဲမှုလျှော့ချရေးနှင့် အဆမတန် များပြားလျက်ရှိသော လူဦးရေကို ထိန်းချုပ်ရန်အတွက် မိသားစုတစ်စုလျှင် ကလေးတစ်ဦးသာယူရန် ဥပဒေသတ်မှတ်ခဲ့ခြင်းကြောင့် သားယောကျ်ားလေးကို သမီးမိန်းကလေးထက်ပို၍ တန်ဖိုးထားတတ်သော တရုတ်လူမျိုးများ၏ အစဉ်အလာအရ ယောကျ်ားလေးကိုသာ လိုချင်သဖြင့် ကိုယ်ဝန်ဆောင် မိခင်၏သန္ဓေသားသည် မိန်းကလေးဖြစ်နေလျှင် ကိုယ်ဝန်ကို ဖျက်ချပစ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ မိန်းမဦးရေနည်းသွားရခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ဖော်ပြပါ ပေါ်လစီ၏ အရေးကြီးသော အခြား အကျိုးဆက်သည် တရုတ်ပြည်၌ လူငယ်လူရွယ်ဦးရေ သိသာစွာ လျော့နည်းလာခြင်းကြောင့် ၂၀၁၂ ခုနှစ်ကကျောင်းတက်မည့် ကျောင်းသားကျောင်းသူ နည်းသွားသဖြင့် ကျောင်းပေါင်း ၁၃,၆၀၀ကို ပိတ်ခဲ့ရကြောင်း၊ နောင်တွင်အလုပ်လုပ်နိုင်သည့် လူငယ်များ သိသာစွာလျော့နည်းလာပြီး နိုင်ငံ၏ လုပ်အားအရင်းအမြစ် ကျဆင်းမည်ဖြစ်ကြောင်း သက်ကြီးရွယ်အိုဦးရေ အချိုးအစား မြင့်မားလာသဖြင့် လူငယ်များ အပေါ်တွင် ပို၍ ဝန်ပိမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

၁၉၆၆ ခုနှစ်က တရုတ်အမျိုးသမီးတစ်ဦး၏ ပျမ်းမျှကလေးမွေးဖွားနှုန်းသည် ၆. ၂ ဦးရှိခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ၂. ၈ ဦးရှိခဲ့ကြောင်း One-Child Policy ချမှတ်ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ်တွင် ၁. ၇ ဦးသာရှိတော့ကြောင်း Demographic (Demography - ဒေသတစ်ခုအတွင်း၌ အပိုင်းအခြားတစ်ခုအတွင်း ဖွားခြင်း၊ သေခြင်း၊ ရောဂါဘယဖြစ်ပွားခြင်း စသည်တို့ကို လေ့လာသည့်ပညာရပ်) ပညာရှင်များ၏ တွေ့ရှိချက်များအရ လူမျိုးတစ်မျိုးသည် ယင်း၏လူဦးရေကို ထိန်းသိမ်းထားနိုင်ရေးအတွက် အမျိုးသမီးတစ်ဦးလျှင် ကလေး၂. ၁ ဦး မွေးဖွားရန် လိုအပ်ကြောင်း သိရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် တရုတ်အစိုးရက ၁၉၇၉ ခုနှစ်က ချမှတ်ခဲ့သော One-Child Policy ၏ အကျိုးဆက်များနှင့် ပတ်သက်၍ Peking University မှ လူဦးရေပါရဂူ Mu Guangzong ၏ သဘောထားမှတ်ချက်ကို မူရင်းအတိုင်း ဖော်ပြ လိုက်ပါသည်။ "The People who made the Policy never imagined all the problems we're facing right now. Their knowledge of demography was shallow. Now society has to pay heavily for their ignorance."




## ပြည်သူ့ သားမောင်

ယုယမင်းသူ (ရွှေပုံတောင်)

✶ ငါဟာ ဝန်ထမ်းတစ်ယောက်ဖြစ်တယ်
ကျသည့် နေရာ တာဝန်ထမ်းဆောင်ဖို့
တောင်တွေဖြတ်ခါသွားပြီး
မြေပြန့်ကိုလည်း ရောက်ခဲ့တယ်။

✶ ၂၀၀၅-ခုနှစ်မှ စတင်ကာ
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးကိုလည်း
ရောက်ခဲ့တယ်။

✶ ခုနှစ်ရက်သားသမီးတွေအတွက်
ကမ္ဘာပေါ်မှာ အပူအအေးမျှတစေဖို့
သစ်ပင်တွေကိုလည်း စိုက်ခဲ့တယ်။

ရာဇဝင်မှာ ထင်ကျန်ရစ်စေဖို့
ပြည်သူတွေကို အကျိုးပြုစေတဲ့
လုပ်ငန်းတွေလည်း လုပ်ခဲ့တယ်။

တစ်ခါတစ်ရံ အထီးကျန်နေတဲ့ငါဟာ
ထာဝစဉ် မအားနိုင်ပါဘူး
ရောင်ဖယ်ကာ မသွားရက်သူမို့
တာဝန်တွေကိုထမ်းဆောင်ကာ
ရွှေပုံတောင်ကိုလည်း ရောက်ခဲ့တယ်။

✶ ၂၀၁၂-ခုနှစ် အကူးမှာတော့
ရောက်သည့်နေရာ မနေသာပဲ
ကိုယ်စိုက်ပျိုးတဲ့စိုက်ခင်းကို သားသမီးပမာ
ပြုစုစိုက်ပျိုးခဲ့တာ နှစ်နှစ်ခွဲကြာ။

✶ ၂၀၁၄-ခုနှစ် တန်ခူးလအကျော်မှာတော့
ရွှေပုံတောင်စိုက်ခင်းလေးမှ
တိုက်ကြီးမြို့သို့ ရောက်ခဲ့တယ်။

✶ ယခုဆိုရင် ငါ၏လုပ်သက်ဟာ
အနှစ်၂၀ကျော် ကြာခဲ့ပြီမို့
ခေတ်အဆက်ဆက် ယနေ့ထက်တိုင်
တိုင်းနိုင်ငံ ပြည်သူ့အကျိုးပြုစေဖို့
တို့နိုင်ငံ ဂုဏ်ရှိန်မြင့်မားအောင်
ထမ်းဆောင်ခဲ့တယ် နေ့ညမအား။ ။

## ကာတွန်း/ ကဗျာ ကဏ္ဍ

### နာဂစ်(သို့မဟုတ်) မရဏပန်း

* သူ့ကပန်းလို့ ဆိုခဲ့လျှင်လည်း
မဟုတ်ဘူးလို့ မငြင်းပါဘူး
ဒါပေမဲ့ သူဟာ မရဏပန်း

* သူ့မှာ နူးညံ့မှုမရှိ
သူ့မှာ အကြင်နာတရားမရှိ
ရက်စက်ခြင်းအတိ မရဏပန်း

* လူ့အသက် လူ့ခန္ဓာတွေဆုံးရှုံး
လူ့ဘဝတွေ ပျက်သုဉ်းအောင် ပွင့်ခဲ့တဲ့ပန်း

* ဘုရားမတင် ခေါင်းမဆင်
လူတွင်ပန်းဆယ်မျိုးဆိုတာရဲ့
အပြင်ဘက်ကပန်း

* တို့မိတို့ဘ တို့ဘိုးဘွား
တို့သား တို့သမီး
တို့ညီ တို့ညီမ
တို့ဦး တို့အဒေါ်
တို့ဆွေမျိုးသားချင်း
တို့လူသား အရင်းတွေ
ပင်လယ်(သို့)ရေကို အသက်ပေးချစ်လိုက်သလိုမျိုး
အောက်စီဂျင်(သို့)လေကို အသက်ပေးတပ်မက်သလိုမျိုး
အဆိုးအတွေတွေဖြစ်စေခဲ့တဲ့
နာဂစ်ဆိုတဲ့ မရဏပန်း
လမ်းသာလို့ လာခဲ့သလား

* သဘာဝကပွင့်တဲ့ပန်းရေ
သည်ရေခဲ မြေခဲတွေ
တို့လူသားတွေ ဖန်တီးခဲ့သတဲ့လား

* တော်ပါပြီ
သည်လိုပန်းမျိုး
အထွက်တိုးဖို့
တို့တွေ မကြိုးစားတော့ဘူး
" မျိုး" တောင်မချန်တော့ပါဘူး ။

(သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များအား ကာကွယ်ကြပါစို့)

ကြည်ဦး၊ (တောအုပ်ကြီး၊)
အင်းတော်ကြီးတောခိုတော






**ပူနွေးကမ္ဘာ တားဆီးရာ**
**မြေရှာတစ်ခု တောပြုစု။**



ကမ္ဘာကြီး ပူနွေးလာတာ
သဘာဝကြောင့် ဖြစ်သလို၊
လူတွေကြောင့်လည်း
ဖြစ်တယ်။

**APK**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း နော်ဝေနိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ရေးရာ သုတေသနဌာန (Bioforsk) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။ (၃၀-၄-၂၀၁၅)



ဒုတိယဝန်ကြီးဦးအေးမြင့်မောင် မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများတွင် Spatial Monitoring and Reporting Tool (SMART) အား အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (၂၈-၄-၂၀၁၅)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၇-၄-၂၀၁၅)



၁၃၇၇ခုနှစ်၊ တန်ခူးလဆုတ်(၁၄)ရက်၊ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမိသားစု အန္တရာယ်ကင်းပရိတ်တရားနာယူစဉ်။ (၁၇-၄-၂၀၁၅)



သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် (၈)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ သစ်တောကဏ္ဍဆိုင်ရာ အရာရှိကြီးများအဆင့် မူဝါဒရေးရာသင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် ။(၃-၄-၂၀၁၅)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ အိုဇုန်းလွှာနှင့် ခရမ်းလွန်ရောင်ခြည်အကြောင်း အသိပညာပေးအခမ်းအနားတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ (၂၉-၄-၂၀၁၅)

## ၂၀၁၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဓါတ်ပုံပြိုင်ပွဲမှ ဆုရ ဓာတ်ပုံများအား ဖော်ပြအပ်ပါသည်။



ပထမဆု
ဦးအောင်မျိုးထွန်း (Upper Myanmar)



ဒုတိယဆု
ဦးမြင့်သန်း (ငွေကြယ်မင်း)



တတိယဆု
ဦးအောင်ဟိန်းကျော်



နှစ်သိမ့်ဆု(၁)
ဦးထက်သူ (ရွှေကျောင်းကြီး)



နှစ်သိမ့်ဆု(၂)
ဦးအောင်ကျော်ထွန်း (ပုသိမ်ကြီး)



နှစ်သိမ့်ဆု(၃)
ဦးဘိုသင်း(မန်းတက္ကသိုလ်)

## ဝေနှသစ်တောကြိုးဝိုင်းအတွင်း ဇီဝမျိုးစုံမျိုးကွဲများအား သုတေသနပြု ကွင်းဆင်းဆောင်ရွက်ခြင်း

ပိန်ညင်း (Alcedo meninting)





တာမြီး (Terpsiphone paradisi)

တောင်ငုံး (Pitta sordida)





ဗွတ် (Tricholestes criniger)

ငှက်ဆတ် (Serilophus lunatus)





စစ္စလီ (Dendrocygna javanica)

ပိန်ညင်း (Pelargopsis capensis)





သဲဖား(Microhyla ornata)



ကျောပြားကင်းလိပ်ငွေ့ကျော(Eutropis macularia)



ပုတ်သင်ပျံ (Draco taeniopterus)



ငန်းဝါ(Boiga cyanea)



လိပ်ပြာ(Pachliopta coon)



လိပ်ပြာ(Kallima limborgii)

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (Biodiversity and Nature Conservation Association-BANCA) မှ သုတေသနအဖွဲ့(၅)ဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မေလ (၁၅-၃၀) ရက်နေ့အထိ တောင်ငုံးရင်မဲ (Gurney's Pitta) အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ (ငှက်၊ နို့တိုက်သတ္တဝါ၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါအင်းဆက်ပိုးများနှင့် အပင်များ) တည်ရှိမှုအခြေအနေများကိုသိရှိရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်နေသောအန္တရာယ်များကို ဆန်းစစ်လေ့လာနိုင်ရန်ရည်ရွယ်၍ ငဝန်သစ်တောကြိုးဝိုင်းအတွင်းတွင် ဇီဝမျိုးစုံမျိုးကွဲများအား သုတေသနပြုစာရင်းကောက်ယူခဲ့ပါသည်။

ကွင်းဆင်းကာလအတွင်း စာရင်းကောက်ယူခဲ့သည့်နေရာ(Survey Sites) များအား မှတ်တမ်းဓာတ်ပုံရိုက်ယူခြင်းနှင့် GPS ဖြင့် မှတ်သားခြင်း၊ ဒီဂျစ်တယ်အသံဖမ်းစက်ဖြင့် အသံဖမ်းယူခြင်း၊ နို့တိုက်သတ္တဝါများ၏ လမ်းကြောင်းများအား ခြေရာခံခြင်း၊ ခြေရာများအားတိုင်းတာခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ အလေ့အထနှင့် ကျက်စားမှုအခြေအနေများ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်နေသောအန္တရာယ်များနှင့် သက်ရောက်မှုအခြေအနေများ၊ သစ်တောအမျိုးအစားနှင့် သစ်တောပြုန်းတီးမှုအခြေအနေများအား ဒေသခံများနှင့် မုဆိုးများထံ မေးမြန်းခြင်းနှင့် စာရင်းကောက်ရရှိခဲ့သောမျိုးစိတ်များအား IUCN Red List ၂၀၁၄ တိုက်ဆိုင်စိစစ်ခြင်းနှင့် field guide book ဖြင့် မျိုးခွဲခြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းလေ့လာခြင်းမှ ငှက်မျိုးစိတ်(၁၂၂) မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ်(၂၀) မျိုး၊ ကုန်းနေရေနေသွားတွား သတ္တဝါမျိုးစိတ်(၁၈) မျိုး၊ လိပ်ပြာမျိုးစိတ်(၇၁)မျိုး၊ အပင်မျိုးစိတ်(၂၉)မျိုးနှင့် ဝါးမျိုးစိတ်(၁၂)မျိုးတို့ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered) တောရိုင်းတိရစ္ဆာန်များ ဖြစ်သည့် တောင်ငုံးရင်မဲ (*Pitta gurneyi*) အပါအဝင် ကျား(*Panthera tigris*)၊ ကြံ့သူတော်(*Tapirus indicus*)၊ အာရှဆင်(*Elephas maximus*)နှင့် ကျားသစ် (*Panthera pardus*) စသည့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရှိခဲ့ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ၏ တည်ရှိမှုအခြေအနေများ၊ ခြိမ်းခြောက်မှုအန္တရာယ်များအား သိရှိ မှတ်တမ်းတင်နိုင်ခဲ့သည့်အပြင် သဘာဝခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျေးရွာအကြီးအကဲများနှင့် ဒေသခံများအား တွေ့ဆုံ၍ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးမှုအခြေအနေ၊ လူဦးရေတည်ရှိမှု၊ လူမျိုးနှင့်ကိုးကွယ်မှု၊ ပညာတတ်မြောက်မှု၊ သဘာဝတောများနှင့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်မည့်အခြေအနေတို့ကိုလည်း မေးမြန်းလေ့လာခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ငဝန်သစ်တောကြိုးဝိုင်းအတွင်းရှိ သစ်တောများတွင် ဇီဝမျိုးစုံမျိုးကွဲဂေဟစနစ်များ ကောင်းမွန်စွာရှိနေသည်ကို တွေ့ရှိရခြင်းကြောင့် သဘာဝသယံဇာတများရေရှည်တည်တံ့စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ခြိမ်းခြောက်လျက်ရှိသောတရားမဝင် မြေအသုံးချမှုများ၊ အမဲလိုက်မှုများ လျော့နည်းစေရေးအတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

## အင်းလေးကန်ဘေးမဲ့တောသို့ ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ ကွင်းဆင်းလေ့လာခြင်း





ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသားကျောင်းသူ(၁၃၅)ဦးတို့သည် (၆-၄-၂၀၁၅)ရက်နေ့တွင် အင်းလေးကန်ဘေးမဲ့တောသို့ ကွင်းဆင်းလေ့လာရေးခရီး လာရောက်ခဲ့ပါသည်။

အဆိုပါလေ့လာရေးအဖွဲ့အား အင်းလေးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးတွင် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးမှ မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုအခြေအနေ၊ အင်းလေးကန်ဘေးမဲ့တော လက်ရှိထိန်းသိမ်းမှုဆောင်ရွက်နေမှုများ၊ ဌာန၏ ရည်ရွယ်ချက်များ၊ ရေပျော်ငှက်များ ပျံ့နှံ့ကျက်စားမှု အခြေအနေများ၊ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝမှုများ၊ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တည်ထောင်ထားရှိမှု၊ လူသားနှင့်ဇီဝအဝန်း သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ရန် ဆောင်ရွက်နေမှုများအား Power Point ဖြင့် ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နောက်ကျောဖုံးမှ အဆက်

**အလှမွေးငါး အာရိုဝါးနား(သို့) ငါးနဂါး**

အာရိုဝါးနားငါး(သို့မဟုတ်) ငါးနဂါး (Arowana /Lucky fish) များသည် ဦးခေါင်းမာပြီး အကြေးခွံများသည် သိသိသာသာကြီး၍ အကြေးခွံ (၅) တန်းသာရှိပါသည်။ အကြေးခွံများသည် ရောင်စုံကျောက်များ စီစဉ်မွမ်းမံထားသည်နှင့်တူပြီး မျိုးစိတ်အလိုက် ရွှေနဂါး (Golden arowana)၊ ငွေနဂါး (Silver arowana)၊ ပတ္တမြားနဂါး (Super red/ Chilied arowana)၊ ကျောက်စိမ်းနဂါး(Green arowana) နှင့် နဂါးနက် (Black arowana) ဟူ၍ အသီးသီးခေါ်ဆိုကြပါသည်။ ရေလွှာ အပေါ်ပိုင်းတွင် ကျက်စားနေထိုင်သည့် ငါးမျိုးစိတ်များဖြစ်ပြီး ရေအောက်မှ ရေပြင်အထက်အမြင့် (၆) ပေခန့်ထိ ခုန်နိုင်သောကြောင့် ရေမျောက် (Water monkey) ဟူ၍လည်းကောင်း၊ အင်ဒိုနီးရှားဘာသာစကားဖြင့် အာရိုဝါးနား (Arowana/ Nirwana) သို့မဟုတ် (Fish of paradise) ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။

**အာရိုဝါးနားငါးမျိုးစိတ်များ**

အာရိုဝါးနားငါး(Arowana / Lucky fish) များသည် ငါးမျိုးရင်း Family-Osteoglossidae တွင်ပါဝင်ပြီး လျှာရိုးမာငါး (Bony tonguefish)မျိုးစိတ်များဖြစ်ကြပါသည်။ ၎င်းမျိုးရင်းတွင် ကျောဘက်ရေယက် (Dorsal fin) အတို/အရှည် ပေါ်မူတည်ပြီး -တောင်ရှည် (Long-tailed)- -တောင်တို(Short-tailed)- ဟူ၍ မျိုးစု(၂) စုထပ်မံခွဲခြားထားပါသည်။ တောင်ရှည်အာရိုဝါးနား (*Osteoglossum*)မျိုးစုတွင် ငွေရောင်အာရိုဝါးနား (Silver arowana) နှင့် မဟူရာအာရိုဝါးနား(Black arowana)မျိုးစိတ်(၂)မျိုးသာရှိပြီး တောင်တိုအာရိုဝါးနား (*Scleropages*) မျိုးစုတွင် မျိုးစိတ်(၇) မျိုးရှိပါသည်။ အာရိုဝါးနားငါးများကို အိမ်တွင် အလှမွေးမြူထားမည်ဆိုပါက နိမိတ်ကောင်းခြင်း၊ ခွန်အားကြီးခြင်း၊ အောင်မြင်ခြင်း၊ ကြီးပွားတိုးတက်ခြင်းနှင့် ဥစ္စာပစ္စည်းကြွယ်ဝခြင်းစသည့် -ကံကောင်းခြင်းများအား ယူဆောင်ပေးလာသော ငါး (Fish believed to bring good luck)-၊ -ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောငါး- ဟု ယုံကြည်ခဲ့ကြရာမှ (Lucky fish) ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထို့နည်းတူစွာ နှုတ်ခမ်းမွေး (၁) စုံ၊ ဖွံ့ဖြိုးကြီးမားသည့် ရင်ရေယက် (၁) စုံရှိနေခြင်းသည် တရုတ်လူမျိုးများ အထွတ်အမြတ်ထားသောရိုးရာနဂါးနှင့်ဆင်တူပြီး စီးပွားလာဘ်လာဘကောင်းမွန်သည်ဟု ယုံကြည်ကြသောကြောင့် ငါးနဂါး (Dragon fish)ဟူ၍လည်း အမည်ခေါ်ခဲ့ကြခြင်းဖြစ်ပါသည်။ နှုတ်ခမ်းမွေး (Barble)၊ ဘေးရေယက် (Pectoral fin)၊ အကြေးခွံကွက်များ (Scales) နှင့် ခန္ဓာကိုယ်အရောင်အသွေး (Body color) ပေါ်မူတည်ပြီး တန်ဖိုးအနည်းအများကွာခြားချက်ရှိပါသည်။ အမြင်အာရုံအလွန်ကောင်းမွန်ပြီး သစ်ကိုင်းပေါ်တွင် နားနေသော အင်းဆက်၊ ငှက်များအား ရေအောက်မှခုန်၍ ဖမ်းစားနိုင်ကြပါသည်။ အသားစားငါး (Carnivores) များဖြစ်ကြပြီး အချို့ Arowana များသည် ရေမျက်နှာပြင်အထက်တွင် ပျံဝဲလျက်ရှိသော လင်းနို့များကိုပင် ဖမ်းယူနိုင်စွမ်းရှိပါသည်။ ကမ္ဘာပေါ်ရှိ အရောင်အသွေးအလှပဆုံး Arowana ငါးမျိုးစိတ်များအား အရှေ့တောင်အာရှရှိ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စတင်တွေ့ရှိခဲ့ကြောင်းနှင့် ယခင်က စားငါး(Food fish) အနေဖြင့်သာ ဖမ်းဆီးကြပြီး ယခုအခါအလှမွေးငါး (Ornamental Fish) စာရင်းတွင် ဈေးကွက်ဝင် ရေပန်းစားလျက်ရှိသော ငါးမျိုးစိတ်များဖြစ်ပါသည်။

**မြန်မာ့အာရိုဝါးနားငါးမျိုးစိတ်များ**

(၁) Asian arowana (*Scleropages formosus*) (Schlegel & Muller, 1844)

(၂) Myanmar arowana (*Scleropages inscriptus*) (Robert, 2012)

**(၁)Asian arowana (*Scleropages formosus* -Schlegel & Muller, 1844)**

*Scleropages formosus* သည် ငါးကြီးမျိုးဖြစ်ပြီး အလျား (၃၆)ပေခန့်ထိရှိသည်။ အခြားသော အာရိုဝါးနားများထက် ဈေးကွက်မြင့်သောမျိုးစိတ်ဖြစ်ပါသည်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံများတွင် တွေ့ရှိရပါသည်။ Asian arowana (Myanmar) သည် အခြား Asian arowana များထက် အကြေးခွံအရောင်အဆင်း ပိုမိုတောက်ပပြီး ပန်းရောင်သန်းလျက်ရှိပါသည်။ အကြေးခွံအကွက်တစ်ကွက်ချင်းစီတွင် ပန်းကနုတ်များ ပုံဖော်စီချယ်ထားသကဲ့သို့ ကြွရွလှပလျက်ရှိပါသည်။ အလှမွေးငါးမွေးမြူရောင်းဝယ်သူများမှ *Scleropages formosus* ငါးမျိုးစိတ်များအား တနင်္သာရီတိုင်းဒေသကြီးရှိ မြစ်၊ ချောင်းများ၏ ချောင်းဦး၊ ချောင်းဖျားပိုင်းမှ စုဆောင်းရရှိခဲ့ကြသောကြောင့် ချောင်းဖျား လပ်ကီးငါး (Chaung Phya lucky fish) ဟု အမည်ပေးခဲ့ကြပါသည်။ မိကျောင်းမွဲ (Mi Chaung Hmwe) ဟုလည်း ဒေသအခေါ်တစ်မျိုးရှိပါသည်။ အပြည်ပြည်ဆိုင်ရာသဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့(IUCN)၏ထိန်းသိမ်းကာကွယ်မှု အဆင့်အတန်းတွင်မျိုးသုဉ်းရန်အန္တရာယ်ရှိသော(Endangered) မျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း၏ (CITES Appendix-1) တွင်ပါဝင်သောငါးမျိုးစိတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကာကွယ်ထားရှိမှု အဆင့်အတန်းသတ်မှတ်ထားခြင်းမရှိသေးကြောင်းသိရှိရပါသည်။

**(၂) Myanmar arowana *Scleropages inscriptus* (Robert, 2012)**

*Scleropages inscriptus* သည် မြန်မာ့အာရိုဝါးနားငါးမျိုးစိတ်အဖြစ် မှတ်တမ်းတင်ခံရသော မျိုးစိတ်သစ်ဖြစ်ပါ

သည်။ ငါးပညာရှင် Tyson Robert မှ ၎င်းမျိုးစိတ်သစ်အား တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြစ်မှ စုဆောင်းလေ့လာတွေ့ရှိခဲ့ပြီး၊ မေလ ၁၈ ရက်၊ ၂၀၁၂ ရက်နေ့ ထုတ်ဝေသော Aqua International Journal of Ichthyology တွင် မျိုးစိတ်သစ် မြန်မာ့အာရိုဝါးနား(Myanmar arowana) ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (World Wildlife Fund-WWF ) မှလည်း မဟာမဲခေါင်ဒေသနိုင်ငံများရှိ ၂၀၁၂-၂၀၁၃ခုနှစ်အတွင်း လေ့လာတွေ့ရှိခဲ့သော မျိုးစိတ်သစ်များတွင် မြန်မာနိုင်ငံမှ *Scleropages inscriptus* ငါးမျိုးစိတ်အပါအဝင် ငါးမျိုးစိတ်သစ် (၇) မျိုး လေ့လာတွေ့ရှိခဲ့ကြောင်း Mysterious Mekong တွင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ ရင်းမြစ်ဗေဒ (Etymology) အရ အကြေးခွံ၏ အဆင်းသဏ္ဌာန်ပေါ် မူတည်၍- Scribbled arowana (*Scleropages inscriptus*)- ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ဖော်ပြထားပါသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်တွင် ထိုင်းနိုင်ငံ၊ အလှမွေးငါးဝါသနာရှင်များမှ *Scleropages inscriptus* ၏ ထူးခြားသော အကြေးခွံလက္ခဏာများသည် *Scleropages formosus* နှင့် အနည်းငယ်ကွာခြားလျက်ရှိကြောင်းကို သတိပြုမိခဲ့ကြပါသည်။ သို့သော် မြိတ်နှင့်ရန်ကုန်မှတင်ပို့ခဲ့သောမျိုးစိတ်ဖြစ်ကြောင်းကိုသာသိရှိရပြီး ၎င်း၏ကျက်စားရာဒေသ၊ စုဆောင်း ရရှိခဲ့သောနေရာ၊ သိပ္ပံဆိုင်ရာအချက်အလက်များကို အထောက်အထားတိတိကျကျမရရှိခဲ့သဖြင့် မျိုးစိတ်သစ်အဖြစ် အခိုင်အမာဖော်ထုတ်မရခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**မျိုးပွားခြင်းနှင့် သန္ဓေအောင်ခြင်း**

အရွယ်ငယ်စဉ် အထီး၊ အမ ခွဲခြားရန်အလွန်ခက်ခဲပါသည်။ အထီးများသည် အမများထက် အကြေးခွံ အရောင် အဆင်းပိုမိုတောက်ပ၍ ခန္ဓာကိုယ်သေးသွယ်ကြပါသည်။ ဦးခေါင်းနှင့် မေးရိုးသည် အမများထက်ပို၍ကြီးမားပြီး မေးရိုးတစ်ဝိုက် အရေပြားသည် မျိုးပွားရာသီချိန်တွင် ဥများငုံထားရန်နှင့် အာခေါင်အား ဖောင်းကားစေနိုင်ရန် အထောက်အကူပြုပေးထားပါသည်။ ထို့ကြောင့် မျိုးပွားချိန်များတွင် သန္ဓေအောင်ဥ(Roe)များနှင့် ငါးသားပေါက် (Fry) များကို ငုံထားသော ငါးအထီးများ၏ မေးရိုးသည် သိသိသာသာဖောင်းကားနေတတ်ပါသည်။ အသက် (၃ - ၄) နှစ်အကြား၊ အလျား (၄၅- ၆၀) စင်တီမီတာခန့်တွင် အရွယ်ရောက်ပါသည်။ အထီး၊ အမ တစ်ကောင်နှင့် တစ်ကောင်တွဲသောကာလမှာ (၃)လခန့်ထိ ကြာမြင့်၍ ညပိုင်း၌ ရေလွှာအပေါ်ပိုင်းတွင် မိတ်လိုက်ပျော်မြူးလေ့ရှိပါသည်။ အထီးများသည် သန္ဓေအောင်ဥ (၁၀၀) ကျော်အား ခံတွင်းတွင် အပူထိန်း (Incubation) ပေးခြင်းဖြင့် သားလောင်းများ ကောင်းမွန်စွာကူးခတ်သွား လာနိုင်သော အချိန်ကာလ (၂)လခန့်အထိ အစာမစားဘဲဥ (Roe) နှင့် သားလောင်း (Fry) များအား ငုံထားတတ်ကြပါသည်။ တစ်နှစ်ပတ်လုံး သားပေါက်နိုင်သော်လည်း သားပေါက်နှုန်း အကောင်းဆုံးရာသီချိန်သည် ဇူလိုင်လမှ ဒီဇင်ဘာလ အထိဖြစ်ပါသည်။

**ထိန်းသိမ်းမွေးမြူနည်းစနစ်**

အာရိုဝါးနားငါးများသည် ၉၀ စင်တီမီတာ (၃၅လက်မ) ထိ ကြီးထွားလာနိုင်သောကြောင့် အလှမွေးငါးမှန်ကန်များတွင် မွေးမြူမည်ဆိုပါက ပေါ့ပါးလွတ်လပ်စွာ ကူးခတ်သွားလာနိုင်စေရန် (၆ပေ×၃ပေ×၃ပေ)ခန့်ရှိသော ငါးကန်ဖြင့် မွေးမြူထားလျှင် အထူးကောင်းမွန်ပါသည်။ အကာအကွယ်အဖြစ် အဖုံးဖုံးထားရန်လိုအပ်ပါသည်။ ငါးမွေးကန်ရေ၏ ရေအရည်အသွေး (Water Quality) လိုအပ်ချက်မှာ အက်ဆစ်ကဲရေ (Acidic) နှင့် သမသောရေ (Neutral) တွင် မွေးမြူမည်ဆိုပါက သင့်တော်ပါသည်။ ကောင်းမွန်သောရေစစ်စနစ် (Filters) များသုံးရန်လိုအပ်ပြီး ရေအပူချိန်မှာ (၂၄-၃၀°C) (၇၅-၈၆°F) ကြားရှိလျှင် အကောင်းဆုံးဖြစ်ပါသည်။ အစာကိုဟပ်၍ ဖမ်းစားတတ်သောကြောင့် ပါးစပ်မှ ထွက်ကျသောအစာများသည် အမိုးနီးယား၊ နိုက်ထရိတ်နှင့် နိုက်ထရိုက်ဓာတ်များလာစေပြီး ကန်ရေအရည်အသွေးကို လျင်မြန်စွာကျဆင်းစေသဖြင့် တစ်ပတ်လျှင်(၂)ကြိမ် ကန်ရေအား(၂၀%) ခန့်လှယ်ပေးသင့်ပါသည်။ ရန်လိုတတ်သော ငါးများဖြစ်၍ တစ်ကောင်တည်းမွေးမြူသင့်ပါသည်။ ငါးဖယ် (Clown knifefish) ၊ ငါးကြယ်ပျောက် (Oscar) ၊ ယိုးဒယားကျားငါး (Siamese tigerfish) စသည့် ၎င်းတို့ပါးစပ်ဖြင့် မဟပ်နိုင်သောငါးများနှင့်အတူ မွေးမြူသင့်ပြီး ၊ ရွှေငါး (Gold fish) ၊ မော်လီ (Molly) ၊ ပလက်တီ (Platy)နှင့် ဒေါင်းငါး (Guppy)ကဲ့သို့ အရွယ်ငယ်သောငါးများနှင့် အတူမွေးမြူမည်ဆိုပါက အာရိုဝါးနားများ၏ နံနက်စာနှင့် ညစာဖြစ်သွားနိုင်ပါသည်။ အင်းဆက်ပိုးများ၊ ပုစွန်၊ ငါးပေါက်စ၊ အသား၊ တီကောင်၊ ဖားများနှင့် အာရိုဝါးနားများအတွက် အထူးစီမံထားသော အစာခြောက် (Pellets)များကျွေးရန် သင့်လျော်၍ အစာကျွေးများလျှင် ရေအရည်အသွေးကျဆင်းပြီး ဘက်တီးရီးယားနှင့် ကပ်ပါးပိုးများပြန့်ပွားလွယ်ပြီး ရောဂါကျရောက်မှုနှုန်းလျင်မြန်စေပါသည်။ အာရိုဝါးနားငါးများသည် သဘာဝတွင် (၃၀-၉၀)နှစ်အထိ အသက်ရှင်ကြပြီး အလှမွေးငါးမှန်ကန်များတွင် သဘာဝကဲ့သို့ ပြုပြင်ဖန်တီး မွေးမြူမည်ဆိုပါက နှစ် (၂၀) ကျော်ထိ အသက်ရှင်နိုင်သော ငါးမျိုးစိတ်များဖြစ်ပါကြောင်း အာရိုဝါးနားငါး (သို့မဟုတ်) ငါးနဂါး (Arowana / Lucky fish)များအကြောင်း ဗဟုသုတရရှိစေရန် ရေးသားဖော်ပြအပ်ပါသည်။


ကျမ်းကိုး။ ၁။ Handbook to some Inland Fishes of Myanmar I.

၂။ Hein Aquarium Co,ltd.

၃။ Kottelat, M. 2011. Scleropages formosus. In: IUCN 2013. IUCN Red List of Threatened Species. Version 2013.1

၄။New bony-tongue fish discovered in Myanmar. (Mongabay. Com May 18,2012)

**တနင်္သာရီတိုင်းဒေသကြီး၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၌ ငှက်မျိုးစိတ်နှင့် နို့တိုက်သတ္တဝါမျိုးစိတ်များ ဆန်းစစ်လေ့လာခြင်း**



သစ်တောဦးစီးဌာနနှင့် အီတလီနိုင်ငံ အခြေစိုက် IstituKo Oikos တို့ ပူးပေါင်း၍ ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အကောင်အထည်ဖော်ရန် MOA လက်မှတ်ရေးထိုးပြီး စီမံချက်အကောင်အထည်ဖော်ခြင်းအဖြစ် Oikosမှ ကျွမ်းကျင်ပညာရှင်များနှင့်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း လန်ပိကျွန်းမကြီး နှင့် အရံကျွန်းများတွင် ငှက်မျိုးစိတ်များနှင့် နို့တိုက်သတ္တဝါမျိုးစိတ်များဆန်းစစ် လေ့လာခြင်း စနစ်ရေးဆွဲရေးဆိုင်ရာ ကွင်းဆင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ မတ်လ(၉) ရက် နေ့မှ(၂၁)ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်း လေ့လာချက်အရ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင် ငှက်မျိုးစိတ် (၁၂၀)နှင့် နို့တိုက်သတ္တဝါမျိုးစိတ် (၁၉)မျိုးရှိကြောင်းသိရပြီး မျိုးစိတ်များ စာရင်းကောက် မှတ်တမ်းတင်ခြင်း၊ အချက်အလက်များအား ကွန်ပျူတာဖြင့် သိမ်းဆည်းခြင်း၊ အဆင့်မြင့် နည်းပညာဖြစ်သည့် မျိုးစိတ်ဆန်းစစ်လေ့လာခြင်း (Monitoring Protocol) ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း နို့တိုက်သတ္တဝါများအတွက် ကင်မရာထောင်ချောက်များတပ်ဆင်သည့် နည်းပညာနှင့် ခြေရာအမှတ် အသားများ လေ့လာသည့်နည်းစနစ်များအား ဒေသခံဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကင်မရာထောင်ချောက်များမှ ဓာတ်ပုံများအား မျိုးစိတ်ခွဲခြားခြင်း ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများ၏ ဘာသာရပ်ဆိုင်ရာ ပညာရပ်များ တိုးတက်မြင့်မားလာခဲ့ကြောင်း အခြားဘေးမဲ့တောဥယျာဉ်များတွင် ၎င်းနည်းပညာများကိုအသုံးပြု၍ တိရစ္ဆာန်မျိုးစိတ်များကို ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

---

**အင်းတော်ကြီး၊ ပိတောင်၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောနှင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်များအတွင်း မတ်လနှင့် ဧပြီလ ကာလများ၌ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ပြီးစီးခြင်း**

သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းများတွင် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ထိန်းသိမ်းရေးအသိပညာများနိုးကြားလာစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိရာ မတ်လ(၇)ရက်နေ့မှ (၁၂)ရက်နေ့အတွင်း အင်းတော်ကြီးကန်အတွင်းရှိ လုံးတုံကျေးရွာ၊ နန့်ပတဲ့ကျေးရွာ၊ လယ်ပုံကြီးကျေးရွာ၊ မပုံကိုင်ကျေးရွာနှင့် ဟဲပုကျေးရွာများတွင် စုစုပေါင်း အင်အား(၂၄၈)ဦးအား အင်းတော်ကြီးကန်အတွင်းရှိ ငါးမျိုးစိတ်များအကြောင်းနှင့် ထိန်းသိမ်းကာကွယ်ရန်နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောမှုများအား Indo-Myanmar Conservation နှင့် Flora and Fauna International အဖွဲ့တို့နှင့်ပူးပေါင်း၍ ပြုလုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တောအတွင်းရှိ ခရင်ချောင်းကျေးရွာ၊ ညောင်ချောင်းကျေးရွာ၊ ခုံကြီး/ချောင်းချောက်ကျေးရွာ၊ အိုးထိန်းကျေးရွာ၊ အလယ်ချောင်းကျေးရွာ၊ ရဟိုင်ဖျားကျေးရွာ၊ ကံကော်တောင်ကျေးရွာ၊ ဒေါင်းချောင်းကျေးရွာ၊ ဗောဓိကျေးရွာများတွင် ဇီဝမျိုးစုံမျိုးကွဲဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲများကို ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ (၈)ကြိမ်ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူစုစုပေါင်း(၃၈၄)ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အတူ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၌လည်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအကြောင်းအား ပူတာအိုမြို့ တောင်တန်းသာသနာပြုဗဟိုကျောင်းမမှာရုံအတွင်းကျင်းပခဲ့ရာ ဒေသစု(၄၀၀)ကျော် တက်ရောက်ခဲ့ကြကြောင်းသိရှိရပါသည်။ ပိတောင်ဘေးမဲ့တောဝန်ထမ်းများမှလည်း ဘေးမဲ့တောအတွင်းရှိ မလိခကျေးရွာ၌ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို ဧပြီလ ၈ ရက်နေ့တွင် အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ(၅၀)ကျော် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ရာတွင် ဘေးမဲ့တောဝန်ထမ်းများ၏ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် အောင်မြင်နိုင်မည်မဟုတ်ပဲ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အလွန်ပင်အရေးပါလှပါသည်။ ထို့ကြောင့် ဒေသခံပြည်သူများပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများအား စနစ်တကျ အစီအမံများချမှတ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ဧရာဝတီတိုင်းအတွင်းရှိ ဒေသခံ အစုအဖွဲ့ပိုင်တောများသို့ ကွင်းဆင်းလေ့လာသည့် ခရီးစဉ်မှတ်တမ်း(၅)

ဒေါ်မြင့်မြင့်စန်း၊ လက်ထောက်သုတေသနအရာရှိ၊ သစ်တောသုတေသနဌာန

နိုဝင်ဘာလ (၁၄)ရက်နေ့ နံနက် (၈း၁၅)နာရီတွင် စာရေးသူတို့သည် ထောင်ကြီးတန်းမှစက်လှေဖြင့် ပြန်လည်ထွက်ခွာမည် ဖြစ်ပါသည်။ မနေ့ညကတည်းက မိုးများထစ်ချုန်းနေပြီး လျှပ်စီးများ လက်နေသော်လည်း မိုးမရွာပါ။ သို့ရာတွင် နံနက် (၇) နာရီတွင်မှ ကောင်းကင်တစ်ပြင်လုံး မှုန်မှိုင်းလာပြီး လေလည်းငြိမ်သွားပါသည်။ စာရေးသူတို့ တည်းခိုသော ထောင်ကြီးတန်း Shelter မှကြည့်လျှင် ပင်လယ်ဝကို မြင်တွေ့နေရပါသည်။ မုန်တိုင်းကျရောက်မည့် အခြေအနေရှိကြောင်း ဖျာပုံမြို့နယ်ဦးစီးက ပြောပါသည်။ စာရေးသူတို့အား လာရောက် ကြိုဆိုကြသော ဖြူးမွေးအဖွဲ့မှ တောအုပ် ဦးစန်းလွင်က ထောင်ကြီးတန်းကျေးရွာသို့ ငါးသွားဝယ်ရင်း - ညက ဒီရေများ တလိပ်လိပ်တက်နေကြောင်းနှင့် ဤကဲ့သို့မျိုး တစ်ခါမျှမကြုံဖူးကြောင်း၊ ပင်လယ်ဝရှိ ငါးဖမ်းစက်လှေများ အားလုံး ပြန်ဝင်လာကြပြီဖြစ်ကြောင်း- သတင်းရရှိသဖြင့် စာရေးသူတို့မှာလန့်သွားကြပါသည်။ ထို့ကြောင့် ဦးစီးအရာရှိ ဦးကြည်လင်က မိုးလေဝသဌာန၏ဖုန်းနံပါတ် ၁၈၇၆ကို ဆက်သွယ်မေးမြန်းရာ ဘင်္ဂလားပင်လယ်ပြင်တွင် အပူပိုင်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်နေပြီး အနောက်ဘက်သို့ ရွေ့လျားမည်ဟု သတင်းပြန်ကြားပါသည်။ စာရေးသူတို့မှာ မြောက်ဖက်သို့ ထွက်ခွာမည်ဖြစ်သဖြင့် အနည်းငယ်စိတ်အေးရသော်လည်း ပင်လယ်ပြင်နှင့် မုန်တိုင်း၏ ပရိယာယ်ကိုမူ စိတ်မချနိုင်သေးပါ။ ဦးစီးက ဘုရားစာ နာနာရွတ်ဟုအားပေးပါသည်။ (Dr.Ikuko Okamoto)က အစစအရာရာ ကူညီပေးကြသော ဦးစီးနှင့်အဖွဲ့အား ကျေးဇူးတင်ကြောင်းပြောကာ ထောင်ကြီးတန်းမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။စက်လှေကြီးသည် ပင်လယ်ပြင်ကိုဖြတ်ကာ မြောက်ဘက်သို့ ဦးတည်လျက် မြစ်ကမ်းနံဘေးရှိ ဒီရေတောများအနီးမှ ကပ်လျက် မောင်းနှင်ပါသည်။

နံနက် (၉)နာရီခန့်တွင် မြစ်ဝ၌ ဂါးဖောင် ဟုခေါ်သော ကျောက်ချထားသည့် ငါးဖမ်းလှေများကို စီတန်းလျက် တွေ့ရှိရပါသည်။ ပင်လယ်ပြင်တွင် လှိုင်းနှင့်လေဒဏ်များကို အံတုကာ အသက်မွေးဝမ်းကျောင်းပြုသူတို့မှာ အလွန်ပင်အန္တရာယ်များလှပါသည်။ ထို့နောက် အမာမြို့နယ်ကိုတွေ့ရပါသည်။ အမာမြို့နယ်၏ အရှေ့မြောက်ဘက်တွင်မူ အပင်များဖြင့် စိမ်းညို့နေသော ကျွန်းကို မြင်ရသဖြင့် မေးကြည့်ရာ မိန်းမလှကျွန်းဟုခေါ်ကြောင်းသိရပါသည်။ ထောင်ကြီးတန်းမှ ရေစုန်အတိုင်းမောင်းနှင်လာရာ (၁၀း၃၀)နာရီတွင် ထော်ပိုင်သို့ရောက်ရှိပြီး ပဲ့ထောင်နှင့် ပြောင်းကာ ချောင်းငယ်အတွင်း ဝင်ရောက်ခဲ့ပါသည်။

နံနက်(၁၁)နာရီတွင် ရွှေပြည်သာကျေးရွာသို့ ရောက်ရှိပါသည်။ ထိုရွာသည် မြစ်ကမ်းနံဘေးတွင် တည်ရှိပြီး အခြားရွာများနှင့်မတူဘဲ စိမ်းလန်းပြီး အုံ့မှိုင်းနေသော ကုက္ကိုပင်ကြီးများရှိပါသည်။ ရွာလယ်လမ်းမှာ အုတ်လမ်းဖြစ်ပြီး တာဘောင်တစ်လျှောက်တွင် ခင်းထားပါသည်။ သစ်ပင်ကို မခုတ်ဘဲ ထိန်းသိမ်းထားကြသဖြင့် စိမ်းလန်းနေပါကြောင်း ကျေးရွာဥက္ကဋ္ဌဦးသန်းထွန်းက ရှင်းပြပါသည်။ ရွှေပြည်သာကျေးရွာသည် စက်ဆန်းကျေးရွာ အုပ်စုတွင်ပါဝင်ပြီး အိမ်ထောင်စု( ၁၃၀) စုရှိကာ လူဦးရေ စုစုပေါင်း (၆၀၈)ဦး ရှိပါသည်။ ယခင်ကမြစ်တန်းရွာဟုခေါ်ကြပါသည်။ ဗမာလူမျိုး(၉၅%)နေထိုင်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ရွာမှာ သန့်ရှင်းသည်ကို လည်း တွေ့ရပါသည်။ လယ်ဧကစုစုပေါင်း( ၈၉၆) ဧကရှိပြီး လယ်ပိုင်ဆိုင်သူဦးရေမှာ (၃၄) ဦးသာရှိပါသည်။ ကျန်ဦးရေမှာ ရေလုပ်ငန်းနှင့် ကျပန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။ဧကအများဆုံး ပိုင်ဆိုင်သူမှာ (၃၀၀)ဧကအထိ ရှိပါသည်။ စိုက်ပျိုးသည့် စပါးမျိုးမှာ ဘေးကြား၊ပေါ်ဆန်းမွှေး၊ ဆင်းသွယ်လတ်၊ မနော်၊ ကောက်ကြီးတို့ဖြစ်ပြီး အထွက်နှုန်းမှာ ၁ဧကလျှင် (၅၀)တင်းဖြစ်ပါသည်။ ကျွဲနွားများကို အသုံးပြု၍ လယ်လုပ်ငန်းလုပ်ကိုင်ခဲ့သော်လည်း ကျွဲနွားများ သေဆုံးလာမှုကြောင့် ယခုအခါ လက်တွန်းထွန်စက်များကိုအသုံးပြုကြကြောင်း ဦးသန်းထွန်းက ရှင်းပြပါသည်။ ရွာတွင် လယ်(၁ဧက)ပေါက်ဈေးမှာ(၄)



ရွှေပြည်သာကျေးရွာတွင်မေးမြန်းနေပုံ



လှေပေါင်းမိုးဖြင့် ငါးဖမ်းနေပုံကိုမြင်တွေ့ရပုံ



သစ်ပေါင်းပင်ကို တွေ့ရပုံ

သိန်းရှိပါသည်။

ဒေသခံအစုအဖွဲ့ပိုင် သစ်တောများ ဧကပေါင်း( ၅၀) ရှိရာ (၂၈)ဧကမှာ အများပိုင်ဖြစ်ပါသည်။ အသုံးပြုသူ လူဦးရေ စုစုပေါင်း (၁၀၆)ယောက်ရှိကြောင်း၊ သမဲ့၊ ကနစို၊ ဖြူး၊ မာလာလူးကား၊ ကျွန်း၊ အော်ရီးရှားပင်များ စိုက်ပျိုးထားကြကြောင်းပြောပြကြပါသည်။ အဆိုပါအစုအဖွဲ့ပိုင်သစ်တောများကို ခုတ်ယူသုံးစွဲမည်မဟုတ်ဘဲ လေကာတန်းအဖြစ် ထိန်းသိမ်းမည်ဟု ဥက္ကဋ္ဌ ဦးသန်းထွန်းကပြောပြပါသည်။ ကျေးရွာတွင် အသေးစား ငွေစုငွေချေး အသင်းများ ရှိသဖြင့်လည်း ကျွဲ၊ နွား၊ ပိုက်၊ လှေများကို အရစ်ကျငွေချေစနစ်ဖြင့် အသုံးပြုနိုင်အောင် လည်ပတ်ပေးနေပုံကိုလည်း ပြောပြပါသည်။ မူလတန်းကျောင်းနှင့် ဆေးပေးခန်းများရှိပြီး ကျေးရွာရန်ပုံငွေလည်းရှိကြောင်း ကျေးရွာဥက္ကဋ္ဌကရှင်းပြပါသည်။

စာရေးသူတို့သည် နံနက်(၁း၃၀)နာရီတွင် ရွှေပြည်သာကျေးရွာမှ ချောင်းအတိုင်း ကွေ့ပတ်ကာ ထော်ပိုင်သို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ရာသီဥတုမှာ လေမကျသော်လည်း မိုးအနည်းငယ် ရွာလာသဖြင့် ပဲ့ထောင်အတွင်း လိုက်ပါခဲ့ရပါသည်။ ထော်ပိုင်မှတစ်ဆင့် ပဲ့ထောင်ဖြင့် မိန်းမလှကျွန်းအတွင်းပိုင်းရှိ ချောင်းငယ်များကို ဖြတ်သန်း၍ ဆက်လက် ထွက်ခွာခဲ့ကြပါသည်။ ကျွန်း၏ မြစ်ကမ်းနှစ်ဖက်တွင် အပင်ကြီးများအနည်းငယ်သာရှိပြီး အတွင်းပိုင်းတွင်မူ ဒီရေတောပင်များဖြင့် အုံ့ဆိုင်းနေသည်ကို မြင်တွေ့ရပါသည်။ ကျွန်းအတွင်း မိချောင်းပေါများပြီး ညဘက်တွင် ထွက်လာသည်ဟုပြောပြပါသည်။ တစ်ခါတစ်ရံ မိန်းမလှကျွန်းနှင့် ဖြူးမွေးကျွန်းအကြားရှိ ရေပြင်ကိုဖြတ်ပြီး သွားလာတတ်ကြသည်ဟုလည်း ရှင်းပြကြပါသည်။

အချိန် မှာညနေ (၄) နာရီရှိပြီဖြစ်သဖြင့် ကျွန်းအတွင်းနေရောင်လည်း မရှိတော့ပါ။ (Dr.Ikuko Okamoto) ကမူ ပဲ့ထောင် အတွင်းတွင် မထိုင်ဘဲ ထိပ်ဆုံးတွင် လိုက်ပါပြီး ဓာတ်ပုံရိုက်နေရာ စာရေးသူက မိချောင်းရန်ကိုစိုးရိမ်ပြီး အတွင်းတွင် ထိုင်ခိုင်းသော်လည်းမရပါ။ -ဘာမှမဖြစ်ဘူး- ဟုသာ ပြန်ဖြေပါသည်။ ထို့ကြောင့် စာရေးသူတို့နှင့် အတူပါလာသူ ဝန်ထမ်းကို ဂရုစိုက်ရန် လက်ဖြင့် အချက်ပြလိုက်ရပါသည်။ နောက်ဆုံးတွင် စာရေးသူတို့အားလုံး ဘေးရန်ကင်းကွာစွာဖြင့် ဖြူးမွေးကျွန်းစခန်းကိုရောက်ရှိခဲ့ကြပါသည်။

နိုဝင်ဘာလ (၁၅)ရက်နေ့ နံနက် (၈း၃၀)နာရီတွင် စာရေးသူတို့သည် ဖားကူးလှေဖြင့် မျက်နှာချင်းဆိုင်ရှိ ငပုတ်သင်တန်းကျေးရွာသို့ စတင်ထွက်ခွာခဲ့ပါသည်။ မိနစ်(၁၅) ခန့်အကြာတွင် ရောက်ရှိပါသည်။ မြစ်အနီးရှိ မြစ်ကမ်းနဖူးတွင် နေထိုင်ကြပြီး ရေလုပ်ငန်းဖြင့် ဝမ်းစာရှာကြပါသည်။ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့က ကြိုဆိုကြပြီး (Dr.Ikuko Okamoto) က သိလိုသည့် အချက်အလက်များကို မေးမြန်းပါသည်။ ငပုတ်သင်တန်းကျေးရွာသည် ကြိမ်ချောင်းကြီး ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ဗမာ၊ ကရင်လူမျိုးများ နေထိုင်ကြပါသည်။ အိမ်ခြေ(၉၃)ခန့်ရှိပြီး အများစုမှာ လယ်ပိုင်ဆိုင်ကြပါသည်။ ရေလုပ်ငန်း သီးသန့်လုပ်ကိုင်သူ (၆)ဦးရှိပြီး ကျန်လူဦးရေမှာ လက်ခစားများ ဖြစ်ကြပါသည်။

အဆိုပါရွာသည် ၂၀၀၆ ခုနှစ်တွင်၊ ဒေသခံအစု အဖွဲ့ပိုင် သစ်တောဧကပေါင်း (၁၀၀) ဧကရှိပြီး အသုံးပြုသူလူဦးရေစုစုပေါင်း (၂၅)ယောက် ရှိကြောင်း သိရှိရပါသည်။ နာဂစ်မုန်တိုင်း အပြီးတွင် ဧက(၂၀)သာ ကျန်ရှိပြီး အသုံးပြုသူလူဦးရေအများစုမှာ သေဆုံးကုန်သဖြင့် တောမှာပျက်စီးသွားကြောင်း သိရှိရပါသည်။ စိုက်ပျိုးထားသော သစ်ပင်များမှာ မာလာလူးကား၊ သမဲ့၊ ဖြူးတို့ဖြစ်ပြီး ဆက်လက် ထွက်ခွာလာရာ နံနက် (၉း၃၀)နာရီတွင် ပဒဲကောကျေးရွာသို့ ရောက်ရှိပြီး မေးခွန်းများ မေးမြန်းကြပါသည်။

ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် အဖွဲ့က ကြိုဆိုကြပြီး (Dr.Ikuko Okamoto) သိလိုသည့် အချက်အလက်များကို ဖြေကြားပေးကြပါသည်။ ပဒဲကောကျေးရွာသည် ကြိမ်ချောင်းကြီး ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ခြေ (၉၃)အိမ်ခန့်ရှိပြီး အများစုမှာ လယ်ပိုင်ဆိုင်ကြပါသည်။ ရေလုပ်ငန်းသီးသန့် လုပ်ကိုင်သူ (၁၂၀)ဦးရှိပြီး ကျန်လူဦးရေမှာ လက်ခစားများဖြစ်ကြပါသည်။ပဒဲကောကျေးရွာသည်လည်း ငပုတ်သင်တန်းကျေးရွာကဲ့သို့ မြစ်ကမ်းနဖူးတွင် နေထိုင်ကြပြီး ရေလုပ်ငန်း ၊လယ်ယာနှင့် ထင်းခုတ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ထင်းခုတ်သူတို့မှာ စားဝတ်နေရေးအတွက် မိန်းမလှကျွန်းထဲတွင် ဝင်ရောက်ခုတ်ကြပြီး မြို့သို့တက်၍ ရောင်းချခြင်း (သို့မဟုတ်) မြို့များမှလာရောက်ဝယ်ယူခြင်းများရှိကြောင်း သိရှိရပါသည်။ -ထင်းမခုတ်ရ- ရေးသားခြင်းကြောင့် ထင်းခုတ်၍မိလျှင် ထောင်ဒဏ် (၁)နှစ်ခန့် ကျရောက်သူများရှိကြောင်းပြောပြကြပါသည်။ အမှန်တကယ်လည်း ငွေအရင်းအနှီး မရှိသောကြောင့် ခုတ်ရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ ထင်းခုတ်သူဦးရေကို မေးရာ (၆၀)ဦးခန့်ရှိကြောင်းသိရပါသည်။

အဆိုပါရွာတွင် လယ်ဧကပေါင်း (၁၂၁၈)ဧကရှိပြီး ကောက်ကြီး၊ မနော်၊ အချွန် (ငစိန်) တို့ကိုစိုက်ပျိုးကြပါသည်။ လယ်သမားဦးရေမှာ(၇၂)ဦးရှိပြီး လယ်မရှိသူများမှာ သူရင်းငှါး၊ပျိုးနုတ်ခြင်းကို ဆောင်ရွက်ကြကြောင်း၊ ရေလုပ်ငန်း သီးသန့်လုပ်ကိုင်သူ ဦးရေမှာ (၁၂၀)ခန့်ရှိပြီး ငါးသလောက်ပိုက်ဆွဲခြင်း၊ကွန်ပစ်ခြင်း၊ငါးပုတ်သင်နှင့် ကဏန်းထောင်ခြင်းတို့ကို လုပ်ကိုင်ကြကြောင်း ရှင်းပြပါသည်။ ထိုရွာတွင် Shelter မရှိသလို သောက်သုံးရေလည်း မလုံလောက်ကြောင်း သိရပါသည်။ ၂၀၀၆ခုနှစ်တွင်၊ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧကပေါင်း (၂၀)ဧက ရှိပြီး အသုံးပြုသူ လူဦးရေ စုစုပေါင်း (၅)ယောက်ရှိကြောင်း သိရှိရပါသည်။

စိုက်ပျိုးထားသော သစ်ပင်များမှာ မာလာလူးကား၊ သမဲ့၊ ဖြူးတို့ဖြစ်ပြီး ရွာပိုင်တောအဖြစ် သမဲ့ပင်(၅၀၀၀)ကို

စိုက်ပျိုးထားကြောင်း သိရှိရပါသည်။နာဂစ်သည် အဆိုပါ ဒေသရှိ လူသားတို့၏ အသက်၊စည်းစိမ်၊ အိုးအိမ်တို့ကို အဆုံးတိုင် ချေဖျက်ခဲ့သဖြင့် ယနေ့တိုင် နလံမထူနိုင်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။ Dr.Ikuko Okamoto ကလည်း ထိုကျေးရွာ၏ လိုအပ်ချက်များကို သေချာ မေးမြန်းကာ ဂျပန်နိုင်ငံမှ မိတ်ဆွေများနှင့် ချိတ်ဆက် လှူဒါန်းမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားခဲ့ပါသည်။ နေ့လယ် (၁း၃၀) နာရီတွင် ဖြူးမွေးပျိုးဥယျာဉ်သို့ ပြန်လည်ရောက်ရှိပြီး မနက်ဖြန်တွင် ဘိုကလေးမြို့သို့ ထွက်ခွာကြမည်ဖြစ်သဖြင့် ပစ္စည်းများသိမ်းဆည်းကာ ညအိပ်ကြပါသည်။

နိုဝင်ဘာလ (၁၆)ရက်နေ့ နံနက် (၇း၃၀)နာရီတွင် စာရေးသူတို့သည် ဖားကူးလှေဖြင့် ဘိုကလေးမြို့သို့ စတင်ထွက်ခွာခဲ့ပါသည်။ လမ်းတွင် လှေပေါ်ပါ တောအုပ်ကြီး ဦးသန်းဝင်းက သင်ပေါင်းပင်နှင့် သင်ပေါင်းပိုးအကြောင်းကို ပြောပြပါသည်။ ပိုးများသည် အပင်၏ နုသောအပိုင်းတွင် ရှိနေတတ်ပြီး ထိုပိုးကောင်ရှိပါက အပင်ထိပ်ရှိ အညွန့်များသည် ခြောက်နေသည်ကို တွေ့ရှိရကြောင်း၊ ပိုးမှာ ချိုဆိမ့်သဖြင့် သွေးတိုးနိုင်ကြောင်း ရှင်းပြပါသည်။စာရေးသူတို့ ဖားကူးလှေကြီးမှာ တရွေ့ရွေ့ဖြင့် မောင်းနှင်လာရာ ကျွန်းချောင်း၊ကျွန်းညိုကြီး၊ရွှေဘိုစုနှင့် ကန်စုကျေးရွာများ ကျော်ဖြတ်ပြီးနေ့လယ်(၁၂း၃၀)နာရီတွင် ဘိုကလေးမြို့ ဆိပ်ကမ်းသို့ရောက်ရှိပါသည်။ စာရေးသူတို့ ကားမှာ ဆိပ်ကမ်းတွင် ရောက်ရှိနေပါသည်။ ထို့နောက် အာကာကျော် ဟိုတယ်တွင် ညအိပ်ရပ်နားကြပါသည်။ နံနက်(၈)နာရီတွင်လိုက်ပါပို့ဆောင်ပေးသူ အဖွဲ့များအား နှုတ်ဆက်ကာ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ တွံတေးမြို့များကို ဖြတ်ကျော်ပြီး ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။ စာရေးသူတို့မှာ နေ့လယ် (၂) နာရီ တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး Dr.Ikuko Okamoto အား မီကာဆာဟိုတယ်သို့ ပို့ဆောင်ပါသည်။

၁၈-၁၁-၂၀၁၂ ရက်နေ့ ည ၆နာရီတွင် Dr.Ikuko Okamoto အား ရန်ကုန်မြို့မီကာဆာဟိုတယ်မှ ဂျပန်နိုင်ငံသို့ ထိုင်းလေကြောင်းလိုင်းဖြင့် ထွက်ခွာရန် လေဆိပ်သို့ လိုက်ပါပို့ဆောင်ပေးပြီး ထိုညတွင် ရေဆင်းသို့ ပြန်လည် ထွက်ခွာခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အဆိုပါခရီးစဉ်မှာ အလွန်ဝေးသော ရေလမ်းမှသွားရောက်ခဲ့ရသဖြင့် မြစ်ချောင်းများကို အမှီပြု၍ အသက်မွေးကြရသော ဧရာဝတီတိုင်းအတွင်းရှိ အဆိုပါ ကျေးရွာများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသာမက တောကိုအမှီပြု၍ လုပ်ကိုင်စားသောက်ကြရသော ပြည်သူလူထုများ၏ လူနေမှုဘဝများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြရပါသည်။

အချို့မှာ နေထိုင်စရာမြေနှင့် ဆောက်လုပ်ရန်သစ်၊ ဝါးမရှိသဖြင့် လှေပျက်ကို အိမ်အဖြစ် ပြုလုပ်နေထိုင်သည်ကိုလည်းကောင်း၊ မြေရှိပြန်သော်လည်း ဆောက်လုပ်ရန် သစ်ဝါးကလည်း ရှားပါးခြင်းတို့ကြောင့် ကြံ့ရာ ပလတ်စတစ်များဖြင့် ကာရံထားသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အချို့မှာရင်းနှီးစားစရာမရှိ၍ လှေကို ငှါးရမ်းခအဖြစ် နေ့စဉ်ဖမ်းဆီးရသမျှ ငါးများကို အတိုးအဖြစ်ပေးရခြင်း (သို့မဟုတ်) ငါးရောင်းပြီးမှ ငွေကို အတိုးပေးရခြင်းများရှိကြောင်းကိုလည်း သိရှိခဲ့ရပါသည်။ နာဂစ်အလွန် ကာလဖြစ်သော်လည်း လိုအပ်သည်များ ရှိနေဆဲဖြစ်ပြီး စာနာစိတ်များဖြင့် ပူးပေါင်း ကူညီကြပါရန် ကျေးရွာလူထု ကိုယ်စား စာရေးသူအနေဖြင့် ဤဆောင်းပါးမှတစ်ဆင့် နှိုးဆော်တိုက် တွန်းအပ်ပါသည်။ ထို့အပြင် ဤခရီးစဉ် တစ်လျှောက်လုံးတွင် စာရေးသူတို့ လိုအပ်သမျှကို အကူအညီပေးခဲ့ကြပါသော မြို့နယ်အသီးသီးမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

**မင်းလှမြို့နယ်၊ မြောက်ဇာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နယ်မြေစိုးမိုးရေးနှင့် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း**

မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မင်းလှမြို့နယ်မှ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ဘေးမဲ့တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့မှမတ်လ(၁၅)ရက်နေ့အထိ နယ်မြေစိုးမိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ(၉)ချောင်း(၁. ၈၂၄) တန်၊ ပျဉ်းကတိုးခွဲသား(၁၅) ချောင်း(၀. ၂၃၁)တန်၊ လက်ကိုင်ချိန်းဆော(၁)လက်ကိုလည်းကောင်း၊ တရားမဝင်ကျွန်းတိုင် (၂၀)လုံး၊ (၂. ၄၇၆)တန်ကိုလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။ ထို့နောက် ထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်း တိရစ္ဆာန်တွေ့ရှိမှုနှင့် မှဆိုးသတင်းစုံစမ်းခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်း၊ လူနေကျေးရွာများသို့ တောဆင်များ ဝင်ရောက် ၍လူနှင့်ဆင်ပဋိပက္ခမဖြစ်စေရန် သတင်းရယူခြင်းများဆောင်ရွက်ခဲ့ပြီး ပွေးကြီးစခန်းအနီးရှိ ပုဂ္ဂလိကကျွန်းစိုက်ခင်း အလုပ်သမားများအား တောရိုင်းတိရစ္ဆာန်တွေ့ရှိမှုနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ဆတ်၊ ဆင်၊ ပြောင်၊ ဆိုင်၊ ချေ၊ တောခွေး၊ တောဝက်၊ ဝက်ဝံ၊ ဖြူ ၊ မျောက် စသည့်နို့တိုက်သတ္တဝါများ တွားသွားသတ္တဝါများဖြစ်သည့် စပါးကြီးမြွေ၊ လိပ်ဘီးဝန်း၊ လိပ်ဝါ၊ ဖွတ်နှင့် ငှက်မျိုးစိတ်(၆၄)မျိုးတို့ကို တွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။



# ကျွန်တော်နဲ့ မြန်မာပိတောက်

အုန်းလွင်လေး

"ဟေး -- ပိတောက်တွေပွင့်ပြီဟေ့ --"

သင်္ကြန်မတိုင်မီ ညမှာရွာတဲ့မိုးကြောင့် နံနက်စောစော အအေးဓာတ်နဲ့မြေသင်းနံ့ကို အိပ်ရာထဲကနေ ခံစားရင်း စောစောအိပ်ရာမထချင်ပေမယ့် အိမ်ရှေ့လမ်းမပေါ်က ကလေးတွေအော်သံကြောင့် ကျွန်တော်အိပ်ရာက နိုးလာတယ်၊

"လူကလေး -- အိပ်ရာမနိုးသေးဘူးလား၊ ထတော့လေကွယ်၊ ပိတောက်တွေပွင့်နေတာ ဦးဦးဖျားဖျားဘုရားလှူဖို့အဖွားကို ပန်းခူးပေးပါလားကွယ်"

အဖွားနိုးတာကြောင့် မျက်နှာသစ်၊ သွားတိုက် ပြီး ကျွန်တော်တို့ခြံထောင့်က ပိတောက်ပင်ကြီးကို ကြည့်လိုက်တော့ ပင်လုံးကျွတ်ဝါထိန်နေပြီး ဆွဲဆောင်မှုရှိတဲ့ရနံ့က ပတ်ဝန်းကျင်ကို လွှင့်ပျံ့နေတယ်၊

"လူကလေး - ပိတောက်ပန်းကို ဘုရားလှူချင်တဲ့သူ၊ ပန်ချင်ရှာတဲ့ ရွာထဲက ကလေးမလေးတွေကို လိုသလောက် တံချူနဲ့ခူးပါစေနော်၊ အကိုင်းတွေကို မချိုင်စေနဲ့၊ ရွာအရှေ့ပိုင်းက အတီးနဲ့အကြင်တို့တွေကိုတော့ မခူးစေနဲ့၊ မလာစေနဲ့"

အဖိုး ငယ်စဉ်ကစိုက်ခဲ့လို့ အပွင့်တွေဝေနေတဲ့ ပိတောက်ပန်းကို ပန်းလှူချင်တဲ့သူ၊ ပန်ချင်တဲ့သူတွေကို လိုသလောက် တံချူနဲ့ခူးယူဖို့ပေးတဲ့အဖွား၊ အတီးနဲ့အကြင်လင်မယားကို မပေးချင်၊ မလာစေချင်တာက အကြောင်းရှိလို့ပါ၊ ဒီလင်မယားက လှူဖို့၊ ပန်ဖို့မဟုတ်ပဲ အချိန်တိုသာပွင့်တဲ့ ပိတောက်ပန်းကို အကိုင်းတွေချိုင်၊ ပန်းတွေကို နီးစပ်ရာရွာတွေမှာစီးပွားဖြစ် ပြန်ရောင်းကြလို့ဖြစ်တယ်။ တခြားပိတောက်ပင်တွေဆို အပွင့်ပွင့်တာနဲ့ ကိုင်းချိုင်၊ ခုတ်လှဲကြလို့ ကျွန်တော်တို့ခြံထောင့်က တစ်ရွာလုံးမှာ တစ်ပင်တည်းသာရှိတော့တဲ့ ပိတောက်ပင်၊ အဖိုးကိုယ်တိုင်စိုက်ခဲ့လို့လဲပါတာပေါ့၊ ဒါကြောင့် အဖွားက ပိတောက်ပင်ကြီး ကိုင်းချိုင်ခံရခြင်းမှ ကြိုတင်ကာကွယ်ပြီး တားဆီးနေတာဖြစ်တယ်၊ အဖွားဒီလိုကြိုတင်ကာကွယ်ထိန်းသိမ်းလို့ ပိတောက်ပင်ကြီးဟာ နှစ်စဉ်အပွင့်တွေနဲ့ဝေလျက်၊ လှူချင်တဲ့သူတွေကလည်း ကုသိုလ်ပွားလျက်၊ ရွာသူတွေလည်း ပိတောက်ပန်းတွေနဲ့လှလျက် ---၊ နှစ်တွေလည်းကြာခဲ့ပြီ ----

အခုတော့ ပိတောက်ပန်းကို ဘုရားလှူကုသိုလ်ယူသလို အကိုင်းချိုင်ခူးတဲ့၊ စီးပွားဖြစ်ရောင်းစားတဲ့ အတီးတို့လင်မယားအန္တရာယ်ကလည်း ကာကွယ်ခဲ့တဲ့အဖွားကလည်း ပိတောက်ပင်စိုက်ခဲ့တဲ့ ကွယ်လွန်သွားနှင့်လေသူ အဖိုးနောက်လိုက်သွားလေပြီ၊

ပိတောက်ပင်ကြီးကရော - ကျွန်တော်တို့မျိုးဆက်တွေကလည်း တာဝန်ကိုယ်စီနဲ့ ရွာကထွက်ခဲ့သလို ရွာမှာကျန်ခဲ့တဲ့ မျိုးဆက်တွေရဲ့ ပြုစုထိန်းသိမ်းမှုအားနည်းခဲ့လို့ ပိတောက်ပင်ကြီးလည်း အဖိုး၊ အဖွားတို့နောက်လိုက်သွားရှာပါပြီ၊ ကွယ်လွန်ခဲ့တဲ့ အဖိုးအဖွားအုတ်ဂူရှိပေမယ့် တစ်ချိန်ကပန်းပိတောက်တွေဝေခဲ့၊ ကြွေခဲ့တဲ့ကျွန်တော်တို့ခြံထောင့်နေရာမှာတော့ ပိတောက်သစ်ငုတ်တိုပင် မရှိတော့လေပြီ -

ဒါက -အဖိုးစိုက်ခဲ့တဲ့ အိမ်ဝင်းထဲက ပန်းပိတောက် (ပသျှူးပိတောက်)အပင်ရဲ့အကြောင်းပါ --

အဖိုးစိုက်ခဲ့တဲ့ ပန်းပိတောက် (ပသျှူးပိတောက်) *Pterocarpus indicus*)လို့ ကမ္ဘာပေါ်မှာ ပိတောက်မျိုးစုံပေါက်ရာ မြန်မာနိုင်ငံအတွင်းမှာ ကပ္ပလီပိတောက်(*Pterocarpus dalbergoides*)ပိတောက်နီ (နံ့သာနီ) (*Pterocarpus satalinus*)နဲ့ မြန်မာပိတောက် (သစ်ပိတောက်) (*Pterocarpus macrocarpus*)စတဲ့ ပိတောက်မျိုးတွေပေါက်ကြရာ- **မြန်မာပိတောက် (သစ်ပိတောက်)ဟာ မြန်မာမျိုးရင်းဇာတိဖြစ်ပါတယ်၊**

မြန်မာပိတောက်ဟာ အထက်ရွက်ပြတ်ရောနှောသောတောခြောက်၊ တောင်ထူထပ်ပြီး အမြင့်ပေ ၂၅၀၀ ထိ မြေမညီတဲ့နေရာတွေမှာ သဘာဝအလျောက်ပေါက်ကြတယ်၊ ရေမဝင်တဲ့ သဲနုန်းမြေပေါ်မှာလည်း ကောင်းမွန်သန်စွမ်းစွာပေါက်ပေမယ့် ဂဝံကျောက်ထူတဲ့နေရာတွေမှာ ပေါက်တဲ့အပင်က အောင်လုံသန်စွမ်းခြင်းမရှိဘဲ ကြုံလှီသေးကွေးလေးတွေပဲ ပေါက်တယ်ဆိုတာသိရတယ်။

သစ်တောဝန်ထမ်းဖြစ်တဲ့ ကျွန်တော်လည်း တာဝန်အရ မြန်မာပြည်တလွှား သွားလာ တာဝန်ထမ်းဆောင်နေပေမယ့် ကျွန်းနဲ့ပတ်သက်လို့ စိုက်ခဲ့၊ ထုတ်ခဲ့၊ ခွဲစိပ်၊ သယ်ယူတာတွေ ပါဝင်လုပ်ကိုင်ခဲ့ပြီး အညာဒေသရောက်ပြန်တော့လည်း ယူကလစ်၊ ရှား၊ ထနောင်းတွေနဲ့ပဲ ဆက်စပ်လုပ်ကိုင်ရတာရှိတယ်၊ မြန်မာပိတောက်ကိုတော့ ငယ်စဉ်ကိုယ်ရပ်ဌာနေမှာလည်း ပေါက်ရောက်မှုမရှိ၊ ပိတောက်သားကို လှည်းပန်းတောင်းနဲ့ လှေပေါင်လုပ်တာတွေကိုပဲသိရပြီး သစ်တော

တက္ကသိုလ်တက်စဉ် သစ်တောသုတေသနဌာနမှာ မြန်မာပိတောက်ပင် ငယ်ပင်ပျိုတွေကိုပဲတွေ့ရပြီး လုပ်ငန်းခွင်မှာလည်း မြန်မာပိတောက်ကို စိုက်ခဲ့၊ ထုတ်ခဲ့တာတွေ မရှိသလောက် ဖြစ်တော့ အပင်ကြီးဆိုမတွေ့မြင်ခဲ့ရပါဘူး။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၊ အိမ်နီးချင်းနိုင်ငံကြီးတစ်ခုရဲ့ နယ်စပ်နဲ့မနီးမဝေးမြို့မှာ တာဝန်ထမ်းဆောင်ဖို့ ပြောင်းရွှေ့ရောက်စမှာတော့ ဟော---တွေ့ရပြီ မြန်မာပိတောက်(သစ်ပိတောက်)တွေကိုလေ-တွေ့မည့်တွေ့တော့ အကောင်းမြင်ဣဋ္ဌာရုံအနေနဲ့မဟုတ်၊ မကောင်းမြင်အနိဋ္ဌာရုံအနေနဲ့တွေ့ရတဲ့ မြန်မာပိတောက်တွေရယ်ပါ၊ တောင်သူယာခုတ်ခါးမလုပ်ဘဝနဲ့ တစ်မူးရလို့ တစ်ပဲလျှုတဲ့ ရိုးသားတဲ့ တိုင်းရင်းသားတွေပဲပုပ်စိုက် ကိုယ်သုံးဖို့ လိုသလောက်သာ သစ်ဝါးခုတ်တာကလွဲလို့ လောဘနည်းတဲ့တိုင်းရင်းသားတွေနေတဲ့နေရာ၊ ရေမြေတောတောင်ကလည်း မြန်မာပိတောက်တွေ သဘာဝအလျောက်ပေါက်တဲ့နေရာ၊ အာဏာပိုင်တွေ၊ သစ်တောဝန်ထမ်းတွေ စတဲ့ တာဝန်ရှိသက်ဆိုင်သူတွေရဲ့ အလစ်အငိုက်တွေမှာ ကိုယ့်ဒေသသုံးဖို့မဟုတ်ဘဲ မြန်မာပိတောက်ရဲ့ ဂုဏ်သတ္တိကိုသိပြီး အဆင့်မြင့်စက်မှု နည်းပညာတွေနဲ့ အသုံးချတတ်တဲ့သူ၊ ကိုယ့်ဒေသထွက် မြန်မာပိတောက်ရဲ့ ဂုဏ်သတ္တိကို မသိဘဲ ငွေနောက်လိုက်လောဘကြီးသူ၊ မူးယစ်ဆေးသားကောင်ဘဝ ရောက်ရသူစတဲ့ မသမာသူတွေရဲ့ ခိုးခုတ်၊ ခုတ်လှဲထားခံတဲ့ သူခိုးဈေးနဲ့အရောင်းခံရမည့် မြန်မာပိတောက်သစ်လုံး၊ မားရှေ့တွေကိုလေ-

တရားမဝင်ခုတ်လှဲထားတာ၊ ခိုးခုတ်တဲ့ ခိုးသစ်တွေကိုတွေ့ပြီဆိုရင်ဖြင့် သစ်တောဝန်ထမ်းတွေပဲ ဖမ်းရတာပေါ့ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အစီအစဉ်နှင့်သာမက ဖမ်းဆီးရေးနဲ့ ဆက်စပ်တဲ့အဖွဲ့အစည်းတွေ ဦးစီးရုံးချုပ်အစီအစဉ်တွေနဲ့လည်းပူးပေါင်းပြီး ကျွန်တော်ဆို စတင်ရောက်ရှိသည်မှ ယနေ့ထိလည်း ဖမ်းဆီးနေရတုန်းပါ၊ သစ်ခိုးမှုတွေရှိနေသမျှ ဖမ်းဆီးရေးကတော့ လုပ်နေရဦးမှာပါ။

အရေးပါပြီး ဂုဏ်ဝင့်တဲ့ မြန်မာပိတောက်(သစ်ပိ တောက်)အကာသားကဖျော့သောဝါညိုရောင်၊ အနှစ်သား ကနီညိုရောင်မှ အနည်းငယ်မဲပြီး အလွန်မာပြီး သိပ်သည်းသည့်အသား၊ ခွေလိမ်နေတဲ့ပြောက်ကျားအရုပ်ပုံပါတဲ့အနှစ်သား၊ ကျုံ့ခြင်း၊ ကောက်ခြင်း၊ ကွေးခြင်း၊ ပုံပျက်ခြင်းနည်းပါးကာ အချောကိုင် ဆေးတင်ရလွယ်ပြီး ခိုင်မာတောင့်တင်းတဲ့အသားစတဲ့ ဂုဏ်သတ္တိကောင်းတွေရှိတဲ့ မြန်မာပိတောက်ကိုတရားမဝင်ခုတ်လှဲခံရပြီး သစ်လုံး၊ မားရှေ့တွေအဖြစ် ဖမ်းဆီးသစ်အဖြစ်နဲ့ ဖမ်းဆီးရတာတော့ စိတ်မကောင်းဖြစ်မိတယ်၊ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်၊ ဧပြီလမှစလို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းချိန် တရားဝင်သိက္ခာရှိရှိ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ထုတ်လုပ်တင်ပို့ပြီး ဂုဏ်ဝင့်ဂုဏ်တင့်ချင်တဲ့ မြန်မာသစ်ပိတောက်ဖြစ်တယ်၊ ဆရာဇော်ဂျီက အချိန်တိုလေးသာ ပွင့်ရ ဝေရ လှရတဲ့ ပိတောက်ပန်းကလေးတောင် သူပွင့်ရတဲ့ခဏတာမှာ လောကီသားပီပီ ကြွားချင်ရှာမှာမို့ မခူးစမ်းစေချင်တာကို ပိတောက်ပန်းကဗျာဖွဲ့ခဲ့တယ်၊ မြန်မာပိတောက်(သစ်ပိတောက်)ခမျာ ကြွားဝါဂုဏ်ဝင့်ရတဲ့ ဘဝမရောက်ရရင်လည်း ပိတောက်ဖမ်းဆီး သစ်တွေဆိုတဲ့ နာမည်ဆိုးနဲ့ကျော်ကြားချင်မှာ မဟုတ်တာက သေချာတယ်၊

ရှမ်းပြည်နယ်မြောက်ပိုင်း သစ်တောသဘာဝသယံဇာတပေါများတာကို အိမ်နီးချင်းနိုင်ငံတွေနဲ့ ချိတ်ဆက်နယ်စပ်ဖြတ်လမ်းများကတစ်ဆင့် မြန်မာပိတောက်သာမက ကျွန်း၊ တမလန်းစတဲ့ သူခိုးဈေးနဲ့ရောင်းရတာမှန်သမျှ တရားမဝင်မသမာတဲ့နည်းတွေနဲ့ ဘယ်သူသေသေ ငတေမာရင် ပြီးရော လောဘ ရှေ့ထားလုပ်နေကြရင်ဖြင့် ကျွန်တော်တို့ခြံထောင့်က အဖိုးစိုက်ခဲ့တဲ့ ပန်းပိတောက်ပင်ကို အဖွားက အတီးတို့လင်မယား ပန်းလိုချင်လို့ အကိုင်းချိုင်တဲ့အဖြစ်က ကာကွယ်ထိန်းသိမ်းနိုင်ပေမယ့် ကျွန်တော်တို့လက်ထက်မှာ ငုတ်တောင်မကျန်သလို မဖြစ်ရအောင် ရှေးဘိုးဘေးဘီဘင်တို့တွေထားခဲ့တဲ့ သဘာဝသစ်တောသယံဇာတတွေ ကျွန်တော်တို့ မျိုးဆက်တွေက ဆက်မထိန်းရင်ဖြင့် မြန်မာပိတောက် မျိုးသုဉ်းမှာကိုပင် စိုးရိမ်စိတ်ဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်နိုင်ရေး ဉာဏ်မီသလောက်နှင့် မြန်မာပိတောက်(သစ်ပိတောက်)များ အစဉ်အမြဲဝေစေရန် စိမ်းလန်းနိုင်စေရန်နှင့် သိက္ခာရှိရှိ တန်ဖိုးမြှင့်နိုင်စေရန် ဆန္ဒဖြင့် - - -





# အမြန်လမ်းပေါ်မှ တစ်ညတာ

ယောနကဖိုးကျော်

ရက်စွဲအားဖြင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ ဖြစ်သည်။ အချိန်မှာ ည ၉ နာရီခွဲကျော် နေပေပြီ။ ကျွန်တော် မောင်းနှင်လာသော ဆာ့ဖ်ကားလေးသည် တာဝန်ကျေပွန်စွာ အမြန်လမ်းမကြီး ပေါ်တွင် တစ်နာရီ ကီလို(၈၀) နှုန်းဖြင့် သွက်လက်ပေါ့ပါးစွာ အနှောင်အဖွဲ့မဲ့ ပြေးလွှားနေပေသည်။ ကျွန်တော်တို့ ကားဘေးမှနေ၍ ခရီးသည်တင်ကားကြီးများနှင့် ခေတ်ပေါ် ကားကြီး/ လတ်/ မျိုးစုံသည် ကျော်တက်သွားကြသည်မှာ မရေတွက်နိုင်အောင်ပင်။ ပုံမှန် မောင်းသော ကျွန်တော်တို့ကားမှာ လိုက်ထရပ်ကားမှလွဲ၍ ကျော်တက်နိုင်သည့် ကားမရှိ။ နေပြည်တော်- ရန်ကုန် ခရီးစဉ်မှာ မှန်မှန်မောင်းလျှင် (၅)နာရီဆိုလျှင် ရန်ကုန်မြို့တွင်းသို့ ပုံမှန်ရောက်သဖြင့် အလျင်လိုစရာမရှိ။ အမြန်လမ်းမကြီးသည် Two Way ဖြစ်ပြီး အကွေ့အကောက်၊ အနိမ့်အမြင့် နည်းပါးသဖြင့် ကားမောင်းရသည်မှာ စိတ်ချမ်းသာစရာဖြစ်သည်။ ဤလမ်းမကြီး ဖြစ်မြောက်ပြီးပြတ်အောင် ဆောင်ရွက်ခဲ့သူများကိုလည်း စိတ်ထဲမှ ကျေးဇူးတင်နေမိသေးသည်။ အမြန်လမ်းမကြီးပေါ်တွင် ကားအကျော်အပြန့် သတိထားပါကမည်သည့်အန္တရာယ်မရှိနိုင်။ သို့ရာတွင် အမြင်အမျိုးမျိုးဖြင့် ဝေဖန်မှုများကြောင့် သက်မဲ့လမ်းမကြီးမှာလည်း နာမည်ဆိုးများဖြင့် ကျော်ကြားနေရလေသည်။

ယခု ခရီးစဉ်မှာ ကျွန်တော့် ဆရာ ညွန့်မှူးသည် နိုင်ငံခြားသို့ ခရီးသွားလာရန်ရှိ၍ ဗီဇာကိစ္စဖြင့် သံရုံးတစ်ခုသို့ သွားရောက်ရမည့်ခရီးစဉ်အတွက် သွားလာနေကြခြင်း ဖြစ်ပါသည်။ သံရုံးကိစ္စနှင့်ပတ်သက်၍ အကူအညီပေးမည့် ရဲအုပ်တစ်ဦးလည်း ကျွန်တော်တို့နှင့်အတူ ပါလာသည်။ ကားတစ်စီးနှင့် လူသုံးယောက် ဖြစ်သည်။ ယနေ့သည် သောကြာနေ့ဖြစ်ပြီး ရုံးတွင် မပြီးပြတ်သည့် အလုပ်များ အချိန်ပိုဖြင့် လက်စသတ်နေရ၍ ည(၇) နာရီခွဲမှ ရုံးဆင်းကာ အိမ်ရောက်လျှင် ရေမိုးချိုး ညစာ စားပြီး နေပြည်တော်မှ ည (၈း ၃၀) နာရီမှပင် စတင်ထွက်ဖြစ်ပါသည်။ ယခုဆိုလျှင် (၁၇၃)မိုင်သာဂရလမ်းခွဲပင် ကျော်လာပြီဖြစ်သည်။ ကျွန်တော်မှာ မျက်လုံးအားနည်းသူပီပီ ကားကို ဖြည်းဖြည်း မှန်မှန် မောင်းတတ်သည့်အကျင့်က ပါနေပြီးဖြစ်သည်။ ဆရာ့ ဒရိုင်ဘာက သူ့မိသားစု ကျန်းမာရေးအတွက် ဆေးခန်းပြရန် စနေ၊ တနင်္ဂနွေ ပိတ်ရက်ခွင့်တောင်းထား၍ ယခု ခရီးစဉ်တွင် ကျွန်တော်မှ ဒရိုင်ဘာအဖြစ်လိုက်ပါလာခြင်း ဖြစ်သည်။

ကားပေါ်တွင် သုံးယောက်သား တိတ်ဆိတ်စွာ ကားကက်စက်မှ ဖွင့်ထားသော သီချင်းသံကို စီးမျောရင်း အတွေးကိုယ်စီဖြင့် ခရီးဆက်နေရာ ကားကလေးသည် ဆွာချောင်းတံတားကျော်ပြီး မိုင်တိုင်(၁၆၅)မိုင်ပင် ရောက်ရှိနေပေပြီ။ ကျွန်တော်မှ ကားကို အာရုံစိုက်မောင်းနှင်နေစဉ်မှာပင် ဆရာမှ -အုပ်ကြီး ကားကို ဖြည်းဖြည်းမောင်း- ဟု ပြောလိုက်ရာ ကျွန်တော်မှ စောဒကတက်၍ -ဘာဖြစ်လို့လဲ ဆရာ- ဟု ပြန်မေးရာ -မိုင်တိုင်(၁၆၄)နားမှာ သစ်ခိုးကား ထွက်ပေါက်ရှိတယ်- ဟု ပြောဆိုရာ ကျွန်တော်သည် အလိုလို သဘောပေါက်သွားပြီး ကားကို အရှိန်လျှော့၍ ဖြည်းဖြည်း သက်သာမောင်းနှင်လာစဉ် ကျွန်တော့်ဆရာ ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ဆွာချောင်း ရေလှောင်တမံဘက်မှ လာသည့် လမ်းပေါက်အတွင်းမှ ကား(၂)စီး ထွက်လာသည်ကို မီးရောင်များကို ကြည့်ကာ သိလိုက်ရပါသည်။ -ဖြည်းဖြည်း အုပ်ကြီး- ဟု ဆရာမှ သတိထပ်ပေး၍ ကားကို ပုံမှန်ထက်ပင် အရှိန်လျှော့မောင်းလာရာ မသင်္ကာစရာသစ်ခိုး ကား(၂) စီး သည် ကြိုတင်တွက်ဆထားသည့် လမ်းပေါက်မှပင် ရှေ့ဆင့် နောက်ဆင့် ထွက်လာကြသည်။ ကားအမျိုးအစားများမှာ တိုယိုတာ ဒော်ဆီးဒင့်ကား ပုံစံမျိုးများ ဖြစ်သည်။ အဲလ်ဖတ် ကားနီးနီး ကြီး၏။

-သေချာသွားပြီ သစ်ခိုးကားတွေဘဲ- ဟု ဆရာက မှတ်ချက်ပြု ပြောလိုက်ပြီး-အုပ်ကြီး နောက်ကိုသွား ကျွန်တော်မောင်းမယ်- ဟု ဆိုကာ စိတ်မြန်လက်မြန် ရှိလှသော ကျွန်တော့်ဆရာမှ ကားဒရိုင်ဘာနေရာသို့ ပြောင်းထိုင်ကာ ကားကို အရှိန်မြှင့်၍ စောစောက ထွက်ခွာသွားသော ကား (၂)စီး နောက်သို့ ထက်ကြပ်မကွာ လိုက်ပါတော့သည်။ သစ်ဝိတ်

တင်ထားသောကားကို လိုက်ရသည်မို့(၄)ဖာလုံခန့်မှာပင် လိုက်၍မီသွားပြီး ကားချင်းကပ်မိသည်နှင့် ကျွန်တော့်ဆရာမှ -ဟော့ကောင်တွေ ကားကို ချက်ခြင်းရပ်- ဟု အထပ်ထပ်ပြောသော်လည်း ကား(၃)စီး၏ အရှိန်မြင့် စက်သံများနှင့်မို့ တစ်ဖက်ကားမှ ပြောသည့်စကားကို မသဲကွဲ၍လားမသိ၊ သစ်ခိုးကားယာဉ်မောင်း ဇဝေဇဝါဖြင့် ငုံ့စောင်းကြည့်ပြီး စကားတစ်ခွန်းမှ မတုံ့ပြန်ဘဲ ကားကို ဆက်မောင်းနေလေသည်။ ကားပေါ်မှ ရဲအုပ်ကလည်း -ဟော့ကောင်တွေ ရပ်ရပ်- ဟု ဆက်တိုက်အော်ပြောနေလိုက်သေးသည်။ ပြည်သူ့ရဲ နှင့် သစ်တောတစ်သဘောတည်း ဆိုသည်ကို တွေးမိလိုက်သေးသည်။ မဟုတ်တာလုပ်နေသည်ကို လျစ်လျူမရှုဘဲ တာဝန်သိစွာ ဖြေရှင်းမည်ဆိုသည့် အတွေးကလည်း အားလုံး၏ စိတ်ထဲတွင် ဝင်သွားကြပါသည်။ နောက်တစ်ကြိမ် သစ်ခိုးကားနားသို့ ကပ်မိချိန်တွင် ကျွန်တော်တို့ကားက သူတို့နောက်သို့လိုက်နေသည်ကို သဘောပေါက်သွားပြီး ၎င်းတို့ကားအား အစွမ်းကုန် အရှိန်မြှင့်၍ မောင်းပြေးကြလေတော့သည်။ ၎င်းတို့ သစ်ခိုးကား(၂)စီးမှာ အနက်ရောင်တစ်စီး၊ မီးခိုးရောင်တစ်စီး ဖြစ်၏။ နံပါတ်တပ်ဆင်ထားသည့် ဘလက်ကားများ ဖြစ်နိုင်ကြောင်း ဆရာမှ ပြောလိုက်သေးသည်။ သစ်ခိုးကားများမှာ မော်ဒယ်မြင့်ကားတွေမို့ နှစ်(၂၀)ကျော် မြန်မာပြည်ထဲ စာရောက်နေနှင့်သည့် ကျွန်တော်တို့ ဆပ်ဖ်ကားမှာ မနည်းလိုက်နေရသည်။ ကျွန်တော့်ဆရာ မောင်းနေသော ကား၏အရှိန်မှာလည်း မနည်းမြင့်နေပြီ ဖြစ်သည်။ ဒိုင်ခွက်မှ ကီလိုမီတာ လှမ်းကြည့်လိုက်ရာ ကီလို (၁၂၀)ကျော်နေပေပြီ။ ရှေ့ကပြေး နောက်ကလိုက်နှင့် ခန့်မှန်း(၂)ဖာလုံ အကွာအဝေးဖြင့် လိုက်နေရသည့် အဖြစ်မျိုး ဖြစ်သည်။ ကျွန်တော့ဆရာသည် လိုက်နေရင်းမမီဘဲ လွတ်သွားမည်ကို စိုးရိမ်ဟန်ဖြင့် သူ၏ လက်ကိုင်ဖုန်းအား ထုတ်လိုက်ပြီး ပထမဦးဆုံး ဖြူးဦးစီးထံ သတင်းပို့လိုက်သည်။ မိမိတို့အဖွဲ့ သစ်ခိုးကား(၂)စီးနောက်ကို လိုက်နေကြောင်း ဖြူးတိုးဂိတ်တွင် သစ်တောအဖွဲ့နှင့် ရဲအဖွဲ့ရသမျှ အင်အားဖြင့် ပိတ်ဆို့စောင့်ဆိုင်းနေရန် အကြောင်းကြားပြီး ကားပုံသဏ္ဌာန်နှင့်ယာဉ်နံပါတ်ပါ ပြောထားလိုက်သည်။ ပြီးလျှင် မြန်နှုန်းမြင့်ကားမောင်းရင်းမှပင် တောင်ငူ၊ အုတ်တွင်း၊ ပဲခူး၊ ရန်ကုန် အဖွဲ့များအား ဆက်သွယ်၍ အမြန်လမ်းမကြီးပေါ် အင်အားပြည့် ပိတ်ဆို့ခြင်းအလုပ်ကို ဆောင်ရွက်ထားရန် အကြောင်းကြားလိုက်ပါသည်။ ဖြူးဦးစီး ချက်ချင်း အဆက်အသွယ်ရသည်။ အမြဲတမ်းအသင့်အနေအထား ဖြစ်နေဟန်တူပါသည်။ သူ့တွင် ဝန်ထမ်းအင်အား အဆင်သင့်ရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။ ကျွန်တော်တို့ကား ရောက်နေသည်မှာ မိုင်တိုင်(၁၅၅)မိုင်ဖြစ်၍ ဖြူးတိုးဂိတ်သို့ ရောက်ရန် မိနစ်(၃၀)ကျော်ခန့်လိုဦးမည်ဖြစ်၍ လျင်မြန်စွာ လှုပ်ရှားပါက နာရီဝက်အတွင်း အသင့်အနေအထားဖြစ်ရန် သေချာကြောင်း ဖြူးဦးစီးမှ သတင်းပြန်ပို့ပါသည်။

သစ်ခိုးကား(၂)စီးမှာ နောက်မှလိုက်နေမှန်းသိ၍ လွတ်အောင်မောင်းသည့်သဘောဖြင့် အစွမ်းကုန် သုတ်ခြေတင်နေ၏။ ညအမှောင်တွင်းမို့ ၎င်းတို့ကား(၂)စီး လွတ်မသွားစေရန် ကား(၂)စီး၏ နောက်မီးပုံးသဏ္ဌာန်ကို အလွတ်ကျက်မှတ်ထားရ၏။ ကျွန်တော်တို့ကားမှာလည်း ယခင်အကွာအဝေးအတိုင်း ထက်ကြပ်မကွာ လိုက်နေ၏။ ကီလိုထပ်မံကြည့်မိရာ (၁၃၀)ကျော်နေပေပြီ။ ကျွန်တော့်ဆရာမှာလည်း ကားအကျော်အတက်များကို သတိကြီးစွာ မောင်းနေရ၏။ ကျွန်တော်ကလည်း နောက်မှနေ၍ -ဆရာ သတိထား သတိထား- ဟု တတွတ်တွတ် သတိပေးနေရ၏။ ကားမောင်းရင်းမှပင် -ဘာမှ မဖြစ်ဘူး မစိုးရိမ်နဲ့ အုပ်ကြီး- ဟု ပြန်ပြော၏။ ဆရာသမား ကား မောင်းကျွမ်းကျင်မှုကိုလည်း စိတ်ထဲမှ ကြိတ်၍ ချီးကျူးနေမိ၏။ကားပေါ်တွင်ပါလာသည့် ရဲအုပ်ကလည်း -ညွန်မှူး သတိထားမောင်း- ဟု စိုးရိမ်စိတ်ဖြင့် အားပေးလျက်ရှိ၏။ ကားရှေ့ခန်းမှနေ၍ စပယ်ယာတစ်ဦးနှယ် စီကာပတ်ကုံး ကားကျော်၊ ကားတက်များကို သတိပေးပြောကြားနေ၏။ မိုင်တိုင်(၁၂၅)မိုင်ခန့် အရောက်တွင် ရှေ့ကား(၂)စီးသည် အရှိန်လျှော့လိုက်ပြီး နောက်မှလိုက်လာသည့် ကျွန်တော်တို့ကားမှာလည်း မနှေးမမြန်မောင်းကာ သူတို့ကား(၂)စီးကို ကျော်တက်လိုက်ပြီး ၎င်းတို့ကားနှင့် (၂)ဖာလုံခန့်အကွာတွင် ရပ်လိုက်သည်။ ၎င်းတို့ကား(၂)စီးမှာ ခဏအကြာတွင် ဆက်လက်မောင်းလာပြီး ကျွန်တော်တို့ ကားနားအရောက်တွင် အနှေးဆုံးပုံစံဖြင့် မောင်းနှင်ကာ ကျွန်တော်တို့ ကားနံပါတ်၊ ကားပုံစံ သေချာစွာ မှတ်သွားဟန်ရှိပြီး ရှေ့ဆက်မောင်းသွားတော့သည်။ ၎င်းတို့ကား(၂) စီးကို သေချာစွာကြည့်လိုက်ရာ ကား(၂)စီးပေါင်းတွင် လူအင်အား (၇)ဦးခန့် ပါနိုင်ကြောင်းသိလိုက်ရ၏။ ၎င်းတို့ကားနောက်မှပင် ဆက်လက်လိုက်ပါသွားရာ မိုင်တိုင်အမှတ်(၁၂၂) အနီးရှိ (၂)ဘက်လမ်းကူးပေါက်အနီးတွင် ရပ်တန့်သွားကြသည်။ ကားကို လိုက်မီသော်လည်း ချက်ချင်း ဝင်ရောက်ဖမ်းဆီးပါက အင်အားများသော ၎င်းတို့အဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံပြီး ပြဿနာပေါ်ပေါက်နိုင်၍ ဖမ်းဆီးခြင်းမပြုနိုင်သေးဘဲ ဖြူးသစ်တောအဖွဲ့မှလည်း တိုးဂိတ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သစ်တောဝန်ထမ်း(၄)ဦးနှင့် ရဲတပ်ဖွဲ့ဝင် (၃)ဦးရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။ ကွန်းချောင်းတံမံလမ်းကြောင်းပေါ်မှ သစ်တောအဖွဲ့လည်း မကြာခင် ရောက်တော့မည်ဖြစ်ကြောင်း ဖြူးဦးစီးမှ အကြောင်းပြန်ကြား လာပါသည်။ ကျွန်တော်တို့ကားမှာ ရပ်တန့်ထားသည့် သစ်ခိုးကား(၂)စီးကို ကျော်တက်ကာ (၁၁၉)မိုင်အထိ မောင်းလာခဲ့ပြီး အခြေအနေကို စောင့်ကြည့်အကဲခတ်နေရာ ကားတစ်စီး မှ မပေါ်လာတော့ပေ။ သူတို့ကို လိုက်လံဖမ်းဆီးမည့်ကားဖြစ်ကြောင်း သဘောပေါက်သွားကြဟန်တူသည်။ ဆရာ

မှပင် -သူတို့ကားတွေ လမ်းကူးပေါက်ကနေ နောက်ပြန်လှည့်သွားပြီထင်တယ်၊ ကျွန်တော်တို့ လိုက်မယ် -ဟု ပြောပြောဆိုဆို ကားကို (၁၁၉)မိုင် အနီးရှိ လမ်းကူးပေါက်မှ ချိုးကွေ့ကာ နေပြည်တော်ဘက်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။ -**အုပ်ကြီးတို့ လမ်းဘေးဝဲ/ယာ သတိထားကြည့်** - ဟု ဆရာမှ သတိပေးလိုက်ရာ ရဲအုပ်နှင့် ကျွန်တော်မှာ သေချာစွာကြည့်သွားရာ မိုင်တိုင်(၁၂၂)အကျော်တွင် သစ်ခိုးကား တစ်စီးအား လမ်း ညာဘက်ခြမ်း ချုံစပ်တွင် ကပ်ရပ်ထားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ကားမှာ ရပ်တန့်ခြင်း မပြုဘဲ ကွက်ကွက်ကွင်းကွင်းရရ ဆက်မောင်းသွားပြီး ၎င်းတို့ရပ်တန့်ထားသည့် နေရာကိုလည်း အသေအချာ မှတ်သားထားလိုက်၏။ မိုင်တိုင် အမှတ်(၁၂၂/၂)အနီးတွင် ဖြစ်၏။ ကျွန်တော်တို့အဖွဲ့မှာ လောဘကြီးစွာဖြင့် ရှေ့ကား မီလိုမီငြား အစွမ်းကုန် လိုက်ကြည့်သော်လည်း အရိပ်အယောင်မျှ မတွေ့ရတော့ပေ။ (၁၀) မိုင်ကျော်ခန့် ခရီးပေါက်သွားသောအခါ -ကျွန်တော်တို့ နောက်ပြန်လှည့်မယ်၊ ရှေ့ဆက်လိုက်လို့ မီမှာမဟုတ်ဘူး၊ အပိုင်တစ်စီးတော့ အရယူမယ် - ဟု ညွှန်မှူးမှ ပြောကာ လမ်းကျော်ပေါက်ကိုရှာ၍ ဖြူးဘက်သို့ မမောင်းလာမီ တောင်ငူနှင့် အုတ်တွင်းအဖွဲ့သို့ ဖုန်းဆက်သွယ်ကာ သစ်ခိုးကားတစ်စီး နောက်ပြန်လှည့်သွားကြောင်း မီးခိုးရောင်နှင့် ယာဉ်နံပါတ်ပါ ပြောပြလိုက်ပြီး (၂)ဖွဲ့ပူးပေါင်း၍ မလွတ်တမ်း ဖမ်းဆီးနိုင်ရေး ညွှန်ကြားလိုက်ပါသည်။ ကျွန်တော်တို့အဖွဲ့မှာမူ ဖြူးဘက်သို့ ပြန်လှည့်လာကြသည်။ (၁၂၂/၂)မိုင်အနီး ရပ်ထားသည့်ကားမှာ ယခုထိ နေရာမရွှေ့ရှိနေပေသည်။ ကျွန်တော်တို့အဖွဲ့ကားကို သူတို့မမှတ်မိစေရန် ခပ်သွက်သွက်မောင်းနှင်ပြီး (၁၁၉)မိုင်အနီးရှိ လမ်းကျော်ပေါက်နားတွင် ကားကို ရပ်တန့်ထားလိုက်ပါသည်။

ကားစက်ရပ်ပြီး ဆရာမှ ဖြူးဦးစီးနှင့်အဖွဲ့အား (၁၁၉)မိုင်သို့ လာရောက်ရန် အကြောင်းကြားလိုက်ရာ မကြာမီချိန်တွင် ဦးစီးခေါင်းဆောင်သော သစ်တောဝန်ထမ်း (၁၀) ဦးခန့်မှာ ဆိုင်ကယ်ကိုယ်စီဖြင့် ရောက်လာကြသည်။ လူစုံသောအခါ ကျွန်တော့်ဆရာ ညွှန်မှူးမှ - သစ်ခိုးကား တစ်စီး ရှေ့နားမှ ရှိတယ်၊ သတိနှင့် လှုပ်ရှားမယ် -အစချီ၍ ဆောင်ရွက်မည့်အစီအစဉ်အား အသေးစိတ် ရှင်းပြပြီး မူလ ရပ်တန့်ထားသည့်နေရာတွင် မတွေ့ရတော့ဘဲ ရှေ့(၂)ဖာလုံကျော်ခန့်ရွှေ့သွားပြီး အသေအချာရှာဖွေရာ မိုင်တိုင်အမှတ် (၁၂၂/၄)မိုင်အနီး သံဇကာများ နောက်ကွယ်၊ အမြန်လမ်းမပေါ်မှ မမြင်နိုင်သည့် လမ်းတောင်ဘက်ခြမ်း မြေနိမ့်ပိုင်းတွင် တွေ့ရှိရလေသည်။ ကားမှာ အနက်ရောင်ဖြစ်ပြီး ယာဉ်အမှတ်/၇၂၉၈ ကို တပ်ဆင်ထားသည်။ ကားအမျိုးအစားမှာ Toyota Lois ဖြစ်သည်။ ကားကို လှမ်းမြင်ရစဉ် ဆရာမှ - အရမ်းမဝင်နဲ့၊ သတိနဲ့ဝင်ကြ - ဟု သတိပေးလိုက်သည်။ ဖြူးသစ်တောအဖွဲ့မှ ခါးချိတ်ဓား ကိုယ်စီထုတ်ကာ အသင့်အနေအထားဖြင့် လူစုခွဲ၍ ကားကို ဝိုင်းလိုက်၏။ ကားတွင်လည်း လူတစ်ဦးတစ်ယောက်မှ မတွေ့ရတော့ပေ။ ကျွန်တော်တို့အနား တိုးကပ်ကြည့်ရာ ကားပေါ်မှ ကျွန်းစကွဲယား တစ်ဝက်ခန့်ချပြီးကြောင်း တွေ့ရှိရသည်။ ပစ္စည်းများ ချပြီး လစ်ပြေးရန် အစီအစဉ်ရှိပုံရသည်။ ကျွန်တော်တို့အဖွဲ့ ရုတ်တရက်ဝင်ရောက်လာစဉ် အလောတကြီး ထွက်ပြေးသွားကြဟန်တူသည်။ ၎င်းတို့စီးသည့် ခြေညှပ်ဖိနပ် (၂)ရံ ကားအနားတွင် ပုံ့ကြဲစွာ ကျန်နေရစ်ကြောင်း တွေ့ရှိရလေသည်။ ဝန်ထမ်းများအား ရန်ပြုတိုက်ခိုက်မှုများသည် အမြန်လမ်းမကြီးပေါ်ရှိ မြို့နယ်များတွင် မကြာခဏ ဖြစ်ပွားနေမှုများရှိ၍ မိမိ ဝန်ထမ်းများ အန္တရာယ်မဖြစ်ရေးကလည်း အရေးကြီးသဖြင့် ဆရာ ညွှန်မှူးမှ သတိပေးခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ယခုဖမ်းဆီးရမိကားအား ဝန်ထမ်းထဲမှ နားလည်သူတစ်ဦးက စစ်ဆေးပြီး ကျွန်တော်တို့ ကားနောက်မှ လိုက်စဉ်အရှိန်ပြင်းပြင်း၊ သစ်ဝိတ်နှင့်ပြေးရသည့်မို့ ကား ရေဆူကာ၊ ဆက်လက်မောင်းနှင်ရန် အခက်အခဲဖြစ်၍ လမ်းဘေးတွင် ထိုးရပ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုပြောဆို၏။ ကားအနီးပတ်ဝန်းကျင်အား ဝန်ထမ်းများလိုက်လံရှာဖွေသော်လည်းလူတစ်ဦး တစ်ယောက်မှမတွေ့ရတော့ပေ။

ကားတစ်စီး ရလိုက်သည်နှင့် ဇာတ်လမ်းက ပြီးဆုံးမသွားသေးဘဲ နောက်ကြောင်းပြန်လှည့်သွားသည့်ကား ဖမ်းဆီးရမိရေးအတွက် ကျွန်တော့်ဆရာမှပင် ဖုန်းဖြင့် အဆက်မပြတ် ဆက်သွယ်နေရာ သစ်ခိုးကားကို တွေ့ပြီဖြစ် ကြောင်း၊ အုတ်တွင်းအဖွဲ့မှ ထပ်ကြပ်မကွာ လိုက်ပါနေပြီး ဖမ်းဆီးရမိရေး ကြိုးစားဆောင်ရွက်နေကြောင်း စပီကာဖွင့်ထားသည့် ဆရာ့ဖုန်းမှ ကြားနေရ၏။ ၎င်းတို့အဖွဲ့မှ သစ်ခိုးကားမှာ သူတို့ ကားထက် မြန်ကြောင်း၊ မီကာနီးတိုင်း ခရီးသည်တင် ဘတ်စ်ကားကြီး များနှင့် အခြားကားငယ်များက ကြားဖြတ်ဝင်ဝင်နေ၍ မီရန် ခက်ခဲနေကြောင်း သတင်းဆက်တိုက်ပို့နေ၏။

ဆရာမှလည်း - မျက်ခြည်မပြတ်စေနဲ့၊ မီအောင်လိုက်၊ မလွတ်စေနဲ့ - ဟု အဆက်မပြတ် မှာကြားနေ၏။ တောင်ငူအဖွဲ့မှာလည်း အုတ်တွင်းအဖွဲ့နှင့် ချိတ်မိပြီး သစ်တင်ကားနောက်သို့(၂)ဖွဲ့လုံး လိုက်နေပြီဖြစ်ကြောင်း သတင်းပို့၏။ တောင်ငူအဖွဲ့၏ သတင်းပို့ချက်အရ သစ်ခိုးကားသည် သူတို့ ကားထက် မြန်ကြောင်း၊ ၎င်းတို့ကား လီဗာ အကုန်နင်းတာတောင် လိုက်မမီကြောင်း သတင်းပို့နေလေသည်။ ခဏအကြာတွင် သစ်ခိုးကားနှင့် လိုက်လံဖမ်းဆီးသည့် ကားများကြားတွင် Pajero တစ်စီးနှင့် Taxi တစ်စီးကြားမှ ဝင်ရောက်နှောင့်ယှက်နေ၍ ပြေးကားနှင့် လိုက်ကား နီးလိုက် ဝေးလိုက် လိုက်မမီအောင်ဖြစ်နေကြောင်း ဖုန်းဖြင့် အဆက်မပြတ် သတင်းပို့နေ၏။ ပြေးရင်း လိုက်ရင်းနှင့်ပင် မူလထွက်ရှိ လာရာ (၁၆၄)မိုင်အနီးရောက် ရှိနေပြီဖြစ်ကြောင်း သတင်းပို့၏။

ဆရာမှ -**ဆက်လိုက် မမီမချင်းလိုက်**-ဟု ထပ်ခါထပ်ခါ ညွှန်ကြားနေရင်း (၁၇၃)မိုင်ရှိ သာဂရလမ်းခွဲသို့ပင် နီးလာပြီဖြစ်ကြောင်း သတင်းပို့၏။ စိတ်မရှည်သောဆရာမှ ဖိုးကျားဝရှိ (၆)မိုင်ပျိုးဥယျာဉ်မှ ပျိုးဥယျာဉ်တာဝန်ခံ တောအုပ်ကို ဖုန်းဆက်သွယ်ရာ ချက်ချင်းရ၏။ -အမြန်လမ်းပေါ် ချက်ချင်းထွက်၊ သစ်ခိုးကား တစ်စီး တက်လာနေတယ် မလွတ်စေနဲ့ - ဟု အသေးစိတ်မှာကြား၏။ ဖုန်းသတင်း ပို့ချက်များအရ ရှေ့ကပြေးနောက်ကလိုက်နှင့် သစ်ခိုးကား (၁)စီး၊ ကြားခံကား(၂)စီး၊ ဖမ်းဆီးကား(၂)စီးဖြင့် အမြန်လမ်းမကြီးပေါ်တွင် အလုအယက် ကားပြိုင်ပွဲ ကျင်းပနေပုံများကို စိတ်ကူးနှင့် ကြည့်ကာ စိတ်လှုပ်ရှားစရာ မြင်ကွင်းတစ်ခုကို မြင်ယောင်နေမိသေး၏။ ပြေးကား၊ ကြားခံကား၊ လိုက်ကား၊ ခရီးသည်တင်ကားကြီး၊ ကားငယ်များနှင့် ရှုပ်ထွေးနိုင်၍ မိမိအဖွဲ့များ ဘာမှမဖြစ်ပါစေနဲ့ဟု အတ္တဆန်စွာ ဆုတောင်းနေမိသေး၏။ မကြာမီ သစ်တင်ကားသည် သာဂရလမ်းပေါက်မှ ချိုးကွေ့ကာ ရန်ကုန်ဘက်သို့ မောင်းနှင်နေကြောင်း သတင်းပို့၏။ ဆရာမှ -မျက်ခြည်မပြတ်စေနဲ့- ဟု အထပ်ထပ်အခါခါ သတိပေးရင်း သစ်ခိုးကားမှာ မျက်ခြည်ပြတ်ကာ မည်သည့် လမ်းပေါက်သို့ ချိုးဝင်သွားသည်ကို မသိလိုက်တော့ဘဲ အစအန ပျောက်ကာ လက်လျှော့လိုက်ရသည့် အနေအထားသို့ ရောက်ရှိသွားတော့ကြောင်း ကြားသိရလေသည်။

ဆရာသမားကမူ မျက်စိအောက်မှ ပျောက်သွားသောကားကို -မတွေ့တွေ့အောင်ရှာ၊ ညမတွေ့ရင် မနက်ထိရှာ - ဟု အသံမာမာဖြင့် တောင်ငူ၊ အုတ်တွင်းအဖွဲ့များသို့ ဖုန်းဖြင့် ညွှန်ကြားနေလေ၏။

နံနက်(၂)နာရီခန့်တွင် ဖမ်းဆီးရမိကားမှ ကျွန်းစကွဲယားအတိုင်း စာရင်း ထွက်လာသည်။ (၁)တန်ကျော်ရုံဘဲကျော်သည်။ သစ်ခိုးကားပိုင်ရှင်များက ၎င်းတို့ကားကို မောင်းမရအောင် သော့ကို ဖျက်ထားခဲ့သည်။ ဝါယာကြိုးများကိုပါ တတ်နိုင်သမျှ ဖြတ်တောက်ထားခဲ့သေးသည်။ ကား အကြောင်း နားလည်သူမှ ကြိုးစားပြီး စက်နှိုးကြည့်သော်လည်း မရ၊ ဖြူးဦးစီးက မိုးလင်းမှ တတ်ကျွမ်းသည့် ဝပ်ရှော့ဆရာခေါ်၍ ကားနှင့်သစ်များကို သိမ်းဆည်းမည်ဖြစ်ကြောင်း တင်ပြပြောဆိုပြီး ကားကို မိုးလင်းထိ စောင့်ရှောက်ရန် ဝန်ထမ်းများကို တာဝန်ပေးနေ၏။ ပြီးလျှင် ညွှန်မှူးထံလာကာ - ဆရာတို့ ခရီးဆက်သွားစရာရှိတာ စိတ်ချသွားပါ - ဟု ပြောလာ၏။ ကျွန်တော့ဆရာမှ - **အုပ်ကြီး ဘယ်နှစ်နာရီ ထိုးပြီလဲ** - ဟု လှမ်းမေးလိုက်ရာ ကျွန်တော်မှ -**သုံးနာရီ ထိုးတော့မယ် ဆရာ** - ဟု ပြောလိုက်၏။ -**ဒါဖြင့် ကျွန်တော်တို့ ခရီးဆက်မယ်** -ဟု ပြောနေစဉ် အုတ်တွင်းဦးစီးနှင့် ဝန်ထမ်းများလည်း ရောက်ရှိလာကြ၏။ အင်အား(၂)ဖွဲ့ ပေါင်းမိသွား၍ ကျွန်တော့်ဆရာ စိတ်ချသွားဟန်ဖြင့် ဖြူး၊ အုတ်တွင်းဦးစီးနှင့်အဖွဲ့အား မှာကြားစရာများ အပြီးသတ်မှာကြားပြီး -**ကျွန်တော်တို့ သွားပြီ** -ဟု နှုတ်ဆက်ထွက်ခွာလာခဲ့ပြီး လမ်းကျော်ပေါက်မှ တစ်ဆင့် ဖြူးဘက်သို့မောင်းလာစဉ် (၁၂၂/၂)မိုင်ခန့်အရောက်တွင် ဗင်ကား နံပါတ်နီ Taxi (၁)စီးမှ ကျွန်တော်တို့ကားရှေ့မှ ကန့်လန့်အနေအထားဖြင့် လမ်းကို ပိတ်မောင်းနေသဖြင့် မသင်္ကာ၍ တောင်ငူလမ်းကြောတွင် နှောင့်ယှက်သည့် Taxi နံပါတ်အား ဖုန်းဖြင့် သေချာအောင် လှမ်းမေးရာ ကျွန်တော်တို့ရှေ့ရောက်နေသည့် ကားနံပါတ်နှင့် ကိုက်ညီနေသည်။ ကားနံပါတ်မှာ -/၅၈၅၀ဖြစ်သည်။ ဆရာမှလည်း - **တောင်ငူ လမ်းကြောမှ ပိတ်တဲ့ကားအစစ်ပဲ** - ဟု ပြောသည်။ ၎င်းတို့ကားနောက်သို့ ကျော်တက်လျှင် တစ်ခုခုဖြစ်မည်စိုး၍ သူတို့နောက်မှပင် စိတ်ရှည်စွာ မောင်းနှင်ခဲ့ရာ ၎င်းတို့ကားမှာ လမ်းမကြီးအတိုင်း မောင်းနှင်သွားပြီး ကျွန်တော်တို့ကားမှာ ဖြူးကားရပ်နားစခန်း (၁၁၅)မိုင်ရှိ လမ်းကွေ့ အောက်ဘက်သို့ ချိုးကွေ့လာ၏။ ၎င်းတို့ကားသည် အမြန်လမ်းပေါ်ရှိ ဖြူး Under Part ပေါ်တွင် ရပ်လိုက်သည်ကို တွေ့ရ၏။

ကျွန်တော့်ဆရာသည် - ဒီကောင်တွေကို သိပ်မကျေနပ်ဘူး -ဟု ပြောပြောဆိုဆို လမ်းမကြီးပေါ်သို့ နောက်ပြန်လှည့်မောင်းလာရာ ၎င်းတို့ကားအနီးအရောက်တွင် Taxi ပေါ်မှ လူမိုက်ရုပ် ပေါက်နေသော လူသုံးဦးမှ ၄က်ကြီးတောင် ကိုယ်စီကိုင်၍ ကျွန်တော်တို့အဖွဲ့ အလာကို ဓားဝှေ့ရမ်းကာ ကြိုဆိုနေကြသည်။ ဤမြင်ကွင်းကြောင့် - **ဆရာ ဆက်မောင်း ဆက်မောင်း** - ဟု ကျွန်တော်မှ ပြောရာ ကျွန်တော့်ဆရာမှ ကားကို မနှေးမမြန်ဖြင့် ဖြူးတိုးဂိတ်သို့ မောင်းနှင်လာခဲ့ပါသည်။ ၎င်းတို့အဖွဲ့ ဆက်လက် လိုက်ပါလာပါက လက်နက်ကိုင်ဆောင်မှုဖြင့် အရေးယူနိုင်ရန် တိုးဂိတ်ရှိ ရဲအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ စောင့်နေရာ ၎င်းတို့ကားမှာ ရှေ့မတိုးလာတော့ပေ။ နာရီဝက်ခန့် စောင့်ဆိုင်းပြီး ဆိုင်ကယ်သမားတစ်ဦးအား သွားကြည့်ခိုင်းရာ ၎င်းတို့ကားနောက်ကြောင်းပြန် မောင်းသွားကြောင်း သိလိုက်ရ၍ အချိန်မှာလည်း နံနက်(၃)နာရီခွဲကျော်နေပြီဖြစ်၍ ဆရာမှ -**အုပ်ကြီး မောင်း တော့ဗျာ ကျွန်တော်တို့ သွားကြမယ်**-ဟု ပြောသဖြင့် ရန်ကုန်ဘက်သို့ဆက်လက် မောင်းနှင်ထွက်ခွာလာခဲ့ကြတော့သည်။

ကားကို မှန်မှန်မောင်းနေရင်း ယနေ့ညဖြစ်စဉ်နှင့် ပတ်သက်၍ ကျွန်းသစ်ကို နည်းမျိုးစုံဖြင့် ခိုးယူနေကြသူများသည် အမြန်လမ်းမကြီးပေါ်တွင်လည်းကောင်း၊ အနယ်နယ်အရပ်ရပ်ရှိ သစ်ထွက်ရှိရာ နေရာအတော်များများတွင် လည်းကောင်း၊ စီမံချက်အမျိုးမျိုးဖြင့် ဖမ်းဆီးနှိမ်နင်းသည့်ကြားမှ သစ်ခိုးထုတ်မှုများက အမျှင်မပြတ်အောင် ရှိနေပေသည်။ တရားမဝင်သစ်ခိုးထုတ်၍ သွားရောက်ဖမ်းဆီးသည့် ဝန်ထမ်းများကိုလည်း ကြောက်ရမှန်း၊ လန့်ရမှန်းမသိ မိမိစီးပွားရေးတစ်ခုတည်း ကြည့်ပြီး၊ လောဘဇောတိုက်ကာ ဝန်ထမ်းများကို မကြာခဏ ရန်ပြုတိုက်ခိုက်ခြင်း၊ အသက်သေသည့်တိုင်

အောင် သတ်ဖြတ်ခြင်း၊ တုတ်/ဓား လက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ လေးခွဖြင့် ပစ်ခြင်းများကို လက်နက်မဲ့သစ်တောဝန်ထမ်းများ ခံခဲ့ရပေါင်းလည်း များခဲ့လေပြီ၊ တရားမဝင်သစ်ခိုးထုတ်၍ မြိုးမြိုးမြက်မြက်ရရှိသည့်အရသာကို ဘိန်းစွဲသလို စွဲနေကြသည်။ မည်သည့်လုပ်ငန်းနှင့်မျှမတူ အမြတ်ကြမ်း၍ တရားမဝင်မှန်းသိလည်း ဘဝနှင့်ရင်းကာ ခိုးနေကြသည်။ ဥပမာတစ်ခုအနေဖြင့် တင်ပြရလျှင် ကျွန်းတစ်တန်၏ တောတွင်းဈေးသည် ပဲခူးရိုးမတစ်ကြောတွင် အလွန်ဆုံး (၅)သိန်း (၆)သိန်းဈေးဘဲရှိသည်။ ရန်ကုန်ကားငှါးခ တစ်တန်(၂)သိန်းဆိုပါလျှင် စားတာ သောက်တာအပါအဝင် (၈)သိန်းဝန်းကျင်ခန့်သာ ကုန်ကျပေမည်။ ရန်ကုန်သို့ ချောချောမောမော ရောက်သွားပါက ကျွန်းတစ်တန်၏အနိမ့်ဆုံး ဈေးသည်(၁၂)သိန်းခန့်ရှိသည်။အနာလွတ် Export တန်းဝင်က (၁၈)သိန်းကျော်ထိ ရှိသည်။ ကားတစ်ခေါက်လျှင် (၄)သိန်း (၅)သိန်းကို တစ်ညတာနှင့် ရနိုင်သည်။ သို့ဖြစ်၍လည်း သူတို့လုပ်ငန်းအား မစွန့်လွှတ်နိုင်ခြင်းဖြစ်ပေလိမ့်မည်။ အခြားနယ်စပ်ဒေသများတွင် တမလန်းကို အသည်းအသန်ခိုးနေကြသည်များကလည်း ဒုနှင့်ဒေးပင်။ တမလန်း တစ်တန်ဈေးကလည်း မကြားဖူးတဲ့ဈေး သိန်းပေါင်းများစွာ။

ကျွန်တော်သည်လည်း တရားမဝင်သစ်များ အများဆုံး ခိုးထုတ်ရာ အမြန်လမ်းမကြီးပေါ်ရှိ မြို့နယ်တစ်ခုတွင် (၃)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့၍ ကျွန်တော်နှင့် ခိုးသားငါးရာဇာတ်လမ်းများတွင် သက်စွန့်ဆံဖျား အကြိမ်ကြိမ် ကပြခဲ့ဖူးပါသည်။

အတွေးစများဖြင့် ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာရာ အိပ်ငိုက်ချင်လျှင် လိုရမယ်ရဆောင်လာသည့် စနိုးတာဝါကလေး ထုတ်ထုတ်သုတ်ရင်းဖြင့် မိုင်တိုင်အမှတ် (၄၆) ရှိ ဝါးကတုတ်ပျိုးဥယျာဉ် နားနေစခန်းသို့ပင် နီးကပ်နေပြီဖြစ်ပါသည်။

**- အုပ်ကြီး ဝါးကတုတ်မှာ နားမယ်၊ ပဲခူး AD နှင့်အဖွဲ့စောင့်နေတယ်** - ဟု ဆရာမှ ပြောလိုက်ရာ ကျွန်တော်သည် ဝါးကတုတ်နားနေစခန်းသို့ပင် ကားကလေးအား ဖြည်းဖြည်းမှန်မှန် မောင်းဝင်လာခဲ့တော့သည်။ ဝါးကတုတ် နားနေဆောင်တွင် ပဲခူး ADနှင့် ဝန်ထမ်းများမှ ဝတ်စုံပြည့်ဖြင့် နွေးထွေးစွာ ဆီးကြိုနေကြ၏။ အချိန်ကား နံနက် (၄း၄၅) နာရီသို့ပင် ရောက်ရှိနေပေပြီ။

ဆရာမှ နားနေဆောင်အတွင်းရှိ ဆက်တီ တွင်ထိုင်ရင်း -ကားတစ်စီးဘဲ ရတယ်ဗျာ၊ တစ်စီးလွတ်သွားတယ် AD ကြီးတို့ အဖွဲ့လည်း အိပ်ရေးပျက်သွားပြီ - ဟု အစချီပြောပြီး ယနေ့ည သစ်ကားဖမ်းဆီးမှု အသေးစိတ်ကို စိတ်ရှည်စွာ ရှင်းပြနေလေသည်။

ဝါးကတုတ်တွင် နာရီဝက်ကျော်နားပြီး ဆရာ AD နှင့်အဖွဲ့အား နှုတ်ဆက်ကာ ကျွန်တော်တို့အဖွဲ့ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

အမိမြန်မာနိုင်ငံတော်ကြီးတွင် အဖိုးတန် ကျွန်းသစ်ပင်နှင့် သစ်မာမျိုးစုံပေါက်ရောက်ပြီး ကမ္ဘာ့အလယ်တွင် တန်ဖိုးကြီးမားလှသော သဘာဝတောကြီးများ ပိုင်ဆိုင်မှုဖြင့် ဂုဏ်ရှိန်တင့်တယ်သလို အဖိုးတန်သစ်များမှ နိုင်ငံတော်ဘဏ္ဍာအား နှစ်ပရိစ္ဆေဒကြာ ဖြည့်ဆည်းပေးနေခဲ့ပြီး ယနေ့အထိလည်း ဘက်ပေါင်းစုံမှ အကျိုးပြုလျက်ပင် ရှိနေပါသည်။ အဖိုးတန်သစ်တောကြီးများ ပျက်စီးဆုံးရှုံးမှု မရှိရလေအောင် ထိန်းသိမ်းကာကွယ်ရမည့်တာဝန်မှာ ကျွန်တော်တို့သစ်တောဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်ပါသည်။ သစ်တောဝန်ထမ်းများသာမက နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိပါသည်။ ဝန်ထမ်းနှင့်ပြည်သူ ညီတူလက်တွဲ၍ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ တားဆီးကာကွယ်သွားရန် လိုအပ်လျက် ရှိနေပါသေးသည်။ ပြည်တွင်း/ပြည်ပ တရားမဝင်သစ် ခိုးထုတ်သူများ အမျှင်မပြတ်အောင်ရှိနေ၍ အားလုံး သတိထားကြိုးစားကြရအုံးမည် ဖြစ်ပါသည်။

ဝါးကတုတ်ပျိုးဥယျာဉ်မှ ရန်ကုန်သို့ ဆက်လက်မောင်းနှင်လာရာ မိုင်တိုင်အမှတ်(၂၆/၄)မိုင် လကွန်းပြင်တံတားအကျော်တွင် မိုးစင်စင်လင်းသွားခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့နှင့် ထပ်တူထပ်မျှ အမြန်လမ်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများလည်း တရားမဝင်သစ်ဖမ်းဆီးရေးအတွက် တစ်ညတာကုန်ဆုံးခဲ့ကြပေလိမ့်မည်။ ယခင့်ယခင်ကလည်း ညပေါင်းများစွာ ကြုံခဲ့မည်ကို သစ်တောသမားတစ်ဦးအနေဖြင့် သိရှိနေပါသည်။

ကျွန်တော်တို့ ဆာ့ဖ်ကားလေးမှာ ဖြည်းဖြည်းမှန်မှန် ရန်ကုန်သို့ ဦးတည် ခရီးဆက်လျက်ပင် x x x x x x x xx x x x x x x xx






ဇာစ်မြစ် - အင်တာနက်

## ငါးဖမ်းခြင်းကြောင့် Great Barrier Reef ပေါ်တွင် သက်ရောက်မှုများ



သုတေသနအသစ်တစ်ခုအရ ငါးဖမ်းလုပ်ငန်းသည် Great Barrier Reef ၏ ငါးအရေအတွက်ပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်း ဧပြီလ(၂၁)ရက်နေ့ အင်တာနက်သတင်းအရသိရပါသည်။ ငါးဖမ်းခြင်းကြောင့် Coral trout နှင့် snapper ကဲ့သို့ အသားစားငါးများကို ဖယ်ရှားလိုက်ခြင်းကြောင့် သန္တာကျောက်တန်း၏ ငါးအရေအတွက်ပေါ်တွင် သိသာထင်ရှားသော ပြောင်းလဲမှုများဖြစ်စေကြောင်း ၎င်းတို့ကပြောကြားခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ညစ်ညမ်းမှုတို့ကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများသည် Great Barrier Reef ၌ဖြစ်သောပြောင်းလဲမှုများ၏ အကြောင်းရင်းများဖြစ်ကြောင်းသိထားသည်မှာ ကြာပြီဖြစ်သည်။

တည်ငြိမ်ပြီး ကျန်းမာသော သန္တာကျောက်တန်းတွင် အသားစားငါးမျိုးစုံ စုံလင်ပေါများပြီး အရွက်စားသော အစားခံငါးငယ်များနည်းပါးကြောင်း သုတေသီ April Boaden ကပြောကြားခဲ့ပါသည်။

အသားစားငါးများသည် သန္တာကျောက်တန်းပေါ်ရှိ တည်ငြိမ်မှုတသော ဂေဟစနစ်အတွက် အလွန်အရေးကြီးပါသည်။သို့သော် coral trout၊ snapper နှင့် emperor fish ကဲ့သို့ အသားစားသတ္တဝါများသည် အပန်းဖြေငါးဖမ်း သူများနှင့် စီးပွားဖြစ်ငါးဖမ်းသူတို့အတွက် အဓိကပစ်မှတ်အဖြစ်ရှိနေဆဲပင်ဖြစ်သည်။ လေ့လာမှုတွင် သုတေသီများသည် Great Barrier Reefတစ်လျှောက်ရှိနေရာအမျိုးမျိုးမှ ငါးများနှင့် ၎င်းတို့၏စားကျက်များအား ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ကြပါသည်။

သုတေသီများသည် (Green zone)များ၊ အပန်းဖြေငါးမျှားသည့်နေရာများ(Yellow zone)များနှင့် စီးပွားဖြစ်ရော၊ အပန်းဖြေခြင်းအတွက်ရော ငါးမျှားခွင့်ပြုထားသည့် နေရာများရှိ ငါးအစုအဖွဲ့များကို နှိုင်းယှဉ်လေ့လာခဲ့ကြပါသည်။ တွေ့ရှိချက်အရ သန္တာကျောက်တန်းများ ပေါ်ရှိ ငါးအစုအဖွဲ့များသည် ၎င်းတို့ကြုံတွေ့ခံစားရသည့် ငါးဖမ်းမှုပမာဏအလိုက် ကွဲပြားကြကြောင်းသိရသည်။

ငါးဖမ်းမှုအလွန်အကျွံများသောဒေသများတွင် အသားစားငါးအရေအတွက် ဆိုးရွားစွာလျော့နည်းသွားပြီး dam selfish ကဲ့သို့သေးငယ်သော အစားခံငါးများနှင့် parrotfish ကဲ့သို့အရွက်စားငါးများအတွက်မူ အစားခံရခြင်းမှ လွတ်သောအရေအတွက် တိုးတက်လာခဲ့ပါသည်။ ငါးဖမ်းခြင်းကြောင့် အသားစားငါးအရေအတွက် လျော့လာခြင်းသည် သန္တာကျောက်တန်း ဂေဟစနစ်၏ မျှခြေ နှင့်ဖွဲ့စည်းပုံကို ပြောင်းလဲပေးပါသည်။

မုန်တိုင်းများ၊ သန္တာကျောက်တန်း bleaching ၊ ရာသီဥတုပြောင်းလဲမှု၊ Crown of Thorns Starfish နှင့် မြစ်ရေတိုက်စားမှုစသည့် အဓိကအနှောင့်အယှက်များသည် Great Barrier Reef တွင်ဖြစ်သောပြောင်းလဲမှုများ၏ မူလအကြောင်းအရင်းများဖြစ်မည်ဟု ထင်ရပါသည်။ လေ့လာမှုတွေ့ရှိချက်များက လက်ရှိ marine ကွန်ရက်များကို အသုံးပြုရန်အားပေးထားပါသည်။

သုတေသနအချက်အလက်များက Great Barrier Reef ပေါ်ရှိ marine reserve များ၏လက်ရှိစနစ်သည် အသားစားငါးအရေအတွက်ကို ထိန်းသိမ်းရာတွင် ထိရောက်မှုရှိကြောင်း၊ ဤသို့ထိန်းသိမ်းရာတွင် သန္တာကျောက်တန်းများအား ထိခိုက်နေသောဖြစ်စဉ်များအား ပိုမိုလေ့လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Great Barrier Reef ကို ခြိမ်းခြောက်နေသည့် ရာသီဥတုပြောင်းလဲမှုနှင့် စီးဆင်းမှုကြောင့်ဖြစ်သော ညစ်ညမ်းမှုတို့ကဲ့သို့ ခြိမ်းခြောက်မှုများနှင့် နှိုင်းယှဉ်ပါက ငါးဖမ်းမှုကြောင့်ဖြစ်သော ထိခိုက်မှုများသည် ကျွန်ုပ်တို့အလွယ်တကူ စီမံခန့်ခွဲနိုင်သော ကိစ္စများဖြစ်ကြောင်း သုတေသီ Boaden ကပြောကြားခဲ့ပါသည်။

# မြင့်မားသောတောင်တန်းများတွင် မျှော်လင့်ထားသည်ထက်ပို၍ ပူနွေးမှု မြန်ဆန်နေခြင်း



ကမ္ဘာတစ်ဝန်းရှိအမြင့်ပေများသော ပတ်ဝန်းကျင်များသည် ယခင်ကထင်ထားသည်ထက်ပို၍ ပူနွေးနိုင်သည်ကို မန်ဆာချူးဆက်တက္ကသိုလ်၏လေ့လာမှုတွင် တွေ့ရှိခဲ့ကြောင်း ဧပြီလ(၂၃)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။ အဆိုပါတောင်ပေါ်ဒေသများတွင် အပူချိန်ပြောင်းလဲမှုများကို ပိုမိုစောင့်ကြည့်လေ့လာရန်လိုအပ်ပြီး ပူနွေးမှု၏ ဖြစ်နိုင်သောအကျိုးဆက်များကို ပိုမိုအာရုံစိုက်ရန်လိုအပ်ကြောင်း သိရပါသည်။

အမြင့်ပေကိုလိုက်၍ ပူနွေးမှုသည် လေ့လာမှုနည်းပါးသောဖြစ်စဉ်တစ်ခုဖြစ်ပြီး ၎င်းဖြစ်စဉ်ကို အာရုံစိုက်ခြင်းအားဖြင့် တောင်ပေါ်ဒေသများ၌ အရေးကြီးသောပြောင်းလဲမှုများနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာလေ့လာသူများက လုံလောက်သောစောင့်ကြည့်လေ့လာမှုပြုလုပ်နိုင်မည်ဖြစ်ပါသည်။

တောင်တန်းများသည် အနိမ့်ပိုင်းတွင် နေထိုင်သူများစွာအတွက် အဓိကရေအရင်းအမြစ်ကြီးဖြစ်သည့်အလျောက် တောင်ပေါ်ဒေသများတွင် ပူနွေးမှုမြင့်တက်လာခြင်းသည်လည်း လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအကျိုးဆက်ကိုကြီးမားစေပါသည်။ ထို့အပြင် တောင်တန်းများသည် ကမ္ဘာ့ရှားပါးမျိုးစိတ်များ၊ မျိုးသုဉ်းအန္တရာယ်ရှိသောမျိုးစိတ်များအတွက် နေရင်းဒေသများလည်းဖြစ်ပါသည်။ မတူညီသောဂေဟစနစ်များစွာ အနီးကပ်ဆုံးတည်ရှိခြင်းသည် တောင်တန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာအပြောင်းအလဲကို ခံစားနိုင်မှု တိုးမြင့်တင်ပေးနိုင်ပါသည်။

ပို့စ်မောက်တက္ကသိုလ်မှ သုတေသီခေါင်းဆောင် Nick Pepin ၏ ပြောကြားချက်အရ မြင့်မားသောတောင်ပေါ်ဒေသများသည် အနိမ့်ပိုင်းဒေသများထက်ပို၍ လျှင်မြန်စွာပူနွေးနေကြောင်း အထောက်အထားများစွာရှိလာပြီး ထိုကဲ့သို့ပူနွေးမှုသည် ရေခဲတောင်များအရည်ပျော်ခြင်း၊ သဘာဝပေါက်ပင်အမျိုးအစားပြောင်းလဲခြင်းစသည့် အခြား ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများစွာကို အရှိန်မြင့်တက်စေကြောင်း၊ သို့ရာတွင် ဤအချက်ကို အတည်ပြုနိုင်ရန်အတွက် သိပ္ပံပညာရှင်များအနေဖြင့် ပိုမိုကောင်းမွန်သော အချက်အလက်များ အရေးတကြီးရရှိဖို့ လိုအပ်နေကြောင်းသိရပါသည်။ ဤအချက်သည်မှန်ကန်၍ တောင်တန်းများသည် အခြားပတ်ဝန်းကျင်များထက်ပို၍လျင်မြန်စွာပူနွေးနေမည် ဆိုပါက လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များသည် ပိုမိုပြင်းထန်နိုင်ပြီး ရုတ်တရက် ပြောင်းလဲမှုများကို ယခင်က ထင်ထားသည်ထက်ပို၍ စောစီးစွာမြင်တွေ့ရမည်ဖြစ်ပါသည်။ ပို၍ပြည့်စုံကောင်းမွန်သော သတင်းအချက်အလက်မရှိပါက ရေရှားပါးခြင်း၊ alpine flora နှင့် flora များ မျိုးသုဉ်းခြင်းတို့အပါအဝင် ပြဿနာများစွာ၏ ပြင်းထန်မှုအခြေအနေကို လျှော့တွက်ထားခြင်း မျိုးကြုံတွေ့နိုင်ပါသည်။

ကမ္ဘာ့တောင်တန်းများတွင် ဖြစ်ပျက်နေသောအခြေအနေများကို သိရှိနိုင်ရန်အတွက် တောင်ပေါ်အမြင့်ဆုံးအပိုင်းအထိ သိပ္ပံနည်းကျလေ့လာမှုများ တိုးချဲ့နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ရန်လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကမ္ဘာ့နေရာတိုင်း၌ အချက်အလက်များရှာဖွေခြင်း၊ စုဆောင်းခြင်း၊ တန်ဖိုးဖြတ်ခြင်းများလုပ်ရန် ခိုင်မာသောအားထုတ်မှုများလည်း လိုအပ်လျက်ရှိပါသည်။

သုတေသီများ၏ တွေ့ရှိချက်အရ အမြင့်ပိုင်းဒေသများရှိ မိုးလေဝသပုံစံ မှတ်တမ်းများသည် အလွန်နည်းပါးကြောင်းသိရပါသည်။ အမြင့်ပေ ၁၄၇၀၀ ပေ(၄၅၀၀ မီတာ) အထက်တွင် မိုးလေဝသစခန်း မရှိသလောက် နည်းပါးပြီး ကမ္ဘာ့မည်သည့်နေရာ၌မဆို အမြင့် ၁၆၄၀၀ ပေ (၅၀၀၀ မီတာ)အထက်ဒေသများအတွက် မိုးလေဝသပုံစံများ စူးစမ်းလေ့လာရေးအတွက် long-term အချက်အလက် ယခုအချိန်အထိ မရှိသေးပေ။

ယခုလေ့လာမှုတွင် သုတေသီများသည် အမြင့်ပေအလိုက်ပူနွေးမှုဖြစ်စဉ်များဖြစ်သော ဆီးနှင်းနှင့် ရေခဲပြင်လျော့နည်းခြင်း၊ အမြင့်ပိုင်းတွင် latent heat ထုတ်လွှတ်မှုတိုးလာခြင်း၊ အမြင့်ပိုင်းနှင့် အနိမ့်ပိုင်းတို့ကြားမှ ပူနွေးမှု

ကွာခြားချက်ကို တိုးစေသော low-elevation aerosol pollutents များအပြင် မတူသောဒေသများတွင် မတူသော ရာသီများ၌ အမြင့်ပေအလိုက် ပူနွေးမှုကိုမြင့်တက်စေသည့် အခြားအချက်များကိုလည်း လေ့လာသုံးသပ်ခဲ့ကြပါသည်။

ယခုလေ့လာမှုတွင် သုတေသီများသည် တောင်ပေါ်ဒေသများ၏ အပူချိန်ပြောင်းလဲမှုလမ်းကြောင်းများနှင့် ဖြစ်စဉ်များဆိုင်ရာ အသိပညာတိုးမြှင့်ရေးအတွက် အနာဂတ်လိုအပ်ချက်များဖြစ်သော ဂြိုဟ်တုအခြေပြုအဝေးမှ စူးစမ်း လေ့လာခြင်းနှင့် model ပုံစံတူပြုလုပ်ခြင်းစသည့် တိုးတက်သော လေ့လာမှုများပြုလုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

တောင်ပေါ်ဒေသများတွင် ပူနွေးမှုနှုန်းကို ဆုံးဖြတ်ရခက်စေသော အချက်များစွာရှိကြောင်း သတိပြုမိပြီးနောက် သုတေသီများသည် တိဘက်ကုန်းပြင်မြင့်တွင် လွန်ခဲ့သောနှစ်(၅၀)အတွင်း အပူချိန်တဖြည်းဖြည်းချင်းမြင့်တက်ခဲ့ပြီး ပူနွေးမှုပြောင်းလဲနှုန်း အရှိန်မြင့်တက်လာခဲ့သည်ကို အထောက်အထားပြခဲ့ခြင်းဖြစ်ပါသည်။

## ပျားများသည် ပိုးသတ်ဆေးပါသော ဝတ်ရည်ကို စွဲလမ်းနေကြသလား



ပျားများသည် ပိုးသတ်ဆေးပါဝင်နေသော ဝတ်ရည်များ ကို နှစ်သက်ကြပြီး ပိုးသတ်ဆေးပမာဏ အများအပြားနှင့် ထိတွေ့ရန်အခွင့်အရေးကို တိုးလာစေကြောင်း ဧပြီလ (၂၃)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။

ယခင်လေ့လာမှုများအရ ယင်းသို့ထိတွေ့မှုမျိုးသည် ပျားများ၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်ကြောင်းသိရပါသည်။ ယခုသုတေသန၏ တွေ့ရှိချက်အရ အမြီးညိုသောပျားကြီးများနှင့် ရိုးရိုးပျားများသည် အသုံးအများဆုံး nenonico - tinoid ပိုးသတ်ဆေး(၃)မျိုးကို အရသာမခံနိုင်သဖြင့် မရှောင်ရှားကြကြောင်း သိရသည်။ အမှန်တကယ်တော့ ပျားများသည် ပိုးသတ်ဆေးပါဝင်သော အစားအစာကို ပိုမိုနှစ်သက်ကြောင်း ပြသနေကြပါသည်။ ရိုးရိုးသကြားရည်နှင့် nen - onicotinoid ပါဝင်သော သကြားရည်ကို ရွေးချယ်နိုင်ရန် စမ်းသပ်ကြည့်ရာ ပျားများသည် nenonicotinoid ပါသော အစာကို ရွေးချယ်ကြောင်း တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းလေ့လာမှုများတွင် ပျားကြီးများသည် ပိုးသတ်ဆေးပါသောအစာကို ရိုးရိုးပျားများထက် ပိုစားပြီး အဆိပ်ပမာဏပျားများကို ပိုထိတွေ့လေ့ရှိကြောင်း သိရပါသည်။

ပျားများနှင့်အခြားဝတ်မှုန်ကူးသည့် အင်းဆက်များသည် သီးနှံထွက်နှုန်းတိုးတက်ရေးအတွက် အရေး ကြီးပါသည်။ ၎င်းတို့၏တန်ဖိုးသည် တစ်ကမ္ဘာလုံးအတွက် တစ်နှစ်လျှင် အနည်းဆုံး ယူရို ၁၅၃ ဘီလီယံ တန်ဖိုးရှိသည်ဟု ခန့်မှန်းထားပါသည်။ ပျားများသည် ကောက်ပဲသီးနှံများအား ဝတ်မှုန်ကူးချိန်တွင် ပန်းပွင့် ဝတ်ရည်နှင့် ဝတ်မှုန်များထဲရှိ ပိုးသတ်ဆေးများကို ထိတွေ့ရနိုင်ပါသည်။ အငြင်းပွားဖွယ်လေ့လာမှုများစွာတွင် nenonicotinoid သည် ပျားများ၏ မကောင်းကျိုးသက်ရောက်နေကြောင်း ပြသထားကြပါသည်။ ထို့ကြောင့်လည်း ပြည်သူလူထုက ပျားများနှင့် အခြားဝတ်မှုန်ကူးမှုများအပေါ် nen-onicotinoid ၏ ထိခိုက်မှုအပေါ် အာရုံစိုက်လာခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် EU က ပန်းပွင့်သော သီးနှံများတွင် nenonicotinoid ပိုးသတ်ဆေးများအသုံးပြုခြင်းကို ယာယီတားမြစ်ချက်တစ်ခု ထုတ်ပြန်ခဲ့ပြီး သိပ္ပံနည်းကျနှင့် နည်းပညာဆိုင်ရာ အထောက်အထားများကို ရှာဖွေစုစည်းခဲ့ပါသည်။

ယခုလေ့လာမှု၏ခေါင်းဆောင် သိပ္ပံပညာရှင်နှင့် Graldine Wright ၏ပြောကြားချက်အရ ပျားများသည် ၎င်းတို့၏အစာတွင်ပါဝင်သော nenonicotinoid ပိုးသတ်ဆေးများ၏ အရသာကိုမသိသောကြောင့် အဆိုပါပိုးသတ်ဆေးများကို မရှောင်ကြကြောင်းသိရပါသည်။ ထို့ကြောင့် ပျားများသည် ပိုးသတ်ဆေးများ စုပုံနေသော ဝတ်ရည်များကို စားသုံးသောအခါ အဆိပ်သင့်အန္တရာယ်ဖြစ်လာကြပါသည်။

ပို၍ဆိုးရွားသည်မှာ nenonicotinoid ပိုးသတ်ဆေးများ သုံးနေသော စိုက်ပျိုးမြေများတွင် ပျားများအတွက် အခြားရွေးချယ်စရာ အစားအစာအရင်းအမြစ်များ ဖန်တီးထားပေးလျှင်ပင် ပျားများက nenonicotinoid စုပုံနေသောသီးနှံများ၌သာ အစာရှာဖွေလိုကြကြောင်း တွေ့ရှိချက်များက သက်သေပြထားပါသည်။ nenonicotinoid သည် သီးနှံများအနီးရှိ အပင်ရိုင်းများထဲတွင်လည်း ရှိနေနိုင်သောကြောင့် ၎င်းပိုးသတ်ဆေးများသည် ပျားများ၏ အစားအစာထဲတွင် ယခင်ကထင်ထားသည်ထက်ပို၍ ပါဝင်နိုင်ကြောင်း သိရပါသည်။

## နီပေါလျှင်ကြောင့်မြေပြိုမှု၊ ရွှံ့မြေပြိုမှုတို့ လပေါင်းများစွာအထိ သိသိသာသာဆက်လက်ဖြစ်ပေါ်ရန် အလားအလာရှိနေခြင်း




မီချီဂန်တက္ကသိုလ်မှ သုတေသီများ၏ တွေ့ရှိချက် အရနီပေါနိုင်ငံ၏ ကုန်းမြင့်ဒေသ အများစုတွင် မြေပြိုမှု၊ ရွှံ့မြေပြိုမှုအန္တရာယ် ဆက်လက်မြင့်တက်လျက်ရှိပြီး ၎င်းအန္တရာယ်သည် ယခုနွေရာသီတွင် မုတ်သုံမိုးများရွာလာချိန်တွင် ပို၍တိုးလာနိုင်ကြောင်း ဧပြီလ(၂၈)ရက်နေ့ အင်တာနက် သတင်းအရ သိရပါသည်။

မီချီဂန်တက္ကသိုလ်မှ ဘူမိရုပ်သွင်ပညာရှင် Martin Clark နှင့် လုပ်ဖော်ကိုင်ဖက်နှစ်ဦးတို့သည် ဧပြီလ (၂၅)ရက်နေ့က ပြင်းအားပမာဏ (၇.၈) ဖြင့် လှုပ်ခတ်ခဲ့သော နီပေါလျှင်အပြီးတွင် နီပေါ၌ မြေပြိုကျမှုအန္တရာယ်များကို ဆန်းစစ် လေ့လာခဲ့ကြပါသည်။ ၎င်းတို့သည် လျှင်လှုပ်စဉ် အတောအတွင်း မြေပြိုကျမှုဖြစ်ပွားခဲ့နိုင်သည့် နေရာများနှင့် လာမည့်သီတင်းပတ်များ၊ လများတွင် မြေပြိုအန္တရာယ်မြင့်မားနိုင်သော နေရာများကို ရှာဖွေခဲ့ကြပါသည်။ ဤလေ့လာမှုတွင် မြေပြိုအန္တရာယ်မြင့်မားသောနေရာများ ထောင်နှင့်ချီရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ ၎င်းနေရာအများစုသည် လျှင်လှုပ်ခတ်ခြင်းနှင့်အတူ ပြိုကျခဲ့သည်ဟု မျှော်လင့်ထားကြပါသည်။ သို့ရာတွင် မပြိုကျသေးသော်လည်း အားနည်းနေသော ကုန်းလျှောများရှိနေဦးမည်ဟု မျှော်လင့်ရကြောင်းသိရပါသည်။ ထို့ကြောင့် နောက်ဆက်တွဲလျှင်များ အတောအတွင်း မြေပြိုအန္တရာယ် ဆက်လက်ရှိနေခဲ့ပြီး၊ ဤနွေရာသီတွင် မုတ်သုံမိုးရွာချိန်တွင် မြေပြိုမှုဆက်လက်ဖြစ်ပေါ်နေမည်ဟု သိရ ပါသည်။ မီချီဂန်တက္ကသိုလ်၏ လေ့လာမှုမှတွေ့ရှိသော သတင်းအချက်အလက်များအား U.S Geological Survey, NASA, U.S အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအေဂျင်စီနှင့် အခြားသက်ဆိုင်ရာအေဂျင်စီများသို့ ပြန်လည်မျှဝေထားကြောင်း သိရပါသည်။

မြေပြိုကျမှုနှင့် ရွှံ့မြေပြိုမှုအန္တရာယ်အမြင့်ဆုံးဒေသမှာ ပြတ်ရွေ့ကြောင်း အထက်တည့်တည့်တွင် ရှိနေသည့် တိဘက်-နီပေါ နယ်စပ်တစ်လျှောက် တောင်တန်းဒေသဖြစ်ပါသည်။ ယင်းဒေသသည် ခတ္တမန္ဒူ၏ မြောက်ဘက်၊ ဧဝရက်တောင်၏အနောက်ဘက်တွင် ရှိပါသည်။ မြေပြိုအန္တရာယ် အမြင့်ဆုံးဇုန်မှာ မန်ချူးဆက်ပြည်နယ် အရွယ်၏ နှစ်ဆရှိသော ၁၇၅၅၀ စတုရန်းမိုင်ကျယ်သည့် ဒေသတစ်ခုတွင် ၈၂၀၀ ပေ အထက်နေရာများတွင် ဖြစ်ကြောင်းသိရပါသည်။ နီပေါလျှင် လှုပ်ခတ်ခဲ့ကတည်းက ထိုဒေသ၏ နေရာအတော်များများတွင် တိမ်ဖုံးလွှမ်းခဲ့သဖြင့် လေ့လာရာတွင် အခက်အခဲဖြစ်ခဲ့ပါသည်။ သို့သော် အခြားသော လူမှုကွန်ရက်သတင်းများနှင့် အစီရင်ခံစာများသည် ယခုလေ့လာမှုတွေ့ရှိချက်နှင့် ညီညွတ်မှုရှိပြီး အဆိုပါ နေရာများသည် အန္တရာယ်မြင့်မားနေကြောင်း ပြသနေပါသည်။

မြေပြိုအန္တရာယ်မြင့်မားသော ဇုန်တစ်လျှောက်တွင် ဝေးလံသောရွာများ ပြန့်ကျဲတည်ရှိနေပြီး ယင်းဇုန်ထဲတွင် ခတ္တမန္ဒူနှင့် တိဘက်ဒေသကို ဆက်သွယ်ထားသည့် အဓိက အဝေးပြေးလမ်းတစ်ခုလည်း ပါဝင်နေကြောင်း သိရပါသည်။ ထိုနေရာသည် တောင်တက်သမားများအတွက် လူသိများ ထင်ရှားသောနေရာလည်းဖြစ်ပါသည်။ယခုလေ့လာမှု၌ မြေပြိုအန္တရာယ်ဆန်းစစ်ချက်များသည် လျှင်လှုပ်ခတ်မှု၊ ကုန်းလျှောမတ်စောက်မှုနှင့် ကျောက်အမျိုးအစားအမျိုးမျိုး၏ strength တို့ပါဝင်သည့် ကွန်ပျူတာ ခွဲခြမ်းစိတ်ဖြာမှုအပေါ် အခြေခံထားကြောင်း သိရပါသည်။

သုတေသီ Clark ၏ ပြောကြားချက်အရ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တောင်တန်းဒေသတွင် လျှင်ပြင်းအား ၇.၉ဖြင့် လှုပ်ခတ်ခဲ့ပြီးနောက်တွင် မြေပြိုကျမှုပေါင်း၂သိန်းကျော်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုမြေပြိုကျမှုများကြောင့် လမ်းများပိတ်ဆို့ကာ ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေးခဲ့ရပါသည်။ ယင်းလျှင်၌ နောက်ဆုံး ရ သေဆုံးမှုစာရင်းမှာ ဦးရေ ၇၀၀၀၀ရှိခဲ့ပါသည်။တောင်တန်းဒေသများတွင် မြေပြိုမှုများသည် မြစ်ရေစီးဆင်းသည့်တောင်ကြားများကိုလည်း ပိတ်ဆို့ပြီး သိသာသော ရေလွှမ်းအန္တရာယ်ကိုဖြစ်ပေါ်စေနိုင်ပါသည်။ မြေပြိုမှုကြောင့် မြစ်ရေစီးကြောင်း ပိတ်ဆို့နေသည့် နေရာတွင် ရေလှောင် တမံကဲ့သို့ ပုံစံဖြစ်သွားပြီး ရေများ ပြည့်လျှံလာကာ ထိုရေလှောင်တမံပြိုကျသွားသောအချိန်တွင် ဘေးအန္တရာယ်ရှိသော ရေလျှံခြင်းဖြစ်ပွားစေပါသည်။

ထို့ကြောင့်မြစ်ကြီးများနှင့် နီးကပ်သောမြေပြိုအန္တရာယ် အမြင့်ဆုံးနေရာများအား အဓိကဦးစားပေးကာ ၎င်းနေရာများ၏ ဂြိုဟ်တုပုံရိပ်များအား အရင်ဆုံးကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သိရပါသည်။

# REDD-Plus INTORMATION -20-

## Fuel Efficient Stoves and Biomass Gasifiers in the Context of REDD+

BY

U Sein Thet

Project Coordinator, ITTO REDD – Plus Project

1. Energy comes from many sources. Some of the sources are fossil fuels (also called hydrocarbons), like coal, oil, and natural gas. These sources must be extracted from the earth before they can be used. There are also renewable sources of energy, such as water, the wind, wood and other plants (also known as *biofuels)*, and the sun. Renewable energy resources are those energy sources that are naturally restored over a short period of time.

2. The diverse energy resources of Myanmar consist of crude oil, natural gas, hydropower, coal, and renewable energy sources (such as biomass, geothermal, biofuel, wind, and solar energy). Biomass accounts for 66.9% of the estimated annual energy consumption of Myanmar, crude oil and petroleum products (chiefly diesel and gasoline) account for 14.9%, hydropower 6.1%, natural gas 11.1%, and coal and lignite 1%. Energy use in Myanmar traditionally depends upon energy sources such as fuelwood, charcoal, and biomass. Agricultural by-products, such as pigeon pea stocks, sugarcane burgesses, rice straws, rice husks, sesame stalks, and palm leaves, offer limited sources of energy. However, the use of energy sources, such fuelwood and charcoal, aggravates forest degradation, and consequently threatens the environment.

3. Wood is important to food security in many ways. In developing countries of Asia and the Pacific, at least 75 percent of the population has to depend on fuel-wood for cooking. Shortages of fuel-wood may mean that food is inadequately cooked, or is only cooked once a day. The excessive time and effort spent by women to gather and transport fuel-wood for cooking family meals leaves them very little time to engage in other important home tasks, such as caring for the young children, cleaning house, etc. Food security implies both physical and economic access to food. Forests in Myanmar generate huge amounts of income and employment that place people in a better position to purchase rather than produce their own food. Income and employment would generate when people become involved in family or community oriented forestry activities such as harvesting, processing and marketing forest products.

4. To achieve the MDGs goals, Myanmar aims to integrate the principles of sustainable development into its policies and programs and reverse the loss of environmental resources. However, the accumulated use of solid fuels- including charcoal, fuel-wood, and their substitutes- is exerting increasing pressure on the country's natural resource base. Linkages among use of solid fuel (mainly cooking), indoor air pollution, deforestation, soil erosion and greenhouse gas emission are well known. With the majority of the population about 70% who live in rural areas are using solid fuel/wood (over 90%), the improved cook stove (ICS) are significant efforts to reduce wood fuel consumption and to promote environmental sustainability. Another system to reduce consumption of wood fuel is making briquettes and fuel sticks from agricultural crop waste and lumber waste.

5. Forest Department has been taking measuring to meet bio-energy of country within its capacity by establishing fuel-wood plantations and community forests. On the other hand, the Department has been encouraging the efficient use of energy by distributing efficient stoves and use of alternative energy sources such as agricultural wastes and briquettes as fuel-wood substitutes. There are some achievements of energy developments in forestry sector of Myanmar. The Forest Department has established a total of 967,477

ha of forest plantations until March 2012. Of which, about 215,088 ha (22.23% of total plantation area) are the village supply plantations which aim to fulfill the needs of fuel-wood in rural areas. The issuance of the "Community Forestry Instructions (CFI)" in 1995 is a significant break-through in the history of Myanmar forestry. The Instructions stress the importance of local community participation sharing their responsibility in sustainable forest management, and address the basic needs of the rural poor for firewood, small timbers and non-wood forest products (NWFPs) while paying equal attention to the environmental issues. According to the CFI, local communities are granted a 30-year land lease for the establishment of community forestry. The total establishment of community forests has reached about 44,283 ha at the end of March 2012. It is estimated that community forests would fulfill 25% of the fuel-wood demand at the end of 2030-2031. Community participation in forest conservation activities plays a crucial role in achieving the renewable energy targets of forestry sector set in NFMP. Therefore, Department will promote community- based forest management while gradually reducing village firewood plantations established by the department in order to provide more room for the local communities in forest management. Existing legal instruments will be reviewed through stakeholder consultative meetings, and revised accordingly. Moreover, extension and strengthening capacity on community forestry will be continued in cooperation with INGO, NGOs.

6. In Forestry sector of Myanmar, activities for promotion of renewable energy are being implemented in conjunction with climate change mitigation activities. Ministry of Environmental Conservation and Forestry welcome proposals for CDM projects related to dissemination of fuel-efficient stoves with a view to conserving renewable bio-energy resources in sustainable manner while providing incentives to rural communities using revenue to be obtained from CDM. In addition, Reducing Emissions from Deforestation and Forest Degradation – plus (REDD+) readiness activities are being initiated in forestry sector of Myanmar. REDD+ activities can achieve not only control of the deforestation and forest degradation and carbon enhancement of the forests but also improvement of the livelihood of the local people by means of carbon revenue and increased employment.

7. In the early seventies the Forest Department (FD) could successfully convince the higher authorities that "for every forty tons of timber extracted from the forest, one acre (0.405) hectare of plantation should be established so as to make up for the exploitation of the past and build up a wood capital for the future". A wood capital of 40 tons per acre (140m$^3$ ha was calculated from the merchantable volume of timber available at the rotation age of the average quality (Site Quality III) of teak plantation. That policy was applied in the third, fourth and fifth 4-year plans starting with 4,050 ha annually to reach a maximum annual target of about 36,420 ha. In establishing these plantations, FD categorized four types of forest plantations namely commercial, watershed, industrial and fuel wood plantations. The total areas of these plantations established up to date (2011) amounted to 967,477 ha. The constituents of forest plantations according to different types are: commercial plantations 56% watershed plantations 14% industrial plantations 8% and fuel wood plantations 22% respectively. Wood species planted for commercial plantations and industrial plantations are teak, Pyinkado *(Xylia dolarbriformis)*, Padauk (*Pterocarpus macrocarpus*), etc. Pyinkado, Padauk and some other species are planted for watershed plantations. Common species planted for fuelwood plantations are Eucalypt, Bawzagaing (*Leucaena leucocephala*) Mazali (*Cassia siamea*), Kakko (*Albizzia lebbak)*, Sit (*Albizzia procera)*, Sha (*Acacia catchu*), Aurisha (*Acacia auriculiformis*) and Senegal-sha (*Acacia senegal*).

8. It is common cultural practice that predominantly women and children are in charge of preparing family meals; this makes them also responsible for gathering or purchasing the fuel used. Gathering firewood requires an average of 4-6 hours per day for

households in remote locations, leaving less time in the day to do other activities. For children this means that school related activities are decreased. Due to the close relationship energy services have with other MDGs, it would be difficult to achieve the MDGs without addressing the issue of energy poverty. People who depend on biomass are exposed to the possible danger of physical harm (burns and fires) and health related issues as a result of indoor air pollution. This has resulted in high mortality, especially for women and children who lack adequate access to health care (UNDP/WHO, 2009). Also, the inefficient technology used for cooking means that more biomass is used than required, depleting the wood resources. The environmental and health consequences to immediate communities and wider society of the continued use of biomass indoors and in inefficient arrangement are grave.

9. Agenda 21 stresses developing new and renewable sources of energy and making energy distribution and use cheaper, more efficient, and less polluting. It also recognizes that energy distribution should be equitable and provide enough energy to meet people's needs. According to Agenda 21, governments should identify and develop clean, commercially viable energy sources and technologies; increase the supply of energy in order to power sustainable development; develop an appropriate framework for policy decisions about energy, the environment, and the economy (a framework that should include Environmental Impact Assessments); research and develop more energy-efficient technologies and renovate old power systems to make them more efficient; and improve energy efficiency through policies, technology, and public education – which should also promote new energy sources.

10. Biomass, or more particularly wood, can be converted to a high-energy combustible gas for use in internal combustion engines for mechanical or electrical applications. The process is generally known as gasification and the technology has been known for decades, but its application to power generation is of recent origin. A biomass gasifier consists of a reactor where, under controlled temperature and air supply, solid biomass is combusted to obtain a combustible gas (consisting of $H_2$ and $CH_4$). This gas passes through a cooling and cleaning system before it is fed into a compression ignition engine to run in dual fuel mode for generation of mechanical power or electricity (by coupling to a generator). An assessment of its potential concluded that India presents a unique opportunity for large-scale commercial exploitation of biomass gasification technology to meet a variety of energy needs, particularly in the agricultural and rural sectors.

11. A biomass gasifier is the broad term for a device that turns solid biomass into gas that can subsequently be burnt in a controlled manner. Unlike in the open fire, the gas-generation is controllably separate in space and time from the gas-combustion. While open fires and most conventional cook-stoves are regulated by the fuel supply, most gasifiers are controlled by the air supply. Gasifiers offer the potential to deliberately optimize the frame-conditions of each conversion step. By controlling the inputs heat and air, an exceptionally clean combustion of biomass can be achieved. The major challenge is to get the right amounts of air to the right places.

12. Biomass gasification means incomplete combustion of biomass resulting in production of combustible gases consisting of Carbon monoxide (CO), Hydrogen ($H_2$) and traces of Methane ($CH_4$). This mixture is called producer gas. Producer gas can be used to run internal combustion engines (both compression and spark ignition), can be used as a substitute for furnace oil in direct heat applications and can be used to produce, in an economically viable way, methanol – an extremely attractive chemical which is useful both as fuel for heat engines as well as chemical feedstock for industries. Since any biomass material can undergo gasification, this process is much more attractive than ethanol production or biogas where only selected biomass materials can produce the fuel. Consequently, more advanced technology in biomass and bio energy utilization is important to maximize their utilizations benefiting in not only energy stability but also environmental

## မြန်မာ့သစ်လုပ်ငန်းကဏ္ဍ

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၅ခု ဖေဖော်ဝါရီလနှင့် မတ်လ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ | | ၂၀၁၅ခုနှစ်၊ မတ်လ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | - | - | - | - | |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၇ | ၄၆၆၇ | ၇ | ၄၉၀၁ | (+) ၅.၀၁ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၇၄ | ၄၀၇၄ | ၈၃ | ၄၁၅၄ | (+) ၁.၉၆ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၃၆ | ၂၈၈၈ | ၉ | ၃၅၅၈ | (+) ၂၃.၂၀ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၃၆ | ၁၇၁၉ | ၃၂ | ၂၁၅၄ | (+) ၂၅.၃၁ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၈၅ | ၁၄၇၆ | ၈၈ | ၁၆၆၃ | (+) ၁၂.၆၇ |
| | စုစုပေါင်းရောင်းချတန် | ၂၃၈ | | ၂၁၉ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၀.၆၂၆ | | ၀.၆၂၈ | |

### ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ပျမ်းမျှတစ်တန်ဈေးနှုန်း | | | | | | | | | | | | | ၂၀၁၄-၂၀၁၅ တင်ဒါ (၁၁) ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၄-၂၀၁၅ တင်ဒါ (၁၂) ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | | |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | | | ၄၇၆၃ | | | - | - | - | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | | | ၄၆၃၂ | ၅၄၀၀ | ၄၆၄၇ | ၅၁၇၈ | ၇၂၄၃ | ၇၀၀၂ | - | - | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | | | ၄၇၃၅ | ၄၇၇၈ | ၄၅၄၂ | ၅၁၈၉ | ၆၈၈၆ | ၆၀၄၀ | - | - | ၇၅၅၆ | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၃၅၁၄ | ၃၈၂၀ | ၄၂၂၉ | ၄၂၄၃ | ၄၀၉၀ | ၄၅၁၅ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၁၂ | ၆၁၃၆ | ၆၇၂၁ | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၃၉၅ | ၃၀၁၅ | ၂၄၆၂ | ၂၄၆၆ | ၂၄၆၂ | ၃၀၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၆၅ | ၄၀၆၂ | ၄၄၆၇ | ၄၄၂၈ | ၄၆၃၁ | - | - |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၁၅၅၇ | ၂၃၄၃ | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၁၀၉ | ၃၂၀၆ | ၂၆၇၀ | ၂၆၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၀၈ | ၄၉၀၁ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၆၄ | ၁၃၈၁ | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၁၄ | ၂၈၅၉ | ၂၆၈၈ | ၂၄၃၁ | ၂၅၇၁ | ၂၈၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၁၃ | ၄၁၅၄ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | | | ၂၇၁၉ | ၃၅၅၈ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | | | ၂၄၄၅ | ၂၁၅၄ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | | | ၁၆၈၂ | ၁၆၆၃ |

မှတ်ချက်- ၂၀၁၄-၂၀၁၅ခုနှစ်၊ (၂၀၁၅ခု၊ မတ်လ)စုစုပေါင်းရောင်းချတန် - (၂၁၉ . ၄၀၀)တန်

၂၀၁၄-၂၀၁၅ခုနှစ်၊ (၂၀၁၅ခု၊ မတ်လ) စုစုပေါင်းဝင်ငွေ - (၀ . ၆၂၈)ကန်ဒေါ်လာသန်း

## မြန်မာ့သစ်လုပ်ငန်းကဏ္ဍ

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၅ခု ဖေဖေါ်ဝါရီလနှင့် မတ်လ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ခုနှစ်၊ ဖေဖေါ်ဝါရီလ | | ၂၀၁၅ခုနှစ်၊ မတ်လ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | - | - | - | - | |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၇ | ၄၆၆၇ | ၇ | ၄၉၀၁ | (+) ၅.၀၁ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၇၄ | ၄၀၇၄ | ၈၃ | ၄၁၅၄ | (+) ၁.၉၆ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၃၆ | ၂၈၈၈ | ၉ | ၃၅၅၈ | (+) ၂၃.၂၀ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၃၆ | ၁၇၁၉ | ၃၂ | ၂၇၅၄ | (+) ၂၅.၃၀ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၈၅ | ၁၄၇၆ | ၈၈ | ၁၆၆၃ | (+) ၁၂.၆၇ |
| | စုစုပေါင်းရောင်းချတန် | ၂၃၈ | | ၂၁၉ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၀.၆၂၆ | | ၀.၆၂၈ | |

### ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ပျမ်းမျှတစ်တန်ဈေးနှုန်း | | | | | | | | | | | | | ၂၀၁၄-၂၀၁၅ တင်ဒါ (၁၁)ပါ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၄-၂၀၁၅ တင်ဒါ (၁၂) ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | | |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | | | ၅၇၆၃ | | | - | - | - | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | | | ၆၉၃၂ | ၅၆၀၀ | ၆၉၄၇ | ၅၅၇၈ | ၇၂၆၃ | ၇၈၀၂ | - | - | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | | | ၅၇၃၅ | ၅၇၇၈ | ၅၄၆၂ | ၅၁၈၉ | ၆၈၈၆ | ၆၀၄၀ | - | - | ၇၅၅၆ | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၃၅၁၄ | ၃၈၂၈ | ၄၂၂၉ | ၄၂၆၃ | ၄၈၉၀ | ၄၅၅၅ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၁၂ | ၆၁၃၆ | ၆၇၂၀ | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၇၈၅ | ၃၀၁၅ | ၂၄၆၂ | ၂၄၆၆ | ၂၄၆၂ | ၃၀၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၈၅ | ၄၀၆၂ | ၄၄၈၇ | ၄၃၂၈ | ၄၈၉၁ | - | - |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၁၇၅၇ | ၂၃၄၃ | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၁၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၀၈ | ၄၉၀၁ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၉၄ | ၁၃၈၀ | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၁၄ | ၂၀၅၉ | ၂၆၀၀ | ၂၄၃၁ | ၂၄၇၁ | ၂၉၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၁၃ | ၄၁၅၄ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | | | ၂၇၁၉ | ၃၅၅၈ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | | | ၂၇၄၅ | ၂၇၅၄ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | | | ၁၆၈၂ | ၁၆၆၃ |

မှတ်ချက်- ၂၀၁၄-၂၀၁၅ခုနှစ်၊ (၂၀၁၅ခု၊ မတ်လ)စုစုပေါင်းရောင်းချတန် - (၂၁၉ . ၄၀၀)တန်
၂၀၁၄-၂၀၁၅ခုနှစ်၊ (၂၀၁၅ခု၊ မတ်လ) စုစုပေါင်းဝင်ငွေ - (၀ . ၆၂၈)ကန်ဒေါ်လာသန်း

# အလှမွေးငါး အာရိုဝါးနား (သို့) ငါးနဂါး

အယ်လ်. ကေစီယွန် (တောအုပ်)
M.Sc (Zoology)
ဝန်းကျင်/သားငှက်ဌာန



*Myanmar arowana (Scleropages inscriptus)*



Asian arowana (*Scleropages formosus*)




## အာရိုဝါးနားငါး၏ ခန္ဓာကိုယ်ပြင်ပလက္ခဏာများ

1/ Barbel - နှုတ်ခမ်းမွေး
2/ Lower jaw - အောက်မေးရိုး
3/ Nostril - နှာပေါက်
4/ Maxilla - အပေါ်မေးရိုး
5/ Eye - မျက်လုံး
6/ Operculum gills - ပါးဟက်ဖုံး
7/ Pectoral fin - ဘေးရေယက်
8/ Rim - အကြေးခွံနှုတ်ခမ်း
9/ Pelvic fin - ဝမ်းဘက်ရေယက်
10/ 1st, 2st,3st,4st,5st,6st Level - အကြေးခွံအဆင့်များ
11/ Vent - စအို
12/ Anal fin - စအိုရေယက်
13/ Scale - အကြေးခွံ
14/ Hard fin ray - ရေယက်ဆူးတောင်မာ
15/ Fin ray - ရေယက်
16/ Caudal peduncle - အမြီးတန်
17/ Dorsal fin - ကျောရေယက်
18/ Caudal fin - အမြီးရေယက်
19/ Total length - ခန္ဓာကိုယ်အလျား


စာမျက်နှာ(၃၀)သို့ ➤